# အခန်း(၃၇၀) - ငါ ချက်ပြုတ်တဲ့နေရာ ဘာမှားသွားတာလဲ။

ဖန်ဝမ်သည် လေလံပွဲထဲ ခိုးဝင်ရမည့်တာဝန်ကို လက်ခံပြီးသည့် အချိန်ကတည်းက တစ်ချိန်လုံး ကြောက်ရွံ့နေခဲ့သည်။

အဖွဲ့ခွဲ (၇) တွင် သာမန် တော်ဝင်မိသားစုဟု ယူရသော ဖန်မိသားစုကို ခရမ်းရောင်ကျီးကန်းအဖွဲ့အစည်းက လေ့ကျင့် ပေးခဲ့သည်။ ခရမ်းရောင်ကျီးကန်း အဖွဲ့အစည်း၏ ထိပ်ပိုင်း

အရာရှိများမှ လွဲ၍ အပြင်လူများက ဒါကို မသိကြပေ။

ဖန်မိသားစု၏ အကြီးဆုံးသား ဖြစ်သလို သာမန်အဆင့် တော်ဝင်မိသားစုမှ ဆင်းသက်လာသောကြောင့် ဖန်ဝမ် လေလံပွဲသို့ တက်ရောက်ခြင်းမှာ အထူးအဆန်း မဟုတ်ပေ။

အမှန်တကယ်ဆို ဖန်မိသားစုဝင်များသည် ဒီလေလံပွဲကို နှစ်ပေါင်းများစွာ တက်ရောက်လာခဲ့ကြသော်လည်း အများအားဖြင့် နယ်မြေခံ အနေဖြင့်သာ တက်ရောက်လေ့ ရှိ၏။

ယခုမူ ဖန်ဝမ်သည် ခရမ်းရောင် ကျိုးကန်းအဖွဲ့အစည်း၏ အရေးကြီးဆုံး တာဝန် တစ်ခုအနေနှင့် လေလံပွဲတက်ရောက်ရန် တာဝန် ပေးအပ်ခြင်း ခံခဲ့ရသည်။

မနက်ရှစ်နာရီခွဲတွင် ဖန်ဝမ်သည် မှတ်ပုံတင် စစ်ဆေးမှုကို ဖြတ်ကျော်ခဲ့သော်လည်း ရင်တထိတ်ထိတ်ဖြစ်နေ၍ ရင်ထဲ၌ အပူလုံးကြီး စို့နေသည်။

သူသည် ပွဲတက်ဝတ်စုံ ဝတ်ထားပြီး စစ်ဆေးမှုကို အောင်အောင်မြင်မြင် ဖြတ်ကျော်၍ ခန်းမထဲသို့

ဝင်လာသောအခါ အနည်းငယ် စိတ်အေး စပြုလာသည်။

တာဝန်၏ ခက်ခဲမှုအဆင့်သည် သူထင်ထားသည်ထက် များစွာ ပိုမို၍ လွယ်ကူခဲ့သည်။ အထောက်အထား စိစစ်ရေးစနစ်သည် ရိုးရိုးရှင်းရှင်းသာ လေ့လာခဲ့ပြီး လျှို့ဝှက်ဆန်းကြယ်အဖွဲ့အစည်းသည် ဤနေရာ၌ မည်သူ့မျှ ပြဿနာ မရှာရဲဘူးဟု ယုံကြည် လက်ခံထားပုံပင်။

သူ့တာဝန်သည် ရိုးရှင်းပြီး လေလံပွဲတွင် လူတပိုင်းနတ်ဘုရားတပိုင်း ဦးနှောက်ကို ရောင်းချခြင်း ရှိ၊မရှိ အတည်ပြုရန်ပင်။

ဖန်ဝမ်သည် လွန်ခဲ့သောနှစ်ရက်က ခရမ်းရောင် ကျီးကန်းအဖွဲ့အစည်းမှ အမှုဆောင် အရာရှိ (၂) ယောက်နှင့် သူတစ်ယောက်တည်း စကား ပြောခဲ့ရပြီး ထိုအကြောင်းနှင့် ပက်သက်၍ ရှင်းရှင်းလင်းလင်း မှတ်မိနေသေးသည်။

"မင်းက ဒီတာဝန်ကို ထမ်းဆောင်နိုင်တဲ့ တစ်ဦးတည်းသော တော်ဝင်အဖွဲ့ဝင် တစ်ယောက်

ဖြစ်သလို တာဝန် ပြီးမြောက်အောင် စွမ်းဆောင်နိုင်တဲ့ တစ်ဦးတည်းသော အဖွဲ့ဝင်လည်း ဖြစ်နေတယ်။ လေလံပွဲမှာ လူတပိုင်း နတ်ဘုရားတပိုင်း ဦးနှောက်ကို ရောင်းချလား ဆိုတာ စုံစမ်းပေးရမယ်။ ရိုးရိုးသားသား ပြောရရင် ဒါက တော်ဝင်မိသားစုတွေ စုဝေးတဲ့ကိစ္စနဲ့ ဘာမှ မဆိုင်ဘူး။ သူတို့ရဲ့ ပစ္စည်းအားလုံးကို လုယက်ပြီး တော်ဝင်မိသားစုဝင်တွေကို သတ်ပစ်တာက ငါတို့ရဲ့ ဒုတိယပန်းတိုင်ပဲ။ လေလံပွဲမှာ ပစ္စည်းမပေါ်ရင် မလုပ်ဘူး။ တကယ်လို့ လေလံပွဲမှာ အဲ့ဒီပစ္စည်း မပေါ်လာရင် တာဝန်ကို ဆက်မလုပ်ဘူး။ ယုံကြည်

စိတ်ချရတဲ့ သတင်း အရင်းအမြစ်တစ်ခုက သတင်းရခဲ့တယ် ဆိုပေမယ့် သတင်းပေးသူရဲ့ စကားကိုပဲ ယုံကြည်အားကိုးပြီးတော့ လုပ်ဆောင်လို့ မရဘူး။ အဲ့ဒါကြောင့် ထပ်ပြီး အတည်ပြုဖို့လိုတယ်”

ဖန်ဝမ်သည် ခရမ်းရောင်ကျီးကန်း အဖွဲ့အစည်း၏ အမှုဆောင် အရာရှိများက သူ့ကိုပြောလာသောအခါ ဤကိစ္စတွင် နောက်ပြန်လှည့်ရန် လမ်းကြောင်း မရှိတော့ကြောင်း သိလိုက်ရသည်။

တာဝန်ကို လက်မခံပါက လျှို့ဝှက်ချက်ကို ထိန်းသိမ်းရန် နှစ်ယောက်လုံးက သူ့ကို သေချာပေါက်

သတ်ပစ်လိမ့်မည်။ ထို့ကြောင့် တွေဝေခြင်းမရှိဘဲ ပညာရှိဆန်စွာ တာဝန်ကို လက်ခံခဲ့သည်။

ဖန်ဝမ်သည် လေလံပွဲ စတင်၍ မကြာခင် မမျှော်လင့်ထားသော အံ့အားသင့်စရာကို တွေ့ရှိခဲ့သည်။ ဒုတိယမြောက် လေလံတင်သည့် ပစ္စည်းက အမှုဆောင် အရာရှိနှစ်ယောက် ရှာဖွေနေသောပစ္စည်းပင်

အမှုဆောင်အရာရှိများထံ သက်သေ အထောက်အထား ဓာတ်ပုံများပေးပို့ရန် ဓါတ်ပုံ ခိုးရိုက်ဖို့ ကြိုးစားနေစဉ် သူ့ပတ်ဝန်းကျင်ရှိ

လူများကလည်း ခေတ်ပုံ ရိုက်နေကြသည်ကို သတိထားလိုက်မိသည်။ အချို့ဆိုလျှင် ဗီဒီယိုများပင် ရိုက်ကူး နေကြပြီး ဝန်ထမ်းများကလည်း တားမြစ်ခြင်း မရှိပေ။

ထို့နောက် လေလံဆွဲသည့် လုပ်ငန်းစဉ် တစ်ခုလုံးကို မှတ်တမ်းတင်ပြီး အမှုဆောင် အရာရှိနှစ်ဦးက ဆက်သွယ်ရန် ပေးထားသော ဖုန်းနံပါတ်ကို မက်ဆေ့ချ် ပို့ပေးလိုက်၏။

အစက သူ့တာဝန်ကို သုံးရက်ခန့် ထမ်းဆောင်ရလိမ့်မည်ဟု ထင်ထားခဲ့သည်။

ပုံမှန်အားဖြင့်ဆိုလျှင် အကောင်းဆုံး ပစ္စည်းကို နောက်ဆုံးနေ့မှသာ ရောင်းချလေ့ ရှိသည်။

ယခုတော့ လေလံပွဲ စတင်ပြီး မိနစ်ပိုင်း အကြာတွင် တန်ဖိုးမဖြတ်နိုင်သော ရတနာပစ္စည်းကို ထုတ်ယူပြီး ဒုတိယမြောက်ပစ္စည်း အဖြစ် ရောင်းချလိမ့်မည်ဟု မည်သည့်အချိန်ကမှ မမျှော်လင့်ထားခဲ့ပေ။

ဖန်ဝမ်သည် အမှုဆောင်အရာရှိ နှစ်ဦးထံ အကြောင်းကြားပြီးနောက် သန့်စင်ခန်းသို့ ဦးတည်ပြီး ထွက်သွားလိုက်သည်။ မကြာခင် ခရမ်းရောင်

ကျီးကန်း အဖွဲ့ဝင်များက တိုက်ခိုက်တော့မည်ကို သူသိနေသောကြောင့် ခန်းမထဲက မလုံခြုံတော့ပေ။

လူအများသည် ဖန်ဝမ်၏ လုပ်ရပ်ကို သတိထားမိခြင်းမရှိဘဲ လေလံပွဲကို ပုံမှန်အတိုင်း ဆက်လက် ကျင်းပနေခဲ့သည်။

လေလံပွဲ အနီးအနားရှိ ဟိုတယ်တစ်ခု၏ အပေါ်ဆုံးထပ်....

အနက်ရောင် အင်္ကျီဝတ်ထားသော အမျိုးသား နှစ်ယောက်သည် လေလံပွဲ၏ဝင်ပေါက်ကို အဝေးမှ လှမ်းကြည့် နေကြသည်။ ရုတ်တရက်ဆိုသလို

ဘယ်ဘက်တွင် ရပ်နေသော ဆံပင်အတိုနှင့်လူ၏ အင်ပါယာ နှလုံးသား လက်စွပ်သည် တုန်ခါလာသည်။

ထိုလူက ဆက်သွယ်မှုမျက်နှာပြင်ကို ချက်ခြင်းနှိပ်လိုက်သည်။ ပေးပို့သူမှာ ဖန်ဝမ် ဖြစ်နေသည်ကို တွေ့လိုက်လျှင် အံ့အားသင့်သွားသည်။

ဖန်ဝမ်၏ မက်ဆေ့ချ်မှာ စာတစ်ကြောင်းတည်းသာ

(ဆရာ အခုပဲ လေလံပွဲမှာ လူတပိုင်း၊ နတ်ဘုရားတပိုင်း ဦးနှောက်ကို ရောင်းချနေပြီ)

ရန်ရန်က ဗီဒီယိုကို ချက်ချင်း ဖွင့်ကြည့်လိုက်ကာ ဘေးနားတွင် ရပ်နေသော လင်ချန်းလည်း လှမ်းကြည့်နေသည်။ ထို့နောက် ခန်းမထဲတွင် မှတ်တမ်းတင်ထားသော ဗီဒီယို ပွင့်လာပြီး လူတပိုင်း၊ နတ်ဘုရားတပိုင်း ဦးနှောက်ကို မြင်သောအခါ သူတို့၏ မျက်လုံး သူငယ်အိမ်များ ကျယ်လာ၍

"လူတပိုင်း နတ်ဘုရားတပိုင်း ဦးနှောက်ကို အခုချက်ချင်း ရောင်းနေတာလား"

လင်ချန်းက မေးလိုက်သည်။

ဗီဒီယို တစ်ခုလုံး ကြည့်ပြီးသွားသောအခါ ရန်ရန်က လင်ချန်းကို လှည့်မေးလိုက်ကာ

"အစစ် ဟုတ်ပါ့မလား"

"အစစ်လို့ ထင်တာပဲ။ ဆန်းကြယ် အဖွဲ့အစည်းကလူတွေက တော်တော်လေး ဘဝင်မြင့်တယ်။ အတုအပ ပစ္စည်းတွေကို ထုတ်ပြဖို့ စိတ်ကူးမရှိလောက်ဘူး"

လင်ချန်းက ခနဲ့တဲ့တဲ့ ပြုံးပြီး ပြောလိုက်သည်။

"ကောင်းတယ်။ ဒါဆိုရင် ဘယ်လို ပြင်ဆင်ကြမလဲ"

ရန်ရန်က မျက်ခုံးပင့်ကာ မေးလိုက်လျှင်

"ငါ့အတွက် ပြင်ဆင်ချိန် နည်းနည်း လိုသေးတယ်။ အခုချက်ချင်း ဖြစ်လာလိမ့်မယ်လို့ ငါလည်း မထင်ထားမိဘူး။ သုံးရက်လောက် စောင့်ရအုံးမယ် ထင်နေတာ"

လင်ချန်းက မျက်မှန်ချွတ်ပြီး မှန် သုတ်လိုက်ကာ

ပစ္စည်း ပေါ်လာပြီဆိုတော့ မြန်မြန်လေး လှုပ်ရှားရအောင်။ ငါ့ခန္ဓာကိုယ်က တက်ကြွပြီး တုန်နေပြီ။ မင်းသာ အရမ်းနှေးရင် ငါ့စိတ်ကိုငါ ထိန်းနိုင်မယ်လို့ ကတိ မပေးနိုင်ဘူး”

“မင်း အရမ်း စိတ်လှုပ်ရှားနေရင်လည်း အိပ်ယာထဲမှာ မိန်းမတစ်ယောက်နဲ့ စိတ်ကျေနပ်အောင် လုပ်လိုက်ပေါ့”

လင်ချန်းက ရယ်မောပြီး စနောက်လိုက်သော်

“မိန်းမတွေကို စိတ်မဝင်စားဘူး”

ရန်ရန်သည် ထိုစကားကိုပြောပြီးမှ နားလည်မှု လွဲသွားနိုင်ကြောင်း သတိရလိုက်၍

"ယောကျ်ားလေးတွေကိုလဲ စိတ်မဝင်စားဘူး။ သတ်ဖြတ်ပြီး ထွက်လာတဲ့ သွေးတွေကပဲ ငါ့ကို စိတ်ဝင်စားစေတယ်"

"ဒါက မင်း မစားဖူးသေးလို့ပါ။ အရသာ သိသွားရင် မိန်းမတွေက ဘယ်လောင်တောင် အံ့အောစရာ ကောင်းလဲဆိုတာ မင်း သိသွားလိမ့်မယ်"

လင်ချန်းသည် ထိုကဲ့သို့ ပြောလိုက်သော်လည်း သူကမူ နှစ် (၂၀၀) ကျော်နေခဲ့သည့် လူပျိုဟိုင်းကြီး တစ်ယောက်ပင်

"အရင်က တစ်ခါမှမစားဖူးဘူးလို့ ဘယ်သူ ပြောလဲ။ ငါလည်း ယောကျ်ားတစ်ယောက်ပဲ။ အစိမ်းလိုက်ရော၊ အကြော်ရော၊ အကင်ရော အားလုံးစားဖူးတယ်။ ခြုံငုံပြီးပြောရရင် မိန်းမတွေက ယောကျ်ားတွေထက် အရသာ နည်းနည်း နည်းတယ်။ သူတို့မှာ စားစရာ အသား များများစားစား မရှိဘူး။ သူတို့တွေက ပိန်တယ်။

ပိန်းတဲ့ အသားတွေကို မကြိုက်ဘူး။ ဒါပေမယ့် အသားကင်လုပ်ရင် အဆီများတဲ့ နို့အုံတို့၊ တင်သားတို့က ပိုစားကောင်းပြီး တော်တော်လေး အရသာ ရှိတယ်”

“ဒီကောင် ရန်ရန် စမူဆာအကြောင်းနဲ့ ဖောင်းဒိုင်းအကြောင်း ဘာမှ မသိဘူးပဲ”

လင်ချန်းသည် ရန်ရန် အဓိပ္ပါယ်ကောက် လွဲသွားပြီ ဖြစ်ကြောင်း သိလိုက်သဖြင့် ကိုယ့်နဖူးကိုယ် ပြန် ပိတ်ရိုက်လိုက်ပြီး ထိုစကားအကြောင်း ဆက်ပြောရန် စိတ်မပါတော့ဘဲ

"ငါ ပြင်ဆင်မှု လုပ်လိုက်အုံးမယ်။ နောက်ပိုင်း မွန်းစတားတွေရဲ့ အော်ဟစ်သံ ကြားလိုက်ရင် ကလေးတွေနဲ့ အတူတူ လုပ်ဆောင်လိုက်။ ဖြစ်နိုင်ရင် နာရီဝက်အတွင်း ပြီးအောင် လုပ်လိုက်မယ်"

"အင်း..."

ထို့နောက် ရန်ရန်သည် အရသာရှိသော အသားများကို စားရန် စိတ်ထဲ ပြန်မြင်ယောင်လာသည်။ လင်ချန်း ပျောက်သွားသည်ကို မြင်လိုက်လျှင် မျက်မှောင်ကြုတ်ပြီး ဇဝေဇဝါ ရေရွတ်လိုက်ကာ

“မိန်းမတွေက တကယ်ပဲ အရသာ ရှိတာလား။ ငါချက်ပြုတ်တဲ့ နေရာမှာ ဘယ်နေရာ လွဲသွားတာလဲ”

.........

ဏ္ဍလန္တြာအပင် လေလံစွဲမှု ပြီးဆုံးသွားသည်နှင့် တပြိုင်နက် ခြောက်ခုမြောက် လေလံပစ္စည်းကို လေလံတင် ရောင်းချနေသည်။

ဗီအိုင်ပီ အခန်း (၃).....

လင်းဟွမ်သည် ဖင် ဂနာမငြိမ်တော့ပေ။

"ငါတို့ ငွေပေးချေပြီး ဣန္ဒြေအပင်ကို ရတာနဲ့ ထွက်သွားရအောင်"

"လေလံပွဲရဲ့ စည်းမျဉ်းအရ လေလံပစ္စည်းတွေကို လေလံပွဲပြီးမှ ငွေချေလို့ရမှာ"

လျှန်ယုရှင်းသည် စိတ်လောကြီးနေသော လင်းဟွမ်၏ အမူအရာကို မြင်လိုက်လျှင် သဘောကျစွာ တခစ်ခစ် ရယ်မောပြီး ပြောပြလိုက်ချိန်တွင်

"တကယ်လား၊ အဲ့ဒီလို စည်းကမ်း ရှိနေတာလား"

လင်းဟွမ် ဆွံ့အသွားသည်။

“ဘာလို့လဲဆိုတော့ လေလံပွဲမှာ ပရိတ်သတ်နည်းသွားလို့ မဖြစ်ဘူးလေ။ လူတွေက သူတို့လိုချင်တဲ့ပစ္စည်း လေလံအောင်တာနဲ့ ထွက်သွားရင် လေလံပွဲက အသက်ဝင်တော့မှာ မဟုတ်ဘူး။ နောက်ပြီးတော့ လမ်းလျှောက်ပြီး ထပြန်သွားတဲ့ လူတွေ ရှိနေရင် ကျန်တဲ့လူတွေကို စိတ်အနှောက်အယှက် ဖြစ်စေပြီး လေလံပွဲကို ထိခိုက်နိုင်တယ်”

ဒိုင်း…. . ဒိုင်း…… ဒိုင်း….

သူတို့နှစ်ယောက် စကား ပြောနေစဉ် ခပ်လှမ်းလှမ်းမှ ကျယ်လောင်သော ပေါက်ကွဲသံကြီးကို ကြားလိုက်ရသည်။

"ဟာ ဘာသံလဲ"

လင်းဟွမ်သည် အသံထွက်ပေါ်လာရာ အဝေးသို့ စိုက်ကြည့်လိုက်၍

"လေလံပွဲ တိုက်ခိုက် ခံရတဲ့ပုံပဲ"

လျှန်ယုရှင်းလည်း စိတ်ရှုပ်ထွေးနေသော ဟန်အမူအရာနှင့် ထိုနေရာကို လှမ်းကြည့်လိုက်သည်။

## အခန်း(၃၇၁) - မိစ္ဆာများ။

လေလံပွဲ ဝင်ပေါက်.....

လူသား ပုံသဏ္ဍာန်ရှိသော မွန်းစတား သုံးကောင်သည် ကောင်းကင်ပေါ်မှ ရုတ်တရုတ် ဆင်းသက်လာသည်။ ထိုအထဲမှ နှစ်ကောင်မှာ အမျိုးသားဖြစ်ပြီး တစ်ကောင်မှာ အမျိုးသမီး တယောက်ပင်

အမျိုးသမီးသည် အရပ်ရှည်ပြီး အနက်ရောင်ချပ်ဝတ်တန်ဆာကို ဝတ်ဆင်ထားကာ ဦးခေါင်းတွင် အနီရောင် ဦးချိုနှင့် နောက်ကျောဘက်တွင် အနက်ရောင်အမြီး ရှိနေသည့် အချက်မှလွဲ၍ လူသားနှင့် ကွာခြားခြင်း မရှိပေ။

အမျိုးသား တစ်ယောက်မှာ အာဏာရှင်ကဲ့သို့ ကြွက်သား တောင့်တင်းပြီး နောက်တစ်ယောက်မှာ အနည်းငယ် ပုသည်။ မည်သို့ပင် ဆိုစေကာမူ သူတို့၏အရပ်သည် နှစ်မီတာထက် မြင့်မားနေသေးသည်။

သူတို့နှစ်ယောက်ထဲမှ တစ်ကောင်သည် ဦးခေါင်းနောက်ဘက်တွင် အနက်ရောင် ဦးချိုး နှစ်ချောင်းရှိပြီး နီရဲသောမျက်လုံးတစ်စုံ ရှိသော်လည်း အမြီးမရှိပေ။

ကျန်သည့် မွန်းစတားတစ်ကောင်သည် နှစ်မီတာ မြင့်ပြီး သန်မာတောင့်တင်းသော မွန်းစတား တစ်ကောင်ပင်။ လက်တွင် အမာရွတ်ပုံစံ အရွတ်တစ်ခုရှိပြီး ၎င်း၏ ဦးနှောက်ကို အပြာရောင် အလွှာတစ်ခုဖြင့် ဖုံးလွှမ်းထား၏။

သူတို့သုံးယောက်သည် အသူရာချောက်နက်ထဲမှ မိစ္ဆာများ ဖြစ်သည်မှာ ထင်ရှား၍ သူတို့၏ တိုက်ပွဲအဆင်သည် နဂါးမျိုးစပ်နှင့် အဆင့်တူသည်။

မွန်းစတားသုံးကောင် ပေါ်လာသည်နှင့် ခန်းမ အပြင်ဘက်တွင် တာဝန်ကျနေသော အစောင့်များ အထိတ်တလန့် ဖြစ်သွားကြသည်။

သူတို့ထဲမှ နှစ်ယောက်သည် လေလံတာဝန်ခံကို လှမ်းအကြောင်းကြားရန် လုပ်လိုက်စဉ် အမျိုးသမီးမိစ္ဆာမ၏ မျက်လုံးသည် ရုတ်တရက် အမဲရောင် ပြောင်းသွားသည်။ ခန်းမအပြင်ဘက်တွင်

ရှိနေသော လုံခြုံရေး (၂၀) ကျော်ကို မည်သည့်နေရာမှ ထွက်ပေါ်လာမှန်း မသိ ထွက်ပေါ်လာသော အနက်ရောင် အခိုးအငွေ့များက ချက်ချင်း ဖုံးလွှမ်းသွားသည်။

ထိုအနက်ရောင် အခိုးအငွေ့များသည် လုံခြုံရေး အစောင့်များ၏ နှာခေါင်း၊ လည်ချောင်းများမှ တစ်ဆင့် ခန္ဓာကိုယ်ထဲသို့ စိမ့်ဝင်သွားပြီး ခဏကြာသောအခါ ထိုလူများ၏ မျက်နှာသည် မဲမှောင်လာကာ သုံးစက္ကန့်ခန့် ကြာသောအခါ ထိုလူများ လဲကျသွားသည်။

မြင့်မားသော အပူရှိန်နှင့် လောင်ကျွမ်းခံရသကဲ့သို့ အနက်ရောင် အမှုန်များအဖြစ် ပြောင်းလဲသွားသည်။

ထို့နောက် မွန်းစတား သုံးကောင်သည် အနက်ရောင် မြူခိုးများ ဖုံးလွှမ်းနေသော နေရာကို ဖြတ်လျှောက်ပြီး လေလံပွဲ ဝင်ပေါက်ထဲ ဝင်သွားကြသည်။ ခဏအကြာ တံခါးရှေ့တွင် ရပ်တန့်သွား၍ ထိုနေရာကို မမြင်နိုင်သော အကာအကွယ် ဒိုင်းဖြင့် ပိတ်ဆို့ထားသည်။

ထို့နောက် မွန်းစတားများထဲမှ နှစ်ကောင်သည် ဘေးတွင်ရပ်နေသော ဗလနှင့်တောင့်သည့် မိစ္ဆာကို လှမ်းကြည့်လိုက်၍

ဝေါင်း.......

ဗလတောင့်သော မိစ္ဆာသည် အော်ဟာစ်နေရင်း လက်မောင်းက အဆ အနည်းငယ် ကြီးထွားလာပြီး ခန်းမတံခါးကို ပြင်းထန်စွာ ရိုက်ချလိုက်သည်။

ဘုန်း......

ထို့နောက် ကျယ်လောင်သော အသံကြီးတစ်ခု ထွက်ပေါ် လာပြီးနောက် မထင်မှတ်စရာပင် အင်မော်တယ် အဆင့်မှ ဖန်တီးထားသော တံခါး ပေါ်၌ အက်ကွဲရာလေးတစ်ခု ပေါ်လာသည်။

သို့သော်လည်း ဗလတောင့်သော မိစ္ဆာသည် ထိုရလဒ်ကို မကျေနပ်သည်မှာ ထင်ရှားနေပြီး အကာအကွယ်ဒိုင်း မပျက်မစီးမချင်း အဆက်မပြတ် ဆက်တိုက် တိုက်ခိုက်လိုက်သည်။

ထိုမိစ္ဆာ၏ တိုက်ခိုက်မှုကြောင့် ဒိုင်းတစ်ခုလုံးနှင့် လေလံခန်းမ တစ်ခုလုံး တုန်ခါသွားသည်။

ထိုနေရာနှင့် မီတာရာနဲ့ချီ ဝေးသောနေရာ...

ရန်ရန်က

"သွားရအောင်"

ထိုကဲ့သို့ ပြော၍ သူကိုယ်တိုင်လည်း အဆောက်အဦးပေါ်မှ ခုန်ချသွားသည်။ အနီးအနားတွင် ပုန်းအောင်းနေသော ခရမ်းရောင် ကျီးကန်းအဖွဲ့ဝင် (၃၀) ကျော်လည်း သူနောက်မှ လိုက်ပါလာကြပြီးနောက် လေလံခန်းမ ဝင်ပေါက် အရှေ့သို့ ရောက်ရှိလာသည်။

လင်ချန်း၏ ခန္ဓာကိုယ်သည် ရန်ရန် ဘေးတွင် ဖြည်းဖြည်းချင်း ပေါ်လာကာ

"လူထွားကြီးရဲ့ တိုက်ခိုက်ရေး ခွန်အားက တော်တော်လေး အားကောင်းတာပဲ။ ငါကိုယ်တိုင် လုပ်မယ်ဆိုရင်တောင် အင်မော်တယ် အဆင့်က စည်းချထားတဲ့ ကာကွယ်ရေးဒိုင်းကို ဖျက်စီးဖို့ တော်တော်လေး အားစိုက်ရမှာ"

ရန်ရန်က အချိန် အနည်းငယ်အတွင်း လုပ်နိုင်သည်ကို မြင်လျှင် ချီးကျူးလိုက်သည်။ ကာကွယ်ရေးဒိုင်းသည် ပြိုကျ ပျက်ဆီးတော့မည်။

“တမန်တော်မိစ္ဆာက အဆင့်နိမ့် မွန်းစတား တစ်ကောင်ပဲ။ ပါမောက္ခကျင်းက မျိုးရိုးဗီဇ ပြုပြင်ပေးထားလို့ ဒီကောင်ရဲ့ တိုက်ခိုက်ရေးနဲ့ ခုခံရေးအစွမ်းက အရမ်း အားကောင်းလာတာ။ ရွှေမီးလျှံအဆင့် ဆိုပေမဲ့ အင်မော်တယ် အဆင့် (၂)နဲ့တန်းတူပဲ။ တိုက်ခိုက်ရေး အစွမ်းဆို အင်မော်တယ် အဆင့် (၃) နဲ့တောင် နီးနေပြီ။ ဒီကောင်ရဲ့ တိုက်ခိုက်ရေး စွမ်းအားနဲ့ ဒီလို ကာကွယ်ရေးဒိုင်းကို ဖျက်ဆီးရတာ အရမ်း လွယ်ပါတယ်”

"နောက်ထပ် မွန်းစတား နှစ်ကောင်ကရော"

ရန်ရန်က သူ့ဘေးတွင်ရပ်နေသော ဦးချိုနှင့် မွန်းစတားများကို ကြည့်ပြီး

"ဦးချို တစ်ချောင်းတည်းပါတဲ့ အမျိုးသမီးမိစ္ဆာက ရှားပါးတဲ့ စုန်းစွမ်းရည် ရှိတယ်။ ချိုနှစ်ချောင်း ရှိတဲ့ကောင်က ခန္ဓာကိုယ်ထဲမှာ တကယ်တော့ အဆင့်မိစ္ဆာရဲ့ သွေးမျိုးဆက် ပါနေပေမယ့် နှစ်ကောင်လုံးက အဆင့်နိမ့် မိစ္ဆာတွေပဲ။ ပါမောက္ခကျင်းက လိုအပ်တဲ့ ပြုပြင်မွမ်းမံမှုတွေ လုပ်ထားတာ။ ဒါကြောင့် သူတို့ရဲ့ တိုက်ခိုက်ရေး

အဆင့်က ရွှေအဆင့်ဆိုပေမဲ့ အလုံးစုံ စွမ်အားက တမန်တော် မိစ္ဆာထက်တောင် ပို အားကောင်းသေးတယ်”

“တော်တော်လေး အသုံးဝင်မဲ့ပုံပဲ။ ဘာဖြစ်လို့ ပို မခေါ်လာတာလဲ”

ရန်ရန်က သိချင်စိတ်နှင့် မေးလိုက်သော်

“ငါ့ရဲ့ စိတ်ဝိညာဉ်ခွန်အားက ဒီမွန်းစတား သုံးကောင်ကို ထိန်းချုပ်နိုင်တယ်ဆိုတာ မိုင်ကုန်ပဲ။။ ငါရဲ့ အင်မော်တယ် အဆင့် (၄) တိုက်ခိုက်ရေး အဆင့်နဲ့ ငါ့ရဲ့ ထူးခြားတဲ့ စိတ်ဝိညာဉ် စွမ်းရည်နဲ့

ဆိုရင် အင်မော်တယ် အဆင့် (၂) မွန်းစတား နှစ်ကောင်ကို ထိန်းချုပ်ဖို့က ကြီးမားတဲ့ ပြဿနာ မဟုတ်ဘူးလို့ ငါလည်းထင်ပေမယ့် ငါက အခုလက်ရှိ အင်မော်တယ် အဆင့် (၁) ဆိုတော့ ထိန်းချုပ်ဖို့ ခက်တယ်။ ဒါကြောင့် ရွှေမီးလျှံအဆင့် မွန်းစတား သုံးကောင် ပြောင်းပြီး ခေါ်ယူဖို့ ဆုံးဖြတ်ခဲ့တာပဲ။”

လင်ချန်းက ကူကယ်ရာမဲ့စွာ ရှင်းပြလိုက်လျှင်

“ဒါက ဘယ်လို ဖြစ်နိုင်မှာလဲ။ မင်းရဲ့ စိတ်ဝိညာဉ်ခွန်အားနဲ့တောင် ကန့်သတ်ချက်က ရွှေမီးလျှံအဆင့် မွန်းစတား သုံးကောင်ပဲလား”

ရန်ရန်သည် လင်ချန်းတွင် အလွန်ထက်မြက်သော ဝိညာဉ်စွမ်းရည် ရှိနေကြောင်း သိနေသဖြင့် မျက်လုံး ပြူးသွားသည်။ အမှန်တကယ်ဆိုတ သူ့ထက်ပင် အဆ အနည်းငယ် ပိုမြင့်မားသည်။

"ငါလည်း ဒီလို ဖြစ်မယ်လို့ တစ်ခါမှ မမျှော်လင့်ထားမိဘူး။ ပါမောက္ခကျင်း အရင်က လုပ်ခဲ့ဖူးတဲ့ တစ်ဝက်တစ်ပျက် မွန်းစတားတွေထက် အများကြီး ပို အားကောင်းတယ်လို့ပဲ ဝန်ခံရတော့မယ်"

လင်ချန်းက ကူကယ်ရာမဲ့စွာ ခေါင်းခါလိုက်သည်။

သူတို့နှစ်ယောက် စကားပြောနေသည့် အချိန်၌ သူတို့ရှေ့မှ တမန်တော်မိစ္ဆာသည် ကာကွယ်ရေး ဒိုင်းကို တိုက်ခိုက်နေခဲ့သည်။

ကာကွယ်ရေးဒိုင်း ပြိုကျခါနီး၌ ကျယ်လောင်သော ဟိန်းဟောက်သံကြီး တစ်ခု ပေါ်လာသဖြင့်

"ဘယ်ကောင် ပြဿနာ ရှာနေတာလဲ"

တစ်ချိန်တည်းမှာပင် အနက်ရောင် အင်္ကျီနှင့် ဦးထုပ်အနက် ဆောင်းထားသော

လူတစ်ယောက်သည် လေလံခန်းမပေါ် ကောင်းကင်ယံတွင် ရုတ်တရက် ထွက်ပေါ်လာသည်။

ထို လူလတ်ပိုင်း အမျိုးသားသည် ဖိန်ရှမ်ဖြစ်ပြီး အင်မော်တယ် အဆင့်လည်း ဖြစ်သလို လေလံခန်းမကို စောင့်ရှောက်ရန် တာဝန်ယူထားသော လူတစ်ယောက်လည်း ဖြစ်၍ အင်မော်တယ် အဆင့် (၅) ရှိသည်။

"ခရမ်းရောင်ကျီးကန်း အဖွဲ့အစည်းလား"

ဖိန်ရွှမ်သည် ဝတ်ထားသော အင်္ကျီကို လှမ်းကြည့်ပြီးနောက် သိလိုက်ကာ သူက အထင်းသေးစွာဖြင့်

"ခရမ်းရောင်ကျီးကန်း အဖွဲ့အစည်းက လူတွေက ဘယ်လိုလုပ်ပြီး ငါတို့ဆီ အမြတ်ထုတ်ရဲတာလဲ"

"လျှို့ဝှက်ဆန်းကြယ် အဖွဲ့အစည်းက လူတွေရော ဘယ်လောက် ကောင်းနေလို့လဲ။ အဖွဲ့ခွဲ (၂)က နောက်ခံအင်အားကို အားကိုးပြီး လူကုန်ကူးနေတဲ့ အဖွဲ့အစည်း မဟုတ်ဘူးလား။ မြေအောက်

စမ်းသပ်ခန်းထဲမှာ လူသားတွေကို စမ်းသပ်ပြီး လေလံတင်နေတာပဲလေ”

လင်ချန်းက ပြန်အော်လိုက်ကာ အသံချဲ့စက်ကို အသုံး မပြုခဲ့သော်လည်း သူ့အသံက ဟောတီမြို့ တဝက်ကျော်ကို ချက်ချင်း ပြန့်နှံ့သွား၏ ။

“အဓိပ္ပါယ်မရှိတဲ့ စကားတွေ ပြောနေတာပဲ”

ဖိန်ရွှမ်၏မျက်နှာသည် ချက်ချင်း မဲနက်သွားပြီး ငြင်းဆန်လိုက်သည်။ လင်ချန်းက ဤကဲ့သို့ ပြောလာလိမ့်မည်ဟု မည်သည့် အချိန်ကမျှ မထင်ခဲ့ပေ။

"အဓိပ္ပါယ်မရှိဘူး ဟုတ်လား။ မင်းတို့တွေ ကလေးတွေကို လူကုန် မကူးခဲ့ဘူးလား။ မင်းတို့တွေ မျိုးရိုးဗီဇ စမ်းသပ်ဖို့အတွက် အရွယ်ရောက်တဲ့ လူတွေကို အသုံးမချခဲ့ဘူးလား။ တော်ဝင်မိသားစုရဲ့ (၈၀) ရာခိုင်နှုန်း နီးပါးလည်း ဒါကိုသိတယ်။ ဘယ်သူမှ ထုတ်မပြောရတဲ့ အကြောင်းအရင်းက ကြောက်လို့ကွ။ အဖွဲ့ခွဲ (၂)ရဲ့ နောက်ချန် အင်အားတွေကို မစော်ကားချင်လို့ကွ။ ခရမ်းရောင် ကျီးကန်းအဖွဲ့အစည်းက ကောင်းတဲ့ အဖွဲ့အစည်း မဟုတ်တာ အမှန်ပဲ။ ဒါပေမယ့် အနည်းဆုံးတော့ မင်းတို့နဲ့ မတူဘူး ငါတို့က ကြောင်သူတော်

ကြွက်သူခိုး မဟုတ်ဘူးကွ။ မင်းတို့အဖွဲ့အစည်းကို အပြင်ပန်းကကြည့်ရင် ဟုတ်မလိုလိုနဲ့ အတွင်းမှာ ပုတ်ပြီး တကယ် ကြောက်စရာကောင်းတဲ့ အရာတွေကို လုပ်နေတာပဲ။ ငါတို့လို လူဆိုးတွေတောင် မင်းတို့ကို ရွံရှာတယ်”

လင်ချန်းက အမှန်တရားကို ဆက်လက် ထုတ်ဖော်ပြောဆိုပြီး အော်ဟစ်နေခဲ့သည်။

“အခြေအမြစ်မရှိတဲ့ ကောလဟာလတွေ ဖြန့်ဝေနေတာ ချက်ချင်း ရပ်စမ်း။ မင်းတို့ ကျီးကန်းအဖွဲ့အစည်းက လူတွေကို လှည့်စားပြီး

ငါတို့ကို ယုံထင်ကြောင်ထင် ဖြစ်သွားအောင်လုပ်ဖို့ လွှတ်လိုက်တာလား”

ဖိန်ရှမ်သည် အကျပ်အတည်းများစွာကို ကိုင်တွယ်ခဲ့သည့် အတွေ့အကြုံများသဖြင့် လျှင်မြန်စွာ ငြင်းချက်ထုတ်ကာ

“ဒါက ငါတို့ရဲ့ တရားဝင် လေလံပွဲတစ်ခုပဲ။ စည်းရုံးရေးမှူး မင်းပြောသလို ငါတို့တွေ တခါမှ မလုပ်ဖူးဘူး။ မင်းတို့လိုမျိုး မကောင်းတဲ့ အဖွဲ့အစည်းက ငါတို့ကို ဝေဖန်ပိုင်ခွင့် မရှိဘူး”

"ကျွတ် ကျွတ် ကျွတ် မင်းက အမဲကို အဖြူပါဆိုပြီး ပြောနေတာပဲ။ မင်းကို လေလံပွဲ စောင့်ခိုင်းတာ မှန်ကန်တဲ့ဆုံးဖြတ်ချက် ချခဲ့တာပဲ။ မင်းက တော်တော်လေး စကားပြော ကောင်းတဲ့ လူပဲ။ မင်းလိုလူအတွက် လျှို့ဝှက်ဆန်းကြယ် အဖွဲ့အစည်းမှာနေတာ အလကားပဲ။ ငါတို့နဲ့ လက်တွဲလိုက်ပါ။ မျက်နှာနှစ်ခုလည်း ဟန်ဆောင် နေစရာ မလိုတော့ဘူး။ မကောင်းမှုကို လုပ်ချင်လည်းရတယ်။ မလုပ်ချင်လည်း ရတယ်။ လူကောင်းတစ်ယောက်လို ဟန်ဆောင် နေစရာ မလိုတော့ဘူး။ နေ့စဉ်နေ့တိုင်း လူကောင်း

တစ်ယောက်လို ဟန်ဆောင်နေရတာ ဘယ်လောက်ပင်ပန်းစရာ ကောင်းသလဲဆိုတာ စဥ်းစားကြည့်ပါအုံးကွာ”

လင်ချန်းက စည်းရုံး ဖျောင်းဖျလိုက်သည်။

“ပေါက်ကရ စကားတွေပြောဖို့ အချိန်မရှိဘူး”

ဖိန်ရွှမ်သည် နောက်ဆုံး စကားပြောပြီးနောက် ရွှေရောင် တိုက်ပွဲဝင်ဓါးကို ဆွဲထုတ်ကာ ဟင်းလင်ပြင်ကို ဖြိုခွဲပြီး မိစ္ဆာသုံးယောက်ထံ ထိုးဆင်းသွားသည်။

ထိုစဉ် ရန်ရန်က ရုတ်တရက် ခုန်ပြီး ဖိန့်ရွှမ်ထံ တိုးဝင်သွားသည်။

“ဟဲဟဲ.....မင်းက ဓါးသမား တစ်ယောက်လား။ ငါလည်း ဓါးသမားပဲ”

ထို့နောက် ရန်ရန်လက်ထဲတွင် အနက်ရောင် ဓားကြီးတစ်ချောင်း ပေါ်လာပြီး ဓါးရှည်သည် အနက်ရောင် လတစ်စင်းအလား ပြိုင်ဘက်၏ ရှေ့ဓါးထံ ချက်ချင်း တိုးဝင်သွားသည်။

## အခန်း(၃၇၂) - လိုချင်လား..ရအောင် လာယူလေ။

ဘုန်း..

ကျယ်လောင်သော ပေါက်ကွဲသံကြီး ထွက်ပေါ်လာပြီး ဟောတီမြို့တစ်ဝက်ခန့် တုန်ခါသွားသည်။ ဓါးအချင်းချင်း တိုက်မိသည့် အခိုက်အတန့်၌ မီတာအနည်းငယ် အကွာအဝေးရှိ နေရာများအထိ ပုံစံ ပျက်ယွင်းသွားကာ လက်ကျန်စွမ်းအားများသည် လှိုင်းတစ်ခုအလား နေရာအနှံ့ ပြန့်နှံ့သွားသည်။

ဒါသည် အင်မော်တယ်အဆင့် စောင့်ရှောက်သူ တစ်ယောက်က တိုက်ခိုက်ခဲ့သော အကျိုးဆက်ပင်။ သန့်ရှင်း မီးလျှံအဆင့်လူများ တိုက်ခိုက်သည်ထက် ခြိမ်းခြောက်မှု ပိုအားကောင်းသည်။

လင်ချန်းသည် အကာအကွယ်ဒိုင်းကို ချက်ချင်း အသက်သွင်းပြီး သူနှင့်သူ့နောက်မှ ခရမ်းရောင် ကျီးကန်း အဖွဲ့ဝင်အသစ် အားလုံးကို ဖုံးအုပ်ထားလိုက်၍သာ ထိုသို့မဟုတ်ပါက သန့်ရှင်း မီးလျှံအဆင့်သာ ရှိသော ခရမ်းရောင်ကျီးကန်း အဖွဲ့ဝင်အသစ်များသည် ဤမျှ နီးကပ်သော

အကွာအဝေးအတွင်း ပြင်းထန်သော အကျိုးသက်ရောက်မှုကို ရင်ဆိုင် နိုင်လိမ့်မည် မဟုတ်ပေ။

ထို့ကြောင့် မိစ္ဆာသုံးကောင် အပေါ်တွင် သက်ရောက်မှုက သိသာခြင်း မရှိခဲ့သလို နောက်ဆုတ်သွားချင်းမျိုးလည်း မရှိခဲ့ပေ။ တမန်တော်မိစ္ဆာသည် ခဏမျှ ရပ်တန့်သွားပြီးနောက် တိုက်ပွဲသည် သူနှင့် ဘာမှ မဆိုင်သကဲ့သို့ လေလံခန်းမ၏ ကာကွယ်ရေးဒိုင်းကို ဆက်လက် တိုက်ခိုက်နေခဲ့သည်။

စွမ်းအင်လှိုင်းများ ရိုက်ခတ်ပြီးနောက် နဂိုကတည်းက အက်ကွဲရာများ ရှိနေသော ကာကွယ်ရေးဒိုင်းကြီးသည် ပို၍ပင် မတည်မငြိမ် ဖြစ်လာသည်။

တမန်တော် မိစ္ဆာ၏ အစွမ်းထက်သော ထိုးနှက်မှုများ ထပ်ပေါင်းလိုက်ပါက ကာကွယ်ရေး ဒိုင်းကြီးသည် အချိန်မရွေး ပြိုကျပျက်စီးတော့မလို ဖြစ်လာ၏။

ဖိန်ရွှမ်သည် လေလံပွဲအပေါ် သက်ရောက်မှု ရှိသွားမည်ကို စိုးရိမ်ပြီး……

“ငါတို့တွေ ဒီနေရာမှာ အစွမ်းကုန် မတိုက်ခိုက်နိုင်ဘူး။ ကောင်းကင်ပေါ်မှာ တိုက်ခိုက်ရအောင်..”

ရန်ရန်သည် လင်ချန်းနှင့် အခြားသူများကို ကြည့်လိုက်ပြီးနောက် ချက်ချင်း ခေါင်းညိတ်ကာ သဘောတူလိုက်သည်။

သူတို့နှစ်ယောက်သည် သဘောတူညီချက် ရသွားသည်နှင့် တစ်ပြိုင်နက် မိုးပေါ်သို့ ပျံတက်သွားကာ တိမ်များကို ထိုးဖောက်၍ ကျော်လွန်သွား၏။

ခဏအကြာ တိမ်များအပေါ်မှ မိုးချိမ်းသံကဲ့သို့ ကျယ်လောင်သော အသံများကို ထွက်ပေါ်လာသည်။

လေလံပွဲထဲမှ လူအုပ်ကြီးသည် တိုက်ပွဲက မည်မျှပြင်းထန်သည်ကို မမြင်နိုင်သော်လည်း အပြင်ဘက်မှ ကျယ်လောင်သော အသံများကို အတိုင်းသား ကြားနေရသည်။ ဤကဲ့သို့ဖြင့် သူတို့ စကားဝိုင်းများ၏ အသံများကလည်း ကျယ်လောင်လာသည်။

သူတို့ အားလုံးသည် ခရမ်းရောင် ကျီးကန်း အဖွဲ့အစည်း၏ တိုက်ခိုက်ခြင်းကို ခံနေရပြီ

ဖြစ်ကြောင်း သိနေကြပြီး တိုက်ခိုက်လာသူကလည်း အင်မော်တယ်အဆင့် ရှိနေကြောင်း သိနေကြသည်။

လူအများစုက ကြောက်လန့် နေကြသည်။

ထိုအဖွဲ့အစည်းနှင့် မပတ်သက်ခဲ့ဖူးသော်လည်း ယခင်ကတည်းက ခရမ်းရောင် ကျီးကန်း အဖွဲ့အစည်း၏ ကြောက်စရာ ကောင်းသော လုပ်ရပ်များကို ကြားသိ ခဲ့ဖူးသည်။

လျှို့ဝှက်ဆန်းကြယ် အဖွဲ့အစည်း၏ ကာကွယ်နိုင်စွမ်းကို ယုံကြည်ကြသော လူအနည်းငယ်မျှသာ တည်တည်ငြိမ်ငြိမ်

ရှိနေကြသည်။ တစ်ချိန်တည်းမှာပင် လူအနည်းစုက သူတို့၏ ကိုယ်ပိုင်အရည်အချင်းများကို ယုံကြည်ကြသည်။

"ခရမ်းရောင် ကျီးကန်း အဖွဲ့အစည်းက တိုက်ခိုက်ဖို့ ကြိုတင် ပြင်ဆင်ထားတဲ့အတွက် အင်မော်တယ်အဆင့် ရှိတဲ့လူက တစ်ယောက်ထက်မက ရှိနိုင်တယ်"

ဗီအိုင်ပီ အခန်း (၃) ထဲတွင် ရှိနေသော လျန်ယုရှင်းက ယုံကြည်ချက်ရှိရှိ ပြောလိုက်ချိန်တွင်

"သူတို့ ဖောက်ဝင်နိုင်တာနဲ့ ဒီထဲက လူအားလုံးကို သတ်ပစ်မှာ သေချာတယ်"

လင်းဟွမ်သည် ယခင်က ခရမ်းရောင် ကျီးကန်း အဖွဲ့အစည်းထဲတွင် လေ့ကျင့်ခဲ့ဖူးသဖြင့် ထိုအဖွဲ့အစည်း အကြောင်းကို ကောင်းကောင်း သိနေသည်။

"သာမန် အခြေအနေဆိုရင် ဟောတီမြို့ရဲ့ လက်ထောက်နဲ့ စည်းကမ်းထိန်းသိမ်းမှု အဖွဲ့တွေက မကြာခင် ရောက်လာလိမ့်မယ်။ ဒါပေမဲ့ ခရမ်းရောင်ကျီးကန်း အဖွဲ့အစည်းကလည်း

ဒီကိစ္စအတွက် အဆင်သင့် ပြင်ဆင်ထားတဲ့ပုံပဲ။ ဒီလိုမှမဟုတ်ရင် လျှို့ဝှက်ဆန်းကြယ် အဖွဲ့အစည်းကို ရင်ဆိုင်ဖို့ ဒီလောက် ယုံကြည်ချက် ရှိနေမှာ မဟုတ်ဘူး”

လျန်ယုရှင်းက ခန့်မှန်းပြီးနောက် ခေါင်းမော့ကာ လေလံပွဲခေါင်မိုးကို စိုက်ကြည့် လိုက်သည်။

“ငါတို့မှာ အရန် အစီအစဉ် မရှိဘူးလို့ ပြောချင်တာလား”

လင်းဟွမ် မျက်မှောင် ကြုတ်သွားသည်။

"အခု လောလောဆယ်တော့ ငါတို့မှာ မရှိသေးဘူး။ (အေ) အဆင့် ဝပ်ကျင်းကို တိုက်ခိုက်တာက ရှားပါးလွန်းတယ်။ ဒါပေမယ့် ခရမ်းရောင်ကျိုးကန် အဖွဲ့အစည်းက လူတစ်ယောက်ကို လွှတ်ပြီး စည်းကမ်း ထိန်းသိမ်းရေးအဖွဲ့ကို အချိန် နှောင့်နှေးအောင်ဖို့က သူတို့အတွက် သိပ် မခက်လောက်ဘူး"

"ဒါက သတင်းကောင်း မဟုတ်ဘူး"

လင်းဟွမ်သည် ဤကမ္ဘာကြီးက အလွန် အန္တရာယ်များကြောင်း ကူကယ်ရာမဲ့စွာ သဘော

ပေါက်သွားသည်။ သူမည်သည့်နေရာကို သွားသွား ထူးဆန်းသော အရာများ အမြဲတမ်း ဖြစ်ပျက်နေသည်။

လေလံပွဲကို ရိုးရိုးရှင်းရှင်း တက်ရောက်ချင်သော်လည်း ယခုအခါ၌ မမျှော်လင့်ဘဲ ခရမ်းရောင်ကျီးကန်း အဖွဲ့အစည်း၏ ရှားပါးသော တိုက်ခိုက်မှုတစ်ခုနှင့် ကြုံတွေ့နေရသည်။

သူ့ကိုမှတ်မိသော ခရမ်းရောင်ကျီးကန်း အဖွဲ့ဝင်တစ်ယောက်ယောက် တွေ့သွားပါက

သေချင်ယောင်ဆောင်ခဲ့သော ကိစ္စ ပေါက်ကြား သွားမည်ကို စိုးရိမ်နေခြင်းပင်

ခရမ်းရောင်ကျီးကန်း အဖွဲ့အစည်းက သူနှင့် သူ့မိသားစုများကို ဒုက္ခ မပေးတော့ကြောင်း မစ္စတာဖူးက ကတိပေးခဲ့ဖူးသည်။ ဒါသည် ခရမ်းရောင်ကျီးကန်း အဖွဲ့အစည်း လေ့ကျင့်ရေး စခန်းထဲတွင် သူပါဝင်ခဲ့သော ဖြစ်စဉ်အတွက်သာ ဖြစ်ကောင်း ဖြစ်နိုင်သည်။

အကယ်၍ ဟုန်ကျန်းသာ သူ အသက်ရှင်နေသေးကြောင်း သိသွားလျှင် ဒုက္ခ

ပေးလာလိမ့်မည်။ လင်းဟွမ်သည် ထိုအမျိုးသမီး အကြောင်းကို ကောင်းကောင်း သိနေပြီး အထူးသဖြင့် ခရမ်းရောင်ကျီးကန်း အဖွဲ့အစည်းသည် ထိပ်တန်းအဖွဲ့ဝင်များ၏ အပြုအမူကို မချုပ်ချယ် မကန့်သတ်သောကြောင့် လွယ်လွယ်ကူကူ တားဆီးနိုင်လိမ့်မည် မဟုတ်ပေ။

ထို့အပြင် ဟုန်ကျန်းက အလိမ်ခံလိုက်ရကြောင်း သိလိုက်သည်နှင့် ကိုယ်ရေးကိုယ်တာ ရန်ကြွေးအဖြစ် သတ်မှတ်လိုက်မည်ဖြစ်ပြီး ခရမ်းရောင် ကျီးကန်း အဖွဲ့အစည်းနှင့် ဘာမှ မသက်ဆိုင်တော့ပေ။

အင်မော်တယ်အဆင့်က သူ့ကို သတိထားမိသွားလျှင် ကောင်းသောကိစ္စ မဟုတ်တော့ပေ။

“ဒီနေ့ကျမှကွာ ခရမ်းရောင် ကြီးကန်း အဖွဲ့အစည်းက ဘာဖြစ်လို့ တိုက်ခိုက်ဖို့ ရွေးချယ်ရတာလဲ..”

လင်းဟွမ်သည် အသံမထွက်ဘဲ ညည်းညူ လိုက်သည်။

“ငါခန့်မှန်းတာ မမှားရင် ခရမ်းရောင်ကြီးကန်း အဖွဲ့အစည်းက လူတစ်ပိုင်း နတ်ဘုရားတစ်ပိုင်း ဦးနှောက်အတွက် ရောက်လာတာ ဖြစ်လိမ့်မယ်။

ဒီလိုမှမဟုတ်ရင် တိုက်ခိုက်စရာ တခြားအကြောင်း မရှိဘူး”

လျှန်ယုရှင်းသည် လင်းဟွမ်က သူမကို မေးလိုက်သည့်ထင်ပြီး ပြန်ဖြေလိုက်သည်။ ထို့နောက် ခဏမျှ စဉ်းစားပြီး..

“အင်အားကြီးတဲ့ အဖွဲ့အစည်း တော်တော်များများက လူတစ်ပိုင်း နတ်ဘုရားတစ်ပိုင်း ခေတ်ကြွင်းတွေကို တန်ဖိုးရှိတဲ့ ရတနာအဖြစ် သတ်မှတ် ထားကြတယ်။ ဒီလို ပစ္စည်းတွေက ခရမ်းရောင်ကျီးကန်း

အဖွဲ့အစည်းအတွက် အမှန်တကယ်ကို စွဲဆောင်မှု အားကောင်းလွန်းတယ်။ ဒါကြောင့်လည်း သူတို့က အင်မော်တယ်အဆင့် လူတွေကိုလွှတ်ဖို့ ညွှန်ကြား လိုက်တာပဲ ဖြစ်လိမ့်မယ်။ ခရမ်းရောင်ကျီးကန်း အဖွဲ့အစည်းရဲ့ အင်ပါယာအဆင့် လူက တိုက်ပွဲတစ်ခုလုံးကို ထိန်းချုပ်ထားပြီလို့ ငါတော့ သံသယ ဖြစ်နေတယ်”

နောက်ဆုံးတွင် တမန်တော်မိစ္ဆာ၏ အဆက်မပြတ် တိုက်ခိုက်မှုကြောင့် အက်ကွဲသံကြီး

ပေါ်လာပြီး ကြီးမားသော ကာကွယ်ရေးဒိုင်းကြီး တစ်ခုလုံး ပြိုကျ ပျက်စီးသွား၏။

လေလံပွဲထဲသို့ မိစ္ဆာသုံးယောက် မဝင်ရောက်ရသေးခင် တစ်ခေါင်းလုံး ဖြူနေသော အဘိုးကြီးတစ်ယောက် ပေါ်လာပြီး လမ်းပိတ်ထားလိုက်သည်။ ပိန်ပါးကာ အနက်ရောင် ဒီဇိုင်းများဖြင့် ချုပ်လုပ်ထားသော တရုတ်ရိုးရာ ဝတ်စုံကို ဝတ်ဆင်ထားသည်။ အရပ်က(၁.၇) မီတာခန့် ရှိသော်လည်း အမျိုးသမီးမိစ္ဆာထက်ပင် ပုနေသေးသည်။ သူ့တွင် ထင်ရှားသော ပါးရိုးများနှင့်

သွယ်လျသော လက်ချောင်းများ ရှိသည်။ အာဟာရ ချို့တဲ့ နေသည့်ပုံပင်။

သူနှင့် နှိုင်းယှဉ်ကြည့်ပါက မိစ္ဆာများသည် တောင်ငယ်တစ်ခုနှင့် တူနေသည်။

"မင်းတို့သုံးကောင် ဒီမှာ ရပ်လိုက်ရင်ကောင်းမယ်.."

အံ့သြစရာကောင်းသည်မှာ ထိုလူအိုကြီးသည် လျှို့ဝှက်ဆန်းကြယ် အဖွဲ့အစည်း၏ ဂိုဒေါင်ကို စောင့်ရှောက်သော ဟုန်ရှီ ပင်

ဟုန်ရှီသည် စကားပြောပြီးသည်နှင့် လေထဲသို့ လေတစ်ချက် မှုတ်ထုတ်လိုက်သည်။ မိစ္ဆာ သုံးကောင်၏ ရင်ဘတ်သည် မည်သည့်အရာမျှ ထိမှန်ခြင်းမရှိဘဲ တွန့်လိမ့်သွားပြီးနောက် သေနတ်မှ ပစ်လွှတ်လိုက်သော ကျည်ဆံများကဲ့သို့ လွင့်ထွက်သွားသည်။

သူ့စွမ်းအားကို ကောင်းကောင်းမွန်မွန် ကျွမ်းကျင်သည်။ မွန်းစတားများသည် လေထဲတွင် ဂငယ်ပုံစံကွေးလျက် လွင့်ထွက်သွားပြီး မီတာ

တစ်ရာကျော် အကွာက ပင်လယ်ထဲ ပြုတ်ကျသွားသည်။

ဖြောင်း..... ဖြောင်း..... ဖြောင်း......

လက်ခုပ်သံများ ကြားလိုက်ရပြီး လက်ခုပ်တီးသူမှာ ခရမ်းရောင်ကျီးကန်း အဖွဲ့ဝင် အင်မော်တယ်အဆင့် လင်ချန်း ပင်

"မင်းက တကယ် ကျွမ်းကျင်တာပဲ"

လင်ချန်းက ချီးကျူးလိုက်သည်။

“သူတို့က ရွှေမီးလျှံ အဆင့် မွန်းစတားသုံးကောင်ပဲ။ မိစ္ဆာဆိုပေမဲ့ တိုက်ခိုက်ရေး အဆင့်က တော်တော်လေး အားနည်းပါတယ်”

ဟုန်ရှီအတွက် မည်သည့်အခိပ္ပါယ်မှ မရှိပေ။ ထို့နောက် သူ့လက်ကို ဆုပ်ကိုင်ပြီး လင်ချန်းကို အကဲခတ်လိုက်သည်။ အင်မော်တယ်အဆင့်တွင် ရှိနေကြောင်း ခံစားနိုင်ပြီး သူ၏ဗီဇအေရ ကိုင်တွယ်ရမှာ မလွယ်ကူကြောင်း ပြောနေသည်။

"မင်းက ဂိုဒေါင်အစောင့် ဖြစ်ရမယ်။ အခု ပေါ်လာပြီဆိုတော့ ဖြစ်နိုင်တာက ဂိုဒေါင်ကို ရှင်းလင်းရေး လုပ်ခဲ့ပြီပေါ့.."

လင်ချန်းသည် ဟုန်ရှီ၏ ဘယ်ဘက် လက်ခလယ်ပေါ်ရှိ အင်ပါယာ နှလုံးသားလက်စွပ်ကို စိုက်ကြည့်ရင်း မျက်မှန် ပင့်တင်လိုက်သည်။

"မင်း လိုချင်တာအကုန် ဒီမှာရှိတယ်။ ငါ့ဆီက လာယူလေ."

ဟုန်ရှီက လင်ချန်းကို လက်ခလယ် ထောင်ပြပြီး ပြောလိုက်သည်။

"အဲ့ဒီမှာ လူတစ်ပိုင်း နတ်ဘုရားတစ်ပိုင်း ပစ္စည်းလည်း ရှိလား.."

လင်ချန်းက မျက်မှောင်ကြုတ်ပြီး မေးလိုက်သည်။

စကားဝိုင်းက ကောင်းနေခဲ့ပြီး မသိပါက မိတ်ဟောင်းဆွေဟောင်း နှစ်ယောက် စကား ပြောနေသလိုပင်။

"ဟုတ်တယ်.. မင်း လိုချင်လား.."

ဟုန်ရှီက လက်ခလယ်ကို နောက်တစ်ကြိမ် ထပ်ထောင်ပြသည်။

“အရမ်း ကောင်းတယ်။ အချိန်ကုန် သက်သာတာပေါ့။ လျှို့ဝှက်ဆန်းကြယ် အဖွဲ့အစည်းရဲ့ ဂိုဒေါင်သော့က ဖွင့်ရတာ ခက်တယ်လို့ ကြားဖူးတာ အခုတော့ ပိုလွယ်သွားပြီ။ မင်းကို သတ်ဖို့ပဲ လိုတော့တယ်”

လင်ချန်းသည် စကားမဆုံးသေးခင် ရုတ်တရက် ပျောက်ကွယ်သွားသည်။

## အခန်း(၃၇၃) - ဒီမိစ္ဆာတွေ မသေသေးဘူးလား..

ဘုန်း..

လင်ချန်းနှင့် ဟုန်ရှီတို့သည် တစ်ယောက်နှင့်တစ်ယောက် အချင်းချင်း ထိပ်တိုက် ထိမိသွားသည်။

စွမ်းအင်လှိုင်းများ ပေါက်ကွဲ ထွက်လာပြီး နေရာအနှံ့ ပြန်နှံ့သွားသော်လည်း သူတို့နှစ်ယောက်လုံးက ပတ်ပတ်လည်

မီတာအကွာအဝေး အနည်းငယ် အတွင်းသာ ရောက်ရှိအောင် ထိန်းချုပ်ထားခဲ့၏။

လင်ချန်းနောက်မှ ခရမ်းရောင် ကျီးကန်းအဖွဲ့ဝင်များ ဖြစ်စေ၊ ဟုန်ရှီနောက်မှ လေလံပွဲက လူများဖြစ်စေ ထိခိုက်မှု မရှိခဲ့ပေ။

"အို.. မင်းက အနီးကပ် တိုက်ခိုက်မှုနဲ့ အဝေးရောက်တိုက်ခိုက်မှု နှစ်ခုလုံး ကျွမ်းကျင်မှန်း မသိခဲ့ဘူး.."

ဟုန်ရှီသည် မျက်ခုံးပင့်ပြီး မျက်မှန်ချွတ်ထားသော လင်ချန်းကို ကြည့်လိုက်ချိန်တွင် မျက်လုံးက ဒေါသစိတ်ကြောင့် သွေးရောင် တောက်နေသည်။

"ငါလည်း တော်တော်လေး အံ့သြရတယ်။ မင်းခန္ဓာကိုယ်က တစ်မျိုးပဲ.."

လင်ချန်းကလည်း တင်းမာသော အပြုံးနှင့် ပြန်ပြောလိုက်လျှင်

"လူငယ်လေး.. စာအုပ်တစ်အုပ်ကို စာအုပ်အဖုံးနဲ့ ဘယ်တော့မှ မဆုံးဖြတ်နဲ့.."

ဟုန်ရှီက ချက်ချင်း အော်ဟစ်လိုက်သဖြင့်

“မင်းက ပထမဦးဆုံး စပြောတဲ့လူပဲ”

လင်ချန်းက ခပ်အေးအေး ပြန်ဖြေသည်။

“ကောင်းပြီလေ။ ပေါက်ကရ စကားတွေ တော်လိုက်တော့။ လက်ရည်တူတဲ့ပြိုင်ဘက် တွေ့ဖို့ မလွယ်ဘူး။ တိုက်ခိုက်ဖို့ နေရာတစ်ခု ရှာလိုက်ရအောင်..”

ဟုန်ရှီ စိတ်လှုပ်ရှားနေသည်။

လင်ချန်းသည် ဟုန်ရှီ၏စကားကို နားထောင်ရင်း ညစ်ကျယ်ကျယ် ပြုံးလိုက်ပြီး

"ငါလည်း အဲ့ဒီလိုပဲ စဉ်းစားနေတာ"

ထို့နောက် သူတို့နှစ်ယောက်လုံး ကောင်းကင်ပေါ် ပျံတက်သွားကြသည်။

သူတို့နှစ်ယောက် ထွက်သွားပြီး မကြာခင် (၁၀) မီတာကျော် ကွာဝေးသော ပင်လယ်ထဲမှ ပုံရိပ်သုံးခု ထွက်ပေါ်လာပြီး လေလံခန်းမဘက်သို့ ဦးတည်ပြီး လာနေသည်။ မယုံကြည်ချင်စရာပင်

မိစ္ဆာသုံးကောင် မသေခဲ့ချေ။

သူတို့သုံးကောင်သည် ပြင်းထန်စွာ ဒဏ်ရာရထားပြီး ရင်ဘက်၌ ဒဏ်ရာများ အတိုင်းသားရှိနေသော်လည်း မိစ္ဆာ သုံးကောင်ထံမှ ဖြာထွက်နေသော အော်ရာများသည် ယခင်ကထက် အားနည်းသွားခြင်း မရှိပေ။

ရိုးသားစွာပြောရလျှင် ဟုန်ရှီသည် ဤကဲ့သို့ ဖြစ်လာလိမ့်မည်ဟု မည်သည့် အချိန်ကမှ မမျှော်လင့်ထားခဲ့ချေ။ လင်ချန်းကို မခေါ်ထုတ်သွားခင် မိစ္ဆာများကို သေအောင်

သတ်ခဲ့ပြီဟု ထင်နေခဲ့ကာ ဤကဲ့သို့ ဘေးအန္တရာယ်ကို မမျှော်လင့် ထားခဲ့ချေ။

"လူငယ်လေး။ မင်းက အကျင့်မကောင်းဘူး။ ဒီကောင်တွေ အသက်ရှင်နေတယ်ဆိုတာ မင်း သိနေတယ် မဟုတ်လား။ အဲ့ဒါကြောင့် ငါ့ကမ်းလှမ်းချက်ကို လက်ခံပြီး ငါ့ကို ဆွဲခေါ်ထုတ်ခဲ့တာပေါ့"

မကြာခင် ဟုန်ရှီသည် လှည့်စားခံလိုက်ရပြီ ဖြစ်ကြောင်း သဘောပေါက်သွားသဖြင့်

"သူတို့က အထူး ဖန်တီးထားတာ။ သူတို့ရဲ့ အလုံးစုံ စွမ်းရည်က အင်မော်တယ်အဆင့် (၂) နဲ့ အတူတူပဲ။ အင်မော်တယ် အဆင့် (၄) မှာရှိတဲ့ လူက အင်အားအပြည့်နဲ့ တိုက်ခိုက်ခဲ့ရင်တောင် မသေနိုင်ဘူး။ ဒါကြောင့်လည်း စောစောက မင်းရဲ့ တိုက်ခိုက်မှုက မလုံလောက်တာပေါ့"

လင်ချန်းက ပြုံးပြီး အေးအေးဆေးဆေး ပြောလိုက်သည်။

"ဖယ်စမ်း….."

ဟုန်ရှိသည် လင်ချန်းနှင့် ထပ်ပြီး မတိုက်ခိုက်ချင်တော့ပေ။ သူ၏ ပိန်လှီနေသောလက်များသည် တစ်ပေခန့် ရုတ်တရုတ် ရှည်ထွက်လာသည်။ လက်သည်းများက ရွှေနက်ရောင် ခြေသည်းများအဖြစ် ပြောင်းလဲသွားပြီး လင်ချန်းကို ချွန်ထက်သော လက်သည်းများဖြင့် ကုတ်လိုက်ရာ အနက်ရောင် လက်သည်းကြောင်းငါးခု ပေါ်လာသည်။

သူ့တာဝန်ကို အလေး ထားသည်။ လျှို့ဝှက်ဆန်းကြယ် အဖွဲ့အစည်း၏ စောင့်ရှောက်သူ တစ်ယောက်အနေဖြင့် လေလံခန်းမထဲရှိ လူတိုင်းကို

ကာကွယ်ပေးရမည်။ လေလံပွဲကို တက်ရောက်သူ အားလုံး ဤနေရာတွင် သေဆုံးသွား၍ မဖြစ်ပေ။

ထိုအကြောင်းကို လူအများ သိသွားပါက လေလံပွဲကို မည်သူမှ တက်ရဲကြတော့မည် မဟုတ်ပေ။ ပွဲစီစဉ်သူက သူ့တို့၏ဖောက်သည်ကို မကာကွယ်နိုင်ခဲ့လျှင် ထောက်ခံသူ ရှိတော့မှာ မဟုတ်ပေ။

"ဘာဖြစ်လို့ လောနေတာလဲ။ သေမယ့်ကိစ္စက သေသွားမှာပဲ။ မိစ္ဆာသုံးကောင်က လေလံပွဲထဲက လူတွေကိုသတ်ဖို့ နှစ်မိနစ်၊ သုံးမိနစ်လောက်ဆို

လုံလောက်နေပြီ။ လာပါ.. မိနစ်နည်းနည်းလောက် တိုက်ခိုက်လိုက်ရအောင်”

ထိုစကားများကို ပြောပြီးသည်နှင့် လင်ချန်း၏ မျက်လုံးများသည် ရုတ်တရုတ် အနက်ရောင် ပြောင်းသွားသည်။ တစ်ချိန်တည်းမှာပင် သူ့ခန္ဓာကိုယ်က နှစ်ပိုင်းကွဲသွားပြီး မကြာခင် လေးခုကွဲသွားသည်။

ဤကဲ့သို့ဖြင့် ခန္ဓာကိုယ် (၁၆) ခုအထိ ကွဲသွားပြီးနောက် သူတို့အားလုံးက ဟုန်ရှီထံ ပြေးဝင်သွားကြသည်။

"ဒါက သွေးအမွေခံ မျက်စိစွမ်းရည်ပဲ။ မင်းက ငါ့ကို လျှော့တွက်ထားတာလား"

ဟုန်ရှီ၏ မျက်နှာသည် တင်းမာလာသည်။

"သွေးအမွေခံရယ်လို့တော့ မဟုတ်ဘူး.။ မျိုးရိုးဗီဇပညာလေးနဲ့ နည်းနည်းလေး အစားထိုးထားတဲ့ မျက်လုံးတစ်စုံပါ။ ဒါပေမယ့် ဒီမျက်လုံးက တော်တော်လေး သုံးလို့ ကောင်းတယ်ဆိုတာ ဝန်ခံရမှာပဲ။ တိုးတက်လာတဲ့ တိုက်ခိုက်ရေး စွမ်းရည်နဲ့ ပက်သက်ပြီး နည်းနည်းလေးတော့ ကျေနပ်မိတယ်"

လင်ချန်း၏ အသံသည် လင်ချန်း (၁၆) ယောက်လုံးထံမှ တပြိုင်နက်တည်း ထွက်ပေါ်လာကာ မျက်မှန် ပင့်တင်သည့် လှုပ်ရှားမှုပင် အတူတူဖြစ်နေကာ ခြားနားချက် တစ်ခုမျှ မရှိပေ။

"ဟွန့်၊ ပုံရိပ်ယောင် လှည့်ကွက်လေး တစ်ခုနဲ့ ငါ့ကို အရှုံးလုပ်နိုင်မယ်လို့ တကယ် ထင်နေတာလား"

ဟုန်ရှီက အေးစက်စွာ ရယ်မောလိုက်သည်။

"မင်းက မျက်စိပညာကို နှံ့နှံ့စပ်စပ် နားမလည်တဲ့ ပုံပဲ။ ဒီနေ့ သင်ခန်းစာတစ်ခု သင်ပေးမယ်။ ဒါက မင်းဘဝမှာ ဗဟုသုတရဖို့ နောက်ဆုံးအကြိမ်ပဲ"

လင်ချန်းက ယဉ်ကျေးသော လေသံဖြင့် ပြောလိုက်သော်လည်း သူ့စကားသံက ဟုန်ရှီအတွက် စိတ်အနှောင့်အယှက်ပင်

“ဒါက နည်းနည်း ကလေးဆန်တဲ့ အကွက်လေး တစ်ခုပါကွာ။ တစ်ချက်တည်းနဲ့ ရှင်းပစ်နိုင်တယ်.”

ဟုန်ရှီက အေးစက်စွာ နှာခေါင်းရှုံ့လိုက်သည်။

ရုတ်တရက်ဆိုသလို ဟုန်ရှီ၏ ပိန်ပိန်ပါးပါး ခန္ဓာကိုယ်သည် လေများ ထိုးထည့်လိုက်သကဲ့ကို ပြည့်တင်းလာပြီး ချက်ချင်း ကြီးထွားလာသည်။ အသက် တစ်ကြိမ်ရှူချိန် အတွင်းမှာ အရပ် (၁.၇)

မီတာပင် မပြည့်သေးသော ပိန်ပိန်ပါးပါး အဘိုးအိုသည် (၃) မီတာအထိ ရှည်တက်လာသည်။

သူဝတ်ဆင်ထားသော တရုတ် ဝတ်စုံသည် ဆုတ်ပြဲသွားပြီး ကြွက်သား တောင့်တင်းသော အမျိုးသားတစ်ယောက် ဖြစ်လာကာ သူ့ခန္ဓာကိုယ် ပေါ်တွင် အဝတ်အစား တစ်စပင် မရှိတော့ချေ။ ပန်းပွင့်ပါသော ပွချောင်ချောင် ဘောင်းဘီသည် အသားကပ် ဘောင်းဘီကဲသို့ ဖြစ်သွားကာ ဒူးပင် မရောက်တော့ပေ။ ဝတ်ထားသော ဘောကျင်း ကင်းဖိနပ်ဟောင်းသည်လည်း အမှုန့် ဖြစ်သွား၏။

"ဝိုး.. အမိုက်စားတွေ တကယ် ဖြစ်လာတာပဲ"

လင်ချန်းသည် သူ့ပြိုင်ဘက် အသွင်ပြောင်းသွားသည်ကို မြင်လိုက်လျှင် အံ့ဩတုန်လှုပ်သွား၍ အသိစိတ် ပြန်ကပ်လာသည့်အချိန်၌ တိုးတိုးလေး ရေရွတ်လိုက်ကာ

"ဒါလည်း ကောင်းတာပဲ။ သူ့ကိုသတ်လိုက်လို့ အဘိုးအို တစ်ယောက်ကို အနိုင်ကျင့်တယ်ဆိုပြီး ပြောလို့ မရတော့ဘူး"

လေလံပွဲရှိ ကာကွယ်ရေးဒိုင်းသည် လုံးဝပြိုကျသွားသည်။

မိစ္ဆာသုံးကောင်သည် လေလံပွဲ အပေါက်ဝတွင် နောက်တစ်ကြိမ် ပြန်ပေါ်လာသည်။ ဦးချိုတစ်ချောင်းတည်း ရှိသော ယုတ်ညံ့ မှင်စာ မိစ္ဆာက ၎င်းလက်ကို ဆန့်တန့်လိုက်သည်နှင့် လေလံတံခါးပေါက်ကို တစ်ယောက်ယောက်က တွန်းဖွင့် လိုက်သကဲ့သို့ အလိုလို ပွင့်သွားသည်။

ထိုမြင်ကွင်းကို လေလံခန်းမထဲမှ လူအားလုံးကို မြင်လိုက်ရသည်။ အဝင်ပေါက်နှင့် မနီးမဝေးတွင် သန့်ရှင်းမီးလျှံအဆင့် အစောင့်များ ရှိနေပြီး

လေလံကြေငြာသူများက စင်မြင့် အနီးတွင် ရှိနေကြသည်။

မိစ္ဆာများ ခန်းမထဲဝင်လာသည်ကို မြင်လိုက်လျှင် သန့်ရှင်း မီးလျှံအဆင့် အစောင့်များက စတင်၍ ပြေးဝင် တိုက်ခိုက်လိုက်သည်။ မိစ္ဆာများကို ကံကြမ္မာစွမ်းအားများနှင့် ပစ်လွှတ် တိုက်ခိုက်လိုက်သဖြင့် တောက်ပသော အလင်းရောင် မျိုးစုံများ ဖျတ်ခနဲ တောက်ပသွားသည်။

ထိုအချိန်တွင် ယုတ်ညံ့ မှင်စာမိစ္ဆာသည် သူ့လက်ကို ဆန့်ထုတ်လိုက်ချိန်၌ သူတို့ရှေ့တွင်

မမြင်ရသော နံရံတစ်ခု ရှိနေသကဲ့သို့ တိုက်ခိုက်မှု အားလုံးက ကာကွယ်ပိတ် ဆို့သွားသည်။

ဗီအိုင်ပီ အခန်းထဲတွင်ရှိနေသော လင်းဟွမ်နှင့် လျန်ယုရှင်း တို့သည် ထိုအံ့မခန်း မြင်ကွင်းကို မျက်မြင်ကိုယ်တွေ့ တွေ့လိုက်ရသဖြင့်

"ဒီမွန်းစတားတွေက အစွမ်း ထက်လွန်းတယ်။ သန့်ရှင်း မီးလျှံအဆင့် လူသုံးဆယ်ကျော်ရဲ့ တိုက်ခိုက်မှုကိုတောင် တားဆီးနိုင်တယ်.."

လင်းဟွမ် မျက်မှောင်ကြုတ်သွားသည်။

"သူတို့တွေက မိစ္ဆာတွေပဲ။ သူတို့တွေရဲ့ စွမ်းရည်က နဂါးမျိုးစပ်နဲ့ တန်းတူပဲ။ သူတို့ဆီက ဖြာထွက်နေတဲ့ အော်ရာအရ ရွှေမီးလျှံအဆင့်မှာပဲ ရှိသေးပေမဲ့ သူတို့ရဲ့ တိုက်ခိုက်ရေး အစွမ်းက အင်မော်တယ်အဆင့် (၁) နဲ့ နှိုင်းယှဉ်လို့ ရနေပြီ"

လျှန်ယုရှင်းက ခပ်တည်တည် ပြောလိုက်သည်။

ထိုအခိုက်အတန့်တွင် လေလံ ကြေငြာသူ ကောင်းဟုန်၏ အသံထွက်ပေါ်လာပြီး

"သူတို့သုံးကောင်က ရွှေမီးလျှံအဆင့် မိစ္ဆာတွေ ဆိုပေမဲ့ သူတို့ရဲ့ တိုက်ခိုက်ရေး အစွမ်းက

အင်မော်တယ် အဆင့် (၁) နဲ့ တန်းတူဖြစ်နေပြီ။ ဒီနေရာမှာ ငါတို့အားလုံး အတူတူ မတိုက်ခိုက်ရင် လူတိုင်း သေသွားနိုင်တယ်.”

ကောင်းဟုန်က ချဲ့ကား ပြောဆိုနေခြင်း မဟုတ်ကြောင်း သန့်ရှင်းမီးလျှံအဆင့် လေလံပွဲ တက်ရောက်သူများက သိနေသဖြင့် တိုက်ပွဲထဲတွင် ပါဝင်ရန် အဖွဲ့နှင့် ပူးပေါင်းလိုက်ကြ၏။

“ငါလည်း သူတို့ကို သွားကူညီပေးမယ်။ ဒီမှာ ကျန်ခဲ့ပြီး အခြေအနေကို စောင့်ကြည့်နေပါ။ အခြေအနေ မကောင်းတော့ရင် ထွက်ပြေးနိုင်ဖို့ အကောင်းဆုံး ကြိုးစားပါ”

ထို့နောက် လျှန်ယုရှင်းက မတ်တပ်ထရပ်လိုက်သည်။

လင်းဟွမ်က တိတ်ဆိတ်နေသည်။ ကတ်ကို မသုံးပါက ဒီတိုက်ပွဲထဲ ဝင်ပါရန် သူ့အတွက် မဖြစ်နိုင်ပေ။ ချိတ်ဖွင့်ထားသော အာဏာရှင်ပင် အဖြူရောင် မီးလျှံအဆင့်သာ ရှိသေးသည်။ သူလည်း

မိစ္ဆာ၏ အစာသာ ဖြစ်သွားလိမ့်မည်။ ထို့အပြင် တိုက်ပွဲအခြေအနေကိုလည်း ရှင်းရှင်းလင်းလင်း မသိရသေးပေ။

လင်းဟွမ်သည် ကတ်များကို အသုံးပြုရန် မဆုံးဖြတ်ခင် အခြေအနေကို ခဏစောင့်ကြည့်ဖို့ ဆုံးဖြတ်လိုက်သည်။

## အခန်း(၃၇၄) - ပုံမှန်မဟုတ်သော မွမ်းမံသက်ရှိ။

လင်းဟွမ်သည် ဗီအိုင်ပီ အခန်းနံပါတ် (၃) ထဲတွင် ကျန်နေခဲ့ပြီး တိုက်ပွဲကို စောင့်ကြည့်နေခဲ့သည်။

အကယ်၍ လူအုပ်ကြီးက ပြဿနာကို ဖြေရှင်းနိုင်ခဲ့ပါက ကတ်ကို သုံးစရာ မလိုတော့ပေ။

လေလံခန်းမထဲရှိ သန့်ရှင်း မီးလျှံအဆင့် လူအားလုံးသည် ကောင်းဟုန်ကို ယုံကြည်ပြီး မတ်တပ် ထရပ်လိုက်ကြသည်။

သူတို့ထဲမှ (၃၀၀) ကျော်သည် အဖွဲ့နှင့် ပူးပေါင်းပြီး မိစ္ဆာသုံးကောင်ကို စတင် တိုက်ခိုက်ကြသည်။ မကြာခင် ယုတ်ညံ့ မိစ္ဆာ၏ အကာအကွယ်သည် စတင် လျှပ်ခတ်လာပြီး အက်ကွဲကြောင်းများ ပေါ်လာသည်။

"ငါတို့ဘက်မှာ လူအင်အား အရမ်းများတယ်။ အဲ့ဒီအားသာချက်နဲ့ ဆိုရင် အနိုင်ရမှာပါ။"

လင်းဟွမ်သည် အနည်းငယ် စိတ်အေးသွားသည်။

ထိုစဉ် အနက်ရောင်အင်္ကျီ ဝတ်ဆင်ထားသော ခရမ်းရောင်ကျီးကန်း အဖွဲ့ဝင်များသည် ခန်းမထဲ

ဝင်လာသည်။ လူ အယောက် (၃၀) ခန့် ရှိသည်။ သူတို့ဝင်လာသည်ကို မြင်လိုက်လျှင် ခန်းမထဲရှိ လူများ ထိတ်လန့်ပြီး ငြိမ်ကျကြသည်။ လူ အနည်းငယ်သာ ဝင်လာသည်ကို မြင်လိုက်လျှင် စိတ်ပြန် အေးသွားသည်။

"လမ်းကြောင်း နှစ်ခုခွဲ"

ခရမ်းရောင်ကျီးကန်း အဖွဲ့ဝင်တစ်ယောက်က အော်ဟစ် လိုက်သည်။ လေလံခန်းမထဲမှ လူများ ကြားခြင်း၊ မကြားခြင်းကို ဂရုမစိုက်ပေ။

မကြာမီ ခရမ်းရောင် ကျီးကန်း အဖွဲ့ဝင် (၃၀) သည် ဘယ်၊ ညာ နှစ်ဖက်ခွဲပြီး ဝင်လာကြသဖြင့်

"သူတို့က သန့်ရှင်းမီးလျှံအဆင့်မှာပဲ ရှိသေးတယ်။ လူ (၃၀) ပါတဲ့ အဖွဲ့တွေဖွဲ့ပြီး ဘယ်ညာ နှစ်ဖက်ကနေ သူတို့ကို ပိတ်ထားလိုက်"

ကောင်းဟုန်က ဤကဲ့သို့ အဖွဲ့လိုက် တိုက်ခိုက်သည့် တိုက်ပွဲများနှင့် ပက်သက်၍ အတွေ့ကြုံရှိနေပြီး ပထမဦးဆုံးအကြိမ် မဟုတ်သည်မှာ အထင်အရှားပင်

ထို့နောက် လေလံ ကြေငြာသူများသည် လေးယောက် တစ်ဖွဲ့ဖွဲ့ကာ လူအယောက် သုံးဆယ်ပါသော အဖွဲ့ကြီးကို စနစ်တကျ ဖွဲ့စည်းပြီး ခရမ်းရောင်ကျီးကန်း အဖွဲ့ဝင်များထံ ပြေးဝင်၍ တိုက်ခိုက်ကြသည်။

အကြိမ် (၃၀၀) ခန့် တိုက်ခိုက်ပြီးနောက် ယုတ်ညံ့မှင်စာ မိစ္ဆာ၏ အကာအကွယ်ဒိုင်း တစ်ခုလုံးတွင် အက်ကွဲရာများ ပေါ်လာသည်။ နှစ်စက္ကန့်၊ သုံးစက္ကန့်ခန့် ကြာသောအခါ မူလက

မပျက်စီးနိုင်သော အကာအကွယ်ဒိုင်းသည် ပြိုကျသွား၏။

အကာအကွယ် ဒိုင်း ပျက်စီးသွားသည်ကို မြင်လိုက်လျှင် သန့်ရှင်းမီးလျှံအဆင့် လေလံဆွဲသူ (၃၀၀) ကျော်သည် စိတ်ဓာတ် ခွန်အားများ မြင့်တက်ကလာကာ စိတ်ဓါတ်များ တက်ကြွလာကြသည်။ သူတို့၏ ကံကြမ္မာစွမ်းအား တိုက်ခိုက်မှုများကလည်း ပိုမို၍ ပြင်းထန်လာသည်။

ယုတ်ညံ့ မိစ္ဆာအပြင် ကျန်သည့် မိစ္ဆာနှစ်ကောင်ကို လူအုပ်ကြီး၏ တိုက်ခိုက်မှုများက ဖုံးလွှမ်းသွားသည်။

(၁၀) စက္ကန့် ကြာသည့်တိုင်အောင် မိစ္ဆာသုံးကောင်သည် ကံကြမ္မာစွမ်းအားများနှင့် တိုက်ခိုက်ခြင်းကို တန်ပြန်တိုက်ခိုက်ခြင်း မရှိသလို ရှောင်တိမ်းခြင်းပင် မပြုလုပ်ကြပေ။ ညည်းသံပင် တစ်ချက်မျှ မထွက်ကြချေ။

"သေသွားပြီလား…"

ဗီအိုင်ပီ အခန်းထဲတွင်ရှိနေသော လင်းဟွမ်သည် မိစ္ဆာများကို စိုက်ကြည့်နေခဲ့ပြီး ဒီကိစ္စသည် ဤမျှရိုးရှင်းမည် မဟုတ်ကြောင်း မရေမရာ ခံစားနေရသည်။ မိစ္ဆာများ၏ တုံ့ပြန်ပုံက ထူးဆန်းနေသလိုပင်။

တော်ဝင်အဖွဲ့ဝင်များသည် များပြားသော်လည်း သူတို့ထဲမှ အနည်းငယ်သာ ရွှေမီးလျှံအဆင့် ရှိကြသည့်အပြင် သူတို့၏ တိုက်ခိုက်မှုများက ပြန့်ကျဲနေသည်။

စက္ကန့်ပိုင်းလေး အတွင်း၌ ရွှေမီးလျှံအဆင့်က မိစ္ဆာများကို အနိုင်ယူ နိုင်လိမ့်မည် မဟုတ်ပေ။

အမှန်တကယ်ဆို လင်းဟွမ်စိတ်ထဲ၌ ထိုအတွေး ပေါ်လာစဉ် မိစ္ဆာသုံးကောင်က တုံ့ပြန်လာကြသည်။

မိစ္ဆာများက လူအုပ်ကြီးထံ ဖြည်းဖြည်းချင်း လျှောက်လာနေကြပြီး သူတို့သည် ထိခိုက် ဒဏ်ရာရခြင်း လုံးဝ မရှိခဲ့ပေ။ သူတို့ ခန္ဓာကိုယ် အရေပြားပေါ်မှ အနက်ရောင် အမှုန်အမွှားများပင် ထွက်လာကြသည်။

လင်းဟွမ်သည် တော်ဝင်အဖွဲ့ဝင်များ၏ တိုက်ခိုက်မှုကြောင့် ထိရောက်မှု လုံးဝ မရှိခဲ့ကြောင်း ရှင်းရှင်းလင်းလင်း မြင်လိုက်ရသည်။ သူတို့ထဲမှ တိုက်ခိုက်မှု အချို့ကသာ မိစ္ဆာသုံးကောင်ကို ထိခိုက်နာကျင် စေခဲ့သည်။

သို့သော်လည်း သူတို့၏ခန္ဓာကိုယ်သည် ချက်ချင်း ပြန်လည် ကောင်းမွန်လာပြီး ကံကြမ္မာ စွမ်းအားများကို အနက်ရောင် အမှုန်များအဖြစ် ပြောင်းလဲကာ ဖယ်ရှားပစ်လိုက်သည်။

"သူတို့ရဲ့ ကိုယ့်ကိုယ်ကို ပြန်လည်ကုသနိုင်စွမ်းက အစွမ်းထက် လွန်းတယ်။ မဟာကုသရေး စွမ်းရည်နဲ့ တော်တော်လေး ဆင်ပေမယ့် ဒါက ပိုပြီးတော့တောင် အစွမ်းထက်နေသေးတယ်။ သူတို့ ခန္ဓာကိုယ်ထဲကနေ ပုံမှန်မဟုတ်တဲ့ စွမ်းအားတွေကိုတောင် ဖယ်ရှားနိုင်စွမ်းရှိနေတာပေါ့"

လင်းဟွမ်သည် ထူးဆန်းသည်ဟု တွေးနေမိ၍

"ဒီမိစ္ဆာသုံးကောင်မှာ တူညီနေတဲ့ စွမ်းရည်တွေ ပိုင်ဆိုင်ထားတယ်။ အဲ့ဒါက နဂါးမျိုးစပ်ရဲ့

နဂါးမီးလျှံလို မွေးရာပါ စွမ်းရည်တစ်ခုများ ဖြစ်နေမလား”

“လေ့လာတွေ့ရှိမှု အရတော့ ဒီမိစ္ဆာသုံးကောင်က ပုံမှန် မဟုတ်တဲ့ မွမ်းမံသက်ရှိတွေပဲ။ ပြုပြင် မွန်းမံမှုကြောင့် သူတို့ရဲ့ ပုံမှန်ဗီဇကနေ သွေဖည်ပြီးတော့ ခန္ဓာကိုယ် ဖွဲ့စည်းပုံ ပိုအားကောင်းပြီး စွမ်းရည် အသစ်တွေတောင် ရလာကြတယ်။ ယုတ္တိဗေဒ သဘောတရား အရတော့ ဒီလိုမျိုး ပြုပြင်မွန်းမံဖို့ မဖြစ်နိုင်ဘူး။

ဒါပေမယ့် ဒီမိစ္ဆာသုံးကောင်ကို အောင်အောင်မြင်မြင် ပြုပြင် မွမ်းမံထားတာက တကယ့်ကို အထူးအဆန်းပဲ”

ရှောင်ဖိန်၏ အသံက ရုတ်တရက် ထွက်ပေါ်လာသဖြင့်

လင်းဟွမ်သည် ရှောင်ဖိန်၏ စကားကို ကြားပြီးနောက် တိုးတိုးလေး ရေရွတ်လိုက်ကာ

“ပုံမှန်မဟုတ်တဲ့ မွမ်းမံသက်ရှိ ဟုတ်လား။ အဆင့်မြှင့်ကတ် ကလည်း မွန်းစတားတွေကို ပုံမှန်မဟုတ်တဲ့ နည်းလမ်းနဲ့ မွမ်းမံနိုင်တဲ့ အမိုက်စား နည်းပညာ မဟုတ်ဘူးလား။ ဒါက အမျိုးအစား

တစ်ခုကနေ နောက်ထပ် အမျိုးအစား တစ်ခုကိုတောင် ပြောင်းပေးနိုင်တယ်”

“အဆင့်တက် ကတ်က မျိုးရိုးဗီဇ ဆင့်ကဲဖြစ်စဉ်ရဲ့ အခြေခံလိုအပ်ချက်ကို အခြေခံပြီး လုပ်ဆောင် ပေးတာ။ အမှန်တကယ်တော့ အဲဒီလုပ်ငန်းစဉ်က မွန်းစတားရဲ့ မျိုးရိုးဗီဇ မူလဇစ်မြစ်ကို ခြေရာခံပြီး အမျိုးစားတူအောင် ပြုပြင်မွမ်းမံပေးတယ်။ ပိုမိုအားကောင်းတဲ့ သက်ရှိဖြစ်လာအောင် ဖန်တီးပေးတယ်”

"ဥပမာ နဂါးမျိုးစပ်ရဲ့ မျိုးရိုးဗီဇက ဂမ္ဘီရ နဂါးကနေ ဆင်းသက်လာတာဆိုရင် သူက ပရိုတိုစ်(ပထမမျိုးစိတ်)ကို ကျော်လွန်ပြီး အရမ်းအားကောင်းတဲ့ မွန်းစတား တစ်ကောင် ဖြစ်လာလိမ့်မယ်"

ငါ အသက် ဝင်လာကတည်းက မင်းရဲ့ မှတ်ဉာဏ်ကို စကင်န်ဖတ်ကြည့်ခဲ့တယ်။ ဂမ္ဘီရ နဂါးဟာ မင်းတို့ကမ္ဘာပေါ်မှာ ဘာသာတရားနဲ့ ဒဏ္ဍာရီတော်တော်များများမှာ ဖော်ပြထားတဲ့ ဂမ္ဘီရနဂါးနဲ့ အတူတူပဲဆိုတာ သိလိုက်ရတယ်။

ဒါပေမယ့် ဂမ္ဘီရနဂါးဆိုတဲ့ အယူအဆက အရင်က မရှိခဲ့ဘူး။ ဒါကြောင့် လူတွေဟာ ကြီးမားတဲ့ မြွေကြီးတွေလို့ ထင်ခဲ့ကြတယ်။ ဂမ္ဘီရနဂါးတွေက သူတို့ရဲ့အမြီးကို တစ်ချိန်လုံး စားနေပေမယ့် ဘယ်တော့မှ မသေဘူး။ အချိန် နိယာမ မသက်ရောက်လို့ ထာဝရ တည်ရှိနေလိမ့်မယ်။ အဲဒီလိုမွန်းစတားကြီး တစ်ကောင်က ကမ္ဘာတစ်ခုကို ဖျက်ဆီးနိုင်စွမ်းရှိသလို တစ်ချိန်တည်းမှာပဲ ဖန်တီး နိုင်စွမ်းလည်း ရှိတယ်”

"ငါ ပြောချင်တာ နဂါးမျိုးနွယ်ကနေ ဂမ္ဘီရနဂါးတွေ ဆင်းသက် လာတယ်လို့ ပြောချင်တာပဲ။ အကြောင်းအရင်း ကိစ္စတချို့ကြောင့် သူတို့ရဲ့ မျိုးရိုးဗီဇက ကမ္ဘာအနှံ့ကို ပျံ့နှံ့သွားပြီး နဂါးမျိုးနွယ်တွေ ဖြစ်ပေါ်လာတာပဲ"

"မျိုးရိုးဗီဇပေါ် အခြေခံပြီးတော့ နဂါးမျိုးစပ် မွန်းစတားကတ်က ဂမ္ဘီရနဂါးနဲ့ နီးစပ်တဲ့ အခြေအနေ တစ်ခုအထိ ရောက်အောင် ပြောင်းလဲနိုင်တယ်... ဒါကြောင့် ငါ့ရဲ့ အဆင့်တက်ကတ်က မျိုးရိုးဗီဇတွေရဲ့

ဆင့်ကဲဖြစ်စဉ် အခြေခံလိုအပ်ချက်ကို ဖြည့်ဆည်းပေးတယ်လို့ ပြောတာပဲ”

“ဒါဆိုရင် နောင်တစ်ချိန်မှာ ချောကလက်လေးက ကမ္ဘာကြီးကို ဖျက်ဆီး နိုင်စွမ်းရှိတဲ့ မွန်းစတားတစ်ကောင် ဖြစ်လာမယ်လို့ ဆိုလိုတာလား”

လင်းဟွမ် မျက်လုံးပြူးသွားသည်။

“သီအိုရီအရတော့ ဆင့်ကဲဖြစ်စဉ် ဖြစ်နေသရွေ့ ဒါက ဖြစ်နိုင်တယ်”

"ဒီအသံကို ကြားမှပဲ စိတ်အေးရတော့တယ်"

လင်းဟွမ်၏ နှုတ်ခမ်းက အနည်းငယ် ကွေးသွား၍

"ဘာလို့ ဒီလိုပြောတာလဲ။ ငါ့ကို ကူညီစေချင်လို့လား"

"ဒီမိစ္ဆာ သုံးကောင်ထဲက တစ်ကောင်ရဲ့ အလောင်းကို နမူနာအနေနဲ့ လိုချင်တယ်။ အဲ့ဒါက မွန်းစတားတွေရဲ့ ဆင့်ကဲဖြစ်စဉ်နဲ့ ပြုပြင်မွမ်းမံမှုဆိုင်ရာ သုတေသနအတွက် အသုံးဝင်လိမ့်မယ်"

နောက်ဆုံး၌ ရှောင်ဖိန်က တောင်းဆိုလိုက်သည်။

"မင်းက ငါ့ကို ရွှေမီးလျှံအဆင့် မိစ္ဆာတွေကို သတ်စေချင်တာလား။ ငါ့မှာရှိတဲ့ ကတ်တွေ ရှိသမျှအကုန် သုံးရင်တောင် မသတ်နိုင်ဘူးဆိုတာ မင်းလည်း သိတာပဲ။ နောက်ပြီးတော့ အဲ့ဒီမှာ သုံးကောင်တောင် ရှိနေတာ... သူတို့ထဲက တစ်ကောင်ကို သတ်လိုက်တာနဲ့ ကျန်တဲ့ နှစ်ကောင်ရဲ့အာရုံကို စွဲဆောင်သွားလိမ့်မယ်"

လင်းဟွမ်က ပြောလိုက်သည်။

ခရမ်းရောင်ကျီးကန်း အဖွဲ့အစည်းနှင့် လျှို့ဝှက်ဆန်းကြယ် အဖွဲ့အစည်းများသည် ဆိုးသွမ်း ယုတ်မာလွန်းသောကြောင့် ဤကိစ္စထဲတွင် ဝင်၍ မပက်သက်ချင်ပေ။ အခြေအနေ တစ်ခုခု လွဲချော်သွားပါက လျှန်ယုရှင်းကို ကယ်တင်နိုင်မည့် အကြံအစည်က သူ့လက်ထဲတွင် ရှိနေသည်။

အခြေအနေကို ကြည့်ရသည်မှာ အဖွဲ့ ဖွဲ့၍ တိုက်ခိုက်နေခြင်းက အသုံးဝင်ခြင်း သိပ်မရှိပေ။

ရွှေမီးလျှံ အဆင့် လူခြောက်ယောက်ကို မိစ္ဆာများက ပိတ်ဆို့ထားပြီး သူတို့တွင်

လူအုပ်ကြီးနှင့် ပြန်လည်ပူးပေါင်းခွင့် မရ ဖြစ်နေကြသည်။ ။ အကယ်၍ လူအုပ်ကြီးကို အနားကပ်ခွင့် ပေးလိုက်လျှင် သူတို့ထဲမှ မည်သူကမျှ ထိခိုက်အောင် တိုက်ခိုက်နိုင်မည် မဟုတ်ပေ။

စစ်ပွဲက နှစ်ယောက်တစ်ယောက် တိုက်ပွဲကဲ့သို့ ဖြစ်နေသော်လည်း လူသားများက အသာစီးရခြင်း မရှိပေ။ မိစ္ဆာများကသာ သူတို့ကို ထိန်းချုပ် ထားသည်။

သူတို့ အားလုံးသည် ရွှေမီးလျှံအဆင့် ရှိသော်လည်း မိစ္ဆာများအပေါ် သူတို့၏

တိုက်ခိုက်မှုများ အကန့်အသတ်နှင့်သာ သက်ရောက်မှု ရှိနေသည်။

ဆန့်ကျင်ဘက်အနေနှင့် မိစ္ဆာများ၏ တိုက်ခိုက်မှုက လူသားများအပေါ်၌ ပြင်းထန်စွာ ဒဏ်ရာ ရရှိစေသည်။ သူတို့ထဲမှ ခြောက်ယောက်သည် မွန်းစတား၏ တိုက်ခိုက်မှုများကို အသည်းအသန် ရှောင်တိမ်း နေရသဖြင့် ကျန်သည့်လူများက မိစ္ဆာများကို တိုက်ခိုက်နိုင်စွမ်း မရှိကြောင်း သိပြီးနောက်

ခရမ်းရောင်ကျီးကန်း အဖွဲ့အစည်းကို တိုက်ခိုက်နေသော အဖွဲ့နှင့် ပူးပေါင်းလိုက်ကြသည်။

ခရမ်းရောင်ကျီးကန်း အဖွဲ့အစည်းမှ အဖွဲ့ဝင် အသစ် အားလုံးသည် အဖြူရောင်မီးလျှံ အဆင့်သာ ရှိသော်လည်း ရက်စက်ကြမ်းကြုတ်စွာ လုပ်ဆောင်နေကြသည်။ သူတို့သည် လုံလောက်သော ပြင်ဆင်မှုများအပြင် ပစ္စည်း အမျိုးအစား အစုံအလင်ဖြင့် လူအများကို ပစ်ပေါက် တိုက်ခိုက်နေကြသည်။ သူတို့ဘက်မှ အနည်းငယ်သာ

သေဆုံးခဲ့သော်လည်း တော်ဝင်မိသားစုဘက်မှာတော့ အများအပြား သတ်ဖြတ်ခံခဲ့ရသည်။

"အခြေအနေက သိပ်တော့ မကောင်းတော့ဘူး..."

လင်းဟွမ်သည် ခရမ်းရောင် ကျီးကန်းမှလူများကို သတ်ဖြတ်နေသည့် အဖွဲ့ထဲတွင် လျှန်ယုရှင်း ရှိနေသည်ကို မြင်လိုက်ရသည်။ သူမသည် အခြားသူများထက် ပိုအစွမ်းထက်ပြီး ခရမ်းရောင်ကျီးကန်း အဖွဲ့ဝင်သုံးဦးကို စက္ကန့် အနည်းငယ်အတွင်း သတ်ဖြတ် နိုင်ခဲ့သည်။

သို့သော်လည်း ခရမ်းရောင်ကျီးကန်း အဖွဲ့ဝင်များက အများကြီး ရှိနေသလို မိစ္ဆာများလည်း ရှိနေသောကြောင့် သူမ၏သတ်ဖြတ်မှုက အသုံး မဝင်ခဲ့ပေ။

"တကယ်လို့ မင်းက ငါ့ကို အဲဒီမိစ္ဆာအလောင်း ရအောင် လုပ်ပေးနိုင်ရင် မင်းကို ခွင်းချက်တစ်ခု ထားပေးမယ်။ မင်းအတွက် မွန်းစတားကတ် အပြည့်အစုံပေးမယ်။ မင်းက မိစ္ဆာတစ်ကောင် သတ်နိုင်ရင် မွန်းစတားကတ်တစ်ခုပေါ့။ သုံးကောင် သတ်နိုင်ရင် မွန်းစတားကတ် သုံးခု ပေးမယ်"

နောက်ဆုံး၌ တိတ်ဆိတ်နေသော ရှောင်ဖိန်က ကမ်းလှမ်းမှုတစ်ခု လုပ်လာသည်။

## အခန်း(၃၇၅) - ယာယီ ဆင့်ခေါ်ခြင်းကတ်။

လင်းဟွမ်သည် ရှောင်ဖိန်၏ ကမ်းလှမ်းမှုကို တောင့်မခံနိုင်ပေ။

မိစ္ဆာများသည် နဂါးမျိုးစပ်နှင့် အဆင့်တူပြီး အသန်မာဆုံး မွန်းစတားများထဲမှ တစ်ကောင် ဖြစ်နေသည်။ သူတို့ထဲမှ နှစ်ကောင်သည် ခွန်အားသန်မာသော မွန်းစတား အမျိုးအစားဖြစ်ပြီး ပရိုတိုစ် (ပထမမျိုးစိတ်)နှင့်ပင် နှိုင်းယှဉ်နိုင်သည်။

ထို့အပြင် မွန်းစတား သုံးကောင်၏ တိုက်ခိုက်ရေးအဆင့်သည် နဂိုကတည်းက ရွှေရောင်မီးလျှံအဆင့် ဖြစ်နေသဖြင့် ကတ်များအဖြစ် ပြောင်းလဲလိုက်ပါက သူတို့၏ တိုက်ခိုက်ရေး အဆင့်သည် အားနည်းသွားလိမ့်မည် မဟုတ်ပေ။ ပြောရလျှင် သူ့ဆီတွင် ရွှေရောင်မီးလျှံအဆင့် မွန်းစတား နောက်တစ်ကောင်ကို တိုက်ခိုက်ရေး သမားအဖြစ် ပိုင်ဆိုင်လာလိမ့်မည်။

လင်းဟွမ်သည် ထိုကဲ့သို့ မွန်းစတားကတ်တစ်ခုကို ပိုင်ဆိုင်ချင်စိတ် ပြင်းပြကာ

"ကောင်းပြီ ငါ လက်ခံတယ်"

လင်းဟွမ်သည် တွေဝေခြင်းမရှိဘဲ လက်ခံလိုက်သော်လည်း ရှောင်ဖိန်ကို ကတိပေးပြီးသည်နှင့် တပြိုင်နက် စိတ်ပူလာပြန်သည်။

"မိစ္ဆာတွေက သူတို့ရဲ့ ကာယခွန်အားကိုသုံးပြီး မျှော်လင့်ချက် အရိုးဝိညာဉ်ရဲ့ ဖိနှိပ်ခြင်းချိန်းကြိုးကို ဖယ်ရှားနိုင်လောက်တယ်။ ယာယီ တိုက်ခိုက်ရေး အစွမ်း မြှင့်တင်ကတ်ကို အသုံးပြုဖို့ကလည်း

တစ်ကြိမ်တည်းမှာ ကတ်သုံးခုပဲ ထပ်ထည့်လို့ရတာ။ အဲ့ဒီလိုဆိုရင် အဖြူရောင် မီးလျှံအဆင့်ကနေ ခရမ်းရောင်မီးလျှံအဆင့်အထိပဲ အဆင့်မြင့်လို့ရမှာဆိုတော့ မိစ္ဆာသုံးကောင် မပြောနဲ့ တစ်ကောင်တည်းနဲ့တောင် ဖင်ပြဲသွားမယ်။"

" ငါ့မှာ တစ်ကြိမ်သုံး စွမ်းရည်ကတ်ရှိပေမဲ့ ကျန်းနန်ရဲ့ဖြစ်စဉ်ကို ငါမြင်ဖူးတယ်။ အဲ့ဒီအချိန်က သူ့အရည်အချင်းက ရွှေရောင်မီးလျှံအဆင့်ပဲ ရှိသေးတော့ တစ်ချက်တည်းနဲ့ ရန်သူကို

သတ်ပစ်နိုင်ဖို့ ဆိုတာက ဖြစ်နိုင်ခြေ နည်းလွန်းတယ်။"

"မင်းမှာ ယာယီဆင့်ခေါ်ခြင်း ကတ်နှစ်ခု ရှိတယ်။ အခုလက်ရှိ မင်းပိုင်ဆိုင်ထားတဲ့ မွန်းစတားတွေထဲက အဆင့်အမြင့်ဆုံး မွန်းစတားထက် တစ်ဆင့်ပိုမြင့်တဲ့ မွန်းစတားကို ဆင့်ခေါ်နိုင်တယ်"

" ငါပိုင်ဆိုင်တဲ့ ကတ်တွေထဲမှာ အဖြူရောင် မီးလျှံအဆင့်က အမြင့်ဆုံးပဲ။ အဲ့ဒီထက် အဆင့်တစ်ဆင့် ပိုမြင့်ရင် အင်မော်တယ်အဆင့် မွန်းစတားပဲ။ ဒါပေမဲ့ အင်မာတယ်အဆင့်

မွန်းစတားတစ်ကောင်ကို ဆင့်ခေါ်ဖို့က ငါ့ရဲ့ လုပ်ပိုင်ခွင့် အခွင့်အာဏာကို ကန့်သတ်ထားတယ် မဟုတ်လား။"

လင်းဟွမ်သည် စနစ်၏ လုပ်ပိုင်ခွင့် အခွင့်အာဏာကို ပြန်သတိရသွားသည်။

ဆင့်ခေါ် မွန်းစတားတစ်ကောင်၏ အဆင့်သည် ပိုင်ရှင်၏အဆင့်နှင့် ချိတ်ဆက်ထားပြီး ပိုင်ရှင်၏ အဆင့်ထက် အဆင့် တစ်ဆင့်ပိုမြင့်သော မွန်းစတားကိုသာ ဆင့်ခေါ်နိုင်ခြင်းပင်။

"ဒါက မွန်းစတားတွေကို ယာယီဆင့်ခေါ်တဲ့ ကျပန်းဆင့်ခေါ်ခြင်း ကတ်နဲ့တော့ မသက်ဆိုင်ဘူး။ ဆင့်ခေါ်တဲ့ မွန်းစတားက တစ်နာရီပဲ တည်ရှိမယ်။ အဲ့ဒါကြောင့် တိုက်ခိုက်ရေးအဆင့်ကို မကန့်သတ်ထားဘူး"

"အင်မော်တယ်အဆင့် (၁) မွန်းစတားကို ဆင့်ခေါ်ရင်တောင် ဒီမိစ္ဆာသုံးကောင်ကို သတ်ဖို့ ခက်ခဲအုံးမှာပဲ"

လင်းဟွမ်က မျက်မှောင် ကြုတ်နေသည်။

"အင်မော်တယ်အဆင့် တိုက်ခိုက်ရေးအစွမ်းက ဘယ်လို ကွဲပြားတာလဲ"

"သန့်ရှင်းမီးလျှံအဆင့် ရောက်တာနဲ့ နှစ်ပေါင်း (၁,၈၀၀) အထိ အသက်ရှင်နိုင်တယ်။ အဲ့ဒီအချက်က သန့်ရှင်းမီးလျှံအဆင့် ရောက်သွားတဲ့ လူသားတွေကို သာလွန်လူသားလို့ လူသိများရတဲ့ အကြောင်းအရင်းပဲ။ အင်မော်တယ် အဆင့်မှာဆို သက်တမ်းက သိသိသာသာ တိုးမြင့်လာလိမ့်မယ်။ သန့်ရှင်းမီးလျှံအဆင့် လိုပဲ လူတစ်ယောက်က သူ့ရဲ့ကံကြမ္မာအလင်းကို ထွန်းညှိ ဖို့အတွက်

မွန်းစတားကိုယ်ထဲက ကံကြမ္မာဝိညာဉ်ကို ထုတ်ယူရတာ။ ကံကြမ္မာအလင်းက စုစုပေါင်း ကိုးခုရှိတယ်။ လူသားတွေရဲ့ ကံကြမ္မာ အလင်းတစ်ခုစီက နောက်ထပ် နှစ်ပေါင်း (၃၆၀) ထိ အသက်ရှင်စေနိုင်တယ်။ ပထမဦးဆုံး ကံကြမ္မာအလင်း ကနေစပြီး ကံကြမ္မာအလင်း ကိုးခုအထိ ထွန်းညှိတာက အင်မော်တယ်အဆင့် တက်လှမ်းဖို့အတွက် အထောက်အကူ ဖြစ်စေတယ်။"

"မင်း ပိုင်ဆိုင်ထားတဲ့ အဆင့်အမြင့်ဆုံး မွန်းစတားကတ်က အဖြူရောင်မီးလျှံ အဆင့်

ဖြစ်နေလို့ ယာယီ ဆင့်ခေါ်ခြင်းကတ်ကို အသုံးပြုတဲ့အခါ ဆင့်ခေါ်တဲ့ မွန်းစတားက အင်မော်တယ်အဆင့် (၁) ပဲ ဖြစ်လိမ့်မယ်။ တကယ်လို့ နဂါးမျိုးစပ်တစ်ကောင် ဒါမှမဟုတ် ပရိုတိုစ် (ပထမမျိုးစိတ်) မွန်းစတားတစ်ကောင် ဖြစ်နေရင်တော့ မွန်းစတားတွေကို အနိုင်ယူနိုင်ခြေ ရှိတယ်။ ဒါပေမဲ့ သာမန် မွန်းစတားတစ်ကောင်ကို ဆင့်ခေါ်မိရင်တော့ ကျိန်းသေပေါက် မိစ္ဆာတွေထက် အားနည်းသွားမှာပဲ။"

"ငါ့လက်ထဲမှာ ယာယီ တိုက်ခိုက်ရေးအစွမ်း မြှင့်တင်ရေးကတ်ငါးခု ရှိတယ်။ အဲဒါတွေကို ယာယီဆင့်ခေါ်ထားတဲ့ မွန်းစတားဆီမှာ သုံးလို့ ရလား။"

လင်းဟွမ်သည် သူ့ထံတွင် ရှိနေသော ယာယီတိုက်ခိုက်ရေး အစွမ်း မြှင့်တင်ရေး ကတ်များကို ရုတ်တရက် တွေးလိုက်မိသည်။

"ရတယ်၊ မင်း အသုံးပြုလို့ရတယ်။ ယာယီ တိုက်ခိုက်ရေး အစွမ်း မြှင့်တင်ရေးကတ်က မွန်းစတားအားလုံးနဲ့ သက်ဆိုင်တယ်။

ယာယီဆင့်ခေါ်မှုကတ်ကို အသက်သွင်း လိုက်တာနဲ့၊ တစ်နာရီပဲ ခံတဲ့ မွန်းစတားကတ်တစ်ခုအဖြစ် ပြောင်းလဲ သွားလိမ့်မယ်။ အဲ့ဒီကတ်အပေါ်မှာ ယာယီတိုက်ခိုက် အစွမ်း မြှင့်တင်ရေးကတ်ကို အသုံးပြုပြီး အဆင့်မြှင့်နိုင်တယ်”

"ငါက အများဆုံး ကတ်သုံးကတ်ပဲ သုံးလို့ရတာ မဟုတ်လား"

လင်းဟွမ်က မေးလိုက်လျှင်

"ဟုတ်တယ်၊ မင်းပြောတာ အမှန်ပဲ။ စည်းကမ်းတွေက မပြောင်းလဲဘူး"

"အဲဒါဆိုရင် အင်မော်တယ်အဆင့် (၄) အထိ အဆင့် မြှင့်တင်နိုင်မယ်။ သာမန် မွန်းစတားတစ်ကောင်ကို ဆင့်ခေါ်ခဲ့မိရင်တောင် မိစ္ဆာတွေကို သတ်ဖြတ် နိုင်စွမ်းရှိနေပြီ"

လင်းဟွမ်သည် ရှောင်ဖိန်နှင့် ဆွေးနွေးပြီးနောက် အန္တရာယ်ကို ကျော်လွှားနိုင်မည့် အဖြေတစ်ခု ထွက်ပေါ်လာသည်။

လေလံခန်းမထဲက အခြေအနေမှာ အဆင် မပြေလှပေ။ တော်ဝင်အဖွဲ့ဝင်များ အဖွဲ့သည် ခရမ်းရောင်ကျီးကန်း အဖွဲ့ဝင်များကို အနိုင်

မယူနိုင်ချေ။ ထို့အပြင် မိစ္ဆာသုံးကောင်ကလည်း ဦးဆောင်ပြီး တိုက်ခိုက်နေသည်။

ယုတ်ညံ့သော မှင်စာမိစ္ဆာ၏ ခြေသည်းများသည် ရွှေရောင် မီးလျှံအဆင့် လူတစ်ယောက်၏ ရင်ဘတ်ထဲသို့ ထိုးဖောက်ဝင်ရောက်သွားကာ မသေသော်လည်း ဒဏ်ရာပြင်းထန်စွာ ရရှိသွားပြီး တိုက်ခိုက်ရေးအဖွဲ့ထဲမှ ထွက်သွားရသည်။

လေလံကြေငြာသူ ကောင်းဟုန် သာလျှင် ယုတ်ညံ့မှင်စာ မိစ္ဆာကို တိုက်ခိုက်

နေရတော့သည်။ ကျန်သည့် ရွှေရောင်မီးလျှံအဆင့် လူများက အခြား မိစ္ဆာနှစ်ယောက်ကို တိုက်ခိုက်နေကြသဖြင့် ကောင်းဟုန်ကို ကူညီချင်သော်လည်း မိစ္ဆာနှစ်ကောင်က သူတို့ကို ပိတ်ဆို့ထားသည်။

ကောင်းဟုန်သည် အတွေ့အကြုံ ရှိသော်လည်း မိစ္ဆာများနှင့် နှိုင်းယှဉ်ပါက သူ၏ တိုက်ခိုက်ရေးအစွမ်းက တော်တော်လေး အားနည်းနေသည်။ သူ့ဘက်တွင် နှစ်ယောက် ရှိစဉ်ကပင် မိစ္ဆာများကို အနိုင်ရအောင် မတိုက်ခိုက်

နိုင်ခဲ့ချေ။ ယခုမူ ကောင်းဟုန်သည် တစ်ယောက်တည်းသာ တိုက်ခိုက်နေရသောကြောင့် အခြေအနေက ပို၍ အန္တရာယ် များလာသည်။

ရုတ်တရက်ဆိုသလို ယုတ်ညံ့မှင်စာ မိစ္ဆာ၏ မျက်လုံးက အနီရောင် တောက်ပလာပြီး အနီရောင် အလင်းများ ဖြာထွက်လာကာ ကောင်းဟုန်ကို သွေးပင်လယ် တစ်ခုကဲ့သို့ ဖုံးလွှမ်းသွားသည်။ ကောင်းဟုန်သည် သွေးပင်လယ်ထဲ နစ်မြုပ်သွားသလို ခံစားလိုက်ရသည်။

အပြင်ဘက်မှကြည့်လျှင် သူ၏ လှုပ်ရှားမှုများက နှေးကွေး လာသည်။ ကြိုတင်ပြင်ဆင်နိုင်ခြင်း မရှိတော့ဘဲ ယုတ်ညံ့မှင်စာ မိစ္ဆာ၏ လက်သည်းများက သူ့ရင်ဘတ်ကို ထိုးဖောက်ကာ အနီရောင်သွေးများ ပန်းထွက်လာသည်။

တဒုတ်ဒုတ် ခုန်နေသော အသံကို ကြားလိုက်ရသည်။

ချွန်းထက်သော အနက်ရောင် လက်သည်းများက ကောင်းဟုန်၏ နှလုံးကို တင်းတင်းကြပ်ကြပ် ဆုပ်ကိုင်ထားပြီးနောက် ဖြစ်ညှစ်လိုက်ရာ ဖောက်ခနဲ

ကြေမွသွားပြီး လတ်ဆတ်သော သွေးများက ဆယ်မီတာ ပတ်လည်ရှိ နေရာတိုင်းကို ပန်းထွက်သွား၏။

ဒီအဖြစ်အပျက်ကြောင့် လူတိုင်း၏ ရင်ထဲတွင် ထိတ်ခနဲ ဖြစ်သွားသည်။

ယုတ်ညံ့မှင်စာ မိစ္ဆာသည် ဒုတိယပြိုင်ဘက်ကို အနိုင်ယူပြီးနောက် စုန်းမနှင့် တိုက်ခိုက်နေသော ရွှေရောင် မီးလျှံအဆင့် လူသားတစ်ယောက်ထံ ခုန်ဝင်သွားသည်။

ထိုလူသည် ယုတ်ညံ့မှင်စာ မိစ္ဆာ၏ နောက်ထပ် ပစ်မှတ် ဖြစ်လာကြောင်း သိလိုက်လျှင် တိုက်ပွဲကို ချက်ချင်း ရပ်တန့်ကာ လေလံခန်းမ၏ အမိုးသို့ ဦးတည် ပျံသန်းသွားပြီး အပေါက်တစ်ခုဖြစ်အောင် တိုက်ဖောက်ကာ ထွက်ပြေးသွားသည်။

ထိုလူ ထွက်ပြေးလွတ်မြောက်ပြီး တစ်စက္ကန့် မပြည့်ခင် ခန်းမထဲမှလူတိုင်းသည် သေခါနီး ဖျစ်ညှစ်ပြီး အော်ဟစ်သော အသံတစ်ခုကို ကြားလိုက်ရပြီး ကျိုးကြေနေသော အလောင်းတစ်ခု

ပြုတ်ကျလာသည်။ ဒါသည် ထွက်ပြေးသွားသော ရွှေမီးလျှံအဆင့် လူပင်။

ထို့နောက် အမိုးပေါ်မှ အသံတစ်ခု ထွက်ပေါ်လာပြီး

"မင်းတို့ကောင်တွေ ထွက်ပြေးဖို့ ဘယ်တော့မှ မစဉ်းစားနဲ့။ ဒီနေ့ မင်းတို့အားလုံး ဒီမှာပဲ သေရမယ်"

ဒါသည် ခရမ်းရောင်ကျီးကန်း အဖွဲ့စည်းမှ မျက်မှန်တပ်ထားသော အမျိုးသား တစ်ယောက်၏အသံပင်

"သူတို့က ငါတို့အားလုံးကို သတ်မယ်ဆိုတာ အမှန်ပဲပေါ့"

လင်းဟွမ်က မျက်မှောင် ကြုတ်သွားသည်။

ထို့နောက် လေလံခန်းမသို့ ပြန်ကြည့်လိုက်ရာ ရွှေရောင်မီးလျှံအဆင့် လေးယောက်မြောက် လူကို ယုတ်ညံ့မှင်စာ မိစ္ဆာနှင့် စုန်းမတို့က ပူပေါင်းပြီး သတ်ပစ်လိုက်သည်။

လင်းဟွမ်၏ လက်ထဲတွင် ရွှေရောင်ကတ် အပိုတစ်ခု ရှိနေသည်။ ကတ် အရှေ့ဘက် မျက်နှာပြင်ပေါ်တွင် အနက်ရောင် အရိပ်တစ်ခု

ရှိနေပြီး ထိုအရိပ်အပေါ်တွင် ရွှေရောင် မေးခွန်းအမှတ်အသားတစ်ခု ရှိသည်။

ဒါသည် လင်းဟွမ် တစ်ကြိမ်တစ်ခါမှ အသုံးမပြုခဲ့ဖူးသေးသော ယာယီ ဆင့်ခေါ်ခြင်းကတ်ပင်

လင်းဟွမ်သည် စကားတစ်ခွန်းမှ မပြောဘဲ ကတ်ကို ချေမွလိုက်သည်။ ထို့နောက် မွန်းစတားကတ်သည် ရွှေရောင် တောက်ပလာပြီး မွန်းစတားကတ် အသစ်တစ်ခု ဖြစ်လာသည်။

လင်းပွမ်က တစ်ချက်ကြည့်လိုက်ရာ ကတ်သည် ခရမ်းရောင်ဖြစ်ပြီး ကတ်၏ အရှေ့ဘက်တွင် အနက်ရောင် နဂါးကြီးတစ်ကောင် ရှိသည်။

ကတ်၏အောက်ခြေတွင် ထွင်းဖောက် မြင်ရသော သဲနာရီတစ်ခု ရှိပြီး ဒီကတ်ကို စတင် အသုံးချလိုက်သည်နှင့် ကန့်သတ်ချိန် တစ်နာရီကို စတင် ရေတွက်နေမည်။

"ယာယီ ဆင့်ခေါ်ခြင်းကတ်ကို အသက်သွင်းလိုက်ပါပြီ။ အကြီးအမှူးအဆင့် ယာယီ

ဆင့်ခေါ်ကတ် - ငရဲနဂါးကို ရရှိတဲ့အတွက် ဂုဏ်ပြုပါတယ်။"

"သန္ဓေ သုံးကြိမ်ပြောင်း အလယ်အလတ်အဆင့် နဂါးမျိုးစပ် တစ်ကောင်ပဲ။ မင်းက တော်တော်လေး ကံကောင်းတယ်ဟေ့"

"ယာယီ တိုက်ခိုက်ရေးအစွမ်း မြှင့်တင်ရေး ကတ်သုံးခုကို အသက်သွင်းပါ။"

လင်းဟွမ်က ချက်ချင်း ညွှန်ကြားလိုက်လျှင်

"ယာယီ တိုက်ခိုက်ရေး အစွမ်းမြင့်တင်ရေး ကတ်သုံးခုကို သုံးစွဲနေပါတယ်။ ငရဲနဂါးရဲ့ တိုက်ခိုက်ရေး အဆင့်က အင်မော်တယ်အဆင့် (၄) အထိ မြင့်တက်သွားပါပြီ။"

ထို့နောက် ယာယီဆင့်ခေါ်ခြင်း ကတ်ထဲမှ တောက်ပသော ရွှေရောင် အလင်းတန်းသုံးခု ထွက်ပေါ်လာသည်။ ကတ် နောက်ကျောတွင် ဖော်ပြထားသော တိုက်ခိုက်ရေးအဆင့် ဖော်ပြချက်များကိုလည်း ပြန်လည်ပြင်ဆင် သွားသည်။

"အခု သွားတော့"

လင်းဟွမ်သည် သူ့လက်ထဲက မွန်းစတားကတ်ကို ချေမွလိုက်သည်။

## အခန်း(၃၇၆) - မင်းက ငါ့ကို နောက်တစ်ကြိမ် အရူး လုပ်ပြန်ပြီ။

လေလံခန်းမ၏ အလယ်၊ လင်းဟွမ် စိုက်ကြည့်နေသော နေရာ၌ မည်သည့် သဲလွန်စမှ မပေါ်ဘဲ ရွှေရောင် အလင်းတန်းတစ်ခု ရုတ်တရက် ဖြာထွက်လာသည်။

ထူးဆန်းသော ဒီဖြစ်စဉ်ကြောင့် ရွှေမီးလျှံအဆင့် လူသုံးယောက်ကို သတ်ပစ်ခဲ့သည့် မိစ္ဆာသုံးကောင်

အပါအဝင် လူတိုင်း၏ စိတ်အာရုံကို ဖမ်းစားသွားကာ လူတိုင်းလည်း ငုပ်တုတ် မေ့နေကြသည်။

ပြိုးပြိုးပြက်ပြက် လင်းလက်နေသော ရွှေရောင်အလင်းတန်း ဖြာထွက်လာသည်နှင့် တပြိုင်နက်မိစ္ဆာများသည် ကြောက်မက်စရာ ကောင်းသော အော်ရာတစ်ခုကို ခံစားလိုက်ရသည်။

တူညီစွာပင် သန့်ရှင်းမီးလျှံအဆင့် လူများလည်း တောက်ပနေသော ရွှေရောင်ထဲမှ ထွက်ပေါ်လာသည့် အစွမ်းထက်သော အော်ရာကို ခံစား

လိုက်ရကာ ရန်သူလား၊ မိတ်ဆွေလား မသိသဖြင့် မည်သူမှ မတုံ့ပြန်ရဲပေ။

"ဝေါင်း....."

တောက်ပနေသော ရွှေရောင်ထဲမှ ကျယ်လောင်သော ဟိန်းဟောက်သံတစ်ခု ထွက်ပေါ်လာပြီး နေရာအနှံ့ ပျံ့နှံ့သွားသည်။ အသံလှိုင်းနှင့်အတူ ထွက်ပေါ်လာသော လေဖိအားကြောင့် ခန်းမအတွင်းရှိ ထိုင်ခုံအားလုံး ချက်ချင်း ကြေမွသွားသည်။

သာလွန်အဆင့် မရောက်သေးသော တော်ဝင်အဖွဲ့ဝင်များသည် ချက်ခြင်းလွင့်ထွက်သွားကာ နံရံနှင့်တိုက်မိပြီး လုံးဝ မလှုပ်ရှားနိုင်ကြတော့ပေ။

အဖြူရောင် မီးလျှံအဆင့်နှင့် ကြက်သွေးရောင်မီးလျှံအဆင့် ရှိသူများသည် ပြင်းထန်သော အော်ရာ၏ဖိအားကို တောင့်မခံနိုင်သဖြင့် ဆယ်မီတာအကွာအထိ ဆုတ်ခွာသွားကြသည်။

ရွှေရောင် မီးလျှံအဆင့် လူသုံးယောက်နှင့် မိစ္ဆာသုံးကောင်တို့သာ သူတို့နေရာတွင် ကြံ့ကြံ့ခံပြီး

ဆက်လက် ရပ်တည်နေကြသော်လည်း သူတို့ ခြောက်ယောက်လုံးသည် တောက်ပနေသော အလင်းရောင်ကြီးကို ကြောက်ရွံ့နေကြသည်။

အသံလှိုင်းများ တုန်ခါပြီးနောက် အနက်ရောင် ရောမ လက်သည်းကြီးသည် အလင်းထဲမှ ဖြည်းဖြည်းခြင်း ထွက်ပေါ်လာသည်။

မြေပြင်ပေါ်သို့ နင်းလိုက်သည်နှင့် လက်သည်းကြီးက လေလံခန်းမ၏ နေရာ တစ်ဝက်ခန့်ကို သိမ်းပိုက်သွား၏။

"အကြီးကြီးပဲ..."

လျှို့ဝှက် ဆန်းကြယ်အဖွဲ့မှ ဝန်ထမ်းတော်တော်များများသည် လေလံပွဲ နေရာက စတုရန်းမီတာ သုံးသောင်းကျော် ရှိကြောင်း သိနေကြသဖြင့် ရောမ လက်သည်းကြီးကို မြင်လိုက်သည့် အချိန်၌ အလန့်တကြား ထအော်ကြသည်။

ပထမဆုံး ထွက်ပေါ်လာသည့် ကြီးမားသော ခြေသည်းကြီး ပိုပို ပေါ်လာပြီးနောက် တောက်ပနေသော ရွှေရောင်ထဲမှ ရောမ

ဦးခေါင်းကြီးတစ်ခု ဖြည်းဖြည်းခြင်း ထွက်ပေါ်လာသည်။

လူအုပ်ကြီးသည် ကြောက်မက်စရာ ကောင်းသော မြင်ကွင်းကို သတိလက်လွတ် ငေးကြည့်နေကြသည်။ ဦးခေါင်း၏ ငါးပုံတစ်ပုံသာ မြင်ရသေးသော်လည်း လေလံခန်းမ ခေါင်မိုးသည် ပြိုကျသွားခဲ့ပြီ။

မကြာခင် ဆက်လက် ထွက်ပေါ်နေသော ရောမဦးခေါင်းကြီးကို ကြည့်နေရင်း လူအများသည် ထိတ်လန့် ကြောက်ရွံ့လာကြသည်။

"အဲဒါ နဂါးမျိုးစပ်လား"

ဦးခေါင်းကြီး၏ သုံးပုံတစ်ပုံကို မြင်ပြီးနောက် လူအုပ်ကြီးက ကြောက်လန့်တကြား အော်ဟစ်လိုက်ကြသည်။

ခဏအကြာ ငရဲနဂါး၏ ရောမခေါင်းကြီး တစ်ခုလုံး လုံး၀ ထွက်ပေါ်လာသည်။

"ဒါက တိမ်နဂါး မဟုတ်ဘူး။ တကယ့် နဂါးမျိုးစပ် တစ်ကောင်ပဲ"

လူတော်တော်များများသည် ရောမဦးခေါင်းကြီး၏ ပုံစံကို မြင်လိုက်သည့် ပထမ အခိုက်အတန့်မှာပင် တိမ်နဂါး မဟုတ်ကြောင်း သိသွား

ကြသည်။ အချို့ကမူ မွန်းစတား အမျိုးအစား အတိအကျကိုပင် သိနေကြသည်။

"ဒါက ငရဲနဂါး၊ အလယ်အလတ်အဆင့် နဂါးမျိုးစပ် တစ်ကောင်ပဲ။ ဒါက လူသတ်စက်ကြီး"

အမှန်တကယ်ဆို ငရဲနဂါး ဖြစ်ကြောင်း သိသည့်လူများပင် ရှိသေးသည်။

တော်ဝင် အဖွဲ့ဝင်များသည် ထိုစကားကို ကြားလိုက်လျှင် ထိတ်လန့်သွားကြပြီး သူတို့က ခရမ်းရောင်ကျီးကန်း အဖွဲ့အစည်းဘက်မှ ဆင့်ခေါ်ထားသည်ဟု ထင်နေကြသည်။

သို့သော် ခရမ်းရောင်ကျီးကန်း အဖွဲ့ဝင်များလည်း နဂါးကြီးကြောင့် အံ့သြမှင်တက် နေကြသည်။

အင်မော်တယ်အဆင့် ပြိုင်ဘက် လေးယောက်လုံးပင် အံ့အား သင့်နေကြသည်။ သူတို့သည် အင်မော်တယ်အဆင့် မွန်းစတားတစ်ကောင် ဖြစ်ကြောင်း ရှင်းရှင်းလင်းလင်း သိနေကြ၍ ပြိုင်ဘက်က ဒီမွန်းစတားကို ဆင့်ခေါ်ထားသည်ဟု ထင်နေကြခြင်းပင်

"ဝေါင်း....."

ဟိန်းဟောက်သံကြီးက နောက်တစ်ကြိမ် ထွက်ပေါ်လာပြီးနောက် ရွှေရောင် အလင်းတန်းထဲမှ ဧရာမနဂါးကြီးသည် လျှင်မြန်စွာ လူ့ပ်ရှားလာသည်။

စက္ကန့် အနည်းငယ် အတွင်းမှာပင် မီတာတစ်သောင်းကျော် ရှည်သော ဧရာမ နဂါးကြီးတစ်ကောင်သည် လေလံခန်းမ၏ အပေါ် လေထဲတွင် ပေါ်လာသည်။ နောက်ဆုံး၌ ပြိုးပြိုးပြက်ပြက် တောက်ပနေသော ရွှေရောင် အလင်းများလည်း ပျောက်ကွယ်သွားသည်။

လေလံခန်းမထဲရှိ လူတိုင်း နီးပါးသည် ရောမနဂါးကြီးကို ကြောက်ရွံ့ ထိတ်လန့်စွာ ကြည့်နေကြသည်။

“မိစ္ဆာသုံးကောင်ကို သတ်လိုက်”

ဗွီအိုင်ပီ အခန်းထဲမှ လင်းဟွမ်သည် တိုးတိုးလေး ညွှန်ကြားလိုက်လျှင်

"ဝေါင်း......."

ငရဲနဂါးကြီးသည် လင်းဟွမ်၏ ညွှန်ကြားချက်ကို ရှင်းရှင်းလင်းလင်း ကြားပြီးနောက် နောက်တစ်ကြိမ်

ဟိန်းဟောက် လိုက်လိုက်ပြီးနောက် ၎င်း၏ မီးတောက် လောင်နေသော မျက်လုံးများဖြင့် မိစ္ဆာသုံးကောင် ရှိနေသောနေရာကို စိုက်ကြည့် လိုက်သည်။

မိစ္ဆာသုံးကောင်သည် ရောမနဂါးကြီးက သူတို့အတွက် ရောက်လာကြောင်း ချက်ခြင်း ခံစားလိုက်ရချိန်၌ ငရဲနဂါးကြီး၏ ကြီးမားသော ခြေသည်းများက သူတို့ထံ ချဉ်းကပ်လာသည်။

ရောမ လက်သည်းကြီး နှိမ့်ချလိုက်သောအခါ လေလံခန်းမထဲကို ကောင်းကင်ကြီး ပြိုကျ

လာသလိုပင်။ မှိန်မှိန်ဖျော့ဖျော့ မီးခိုးရောင်များနှင့်အတူ ကြီးမားသော လက်သည်းများသည်လည်း ထိုးဖောက် ဝင်ရောက်လာသည်။

မိစ္ဆာ သုံးကောင်သည် ထွက်ပြေးချင်သော်လည်း ဟင်းလင်းပြင်ကို လက်သည်းကြီးက ထိန်းချုပ်ထားကြောင်း တွေ့လိုက်ရကာ လုံးဝ မရှောင်နိုင်တော့ပေ။ ထို့ကြောင့် ရောမနဂါးကြီး၏ တိုက်ခိုက်မှုကို ခုခံကာကွယ်ရန် သူတို့၏

ခုခံကာကွယ်ရေး စွမ်းရည်ကို အသက် သွင်းလိုက်ကြသည်။

ရောမ လက်သည်းကြီး ကျဆင်းလာသည်နှင့် တစ်ပြိုင်နက် ကွဲအက်သံတစ်ခု ကြားလိုက်ရပြီး မိစ္ဆာများ၏ အကာအကွယ်ဒိုင်းသည် ကျိုးကျ သွားသည်။

ရာနှင့်ချီသော သန့်ရှင်းမီးလျှံအဆင့် လူများ၏ တိုက်ခိုက်မှုကို ခုခံကာကွယ် နိုင်ခဲ့သော အကာအကွယ် ဒိုင်းသည် ရောမလက်သည်းကြီး အောက်တွင် မြက်ပင် တစ်ပင်နှင့် တူနေကာ

ကြီးမားသော လက်သည်းကြီးသည် မိစ္ဆာသုံးကောင်၏ ခေါင်းကို ထိမှန်သွားသည်။

ဖောင်း......

ကျယ်လောင်သော အသံတစ်ခု ကြားလိုက်ရသည်။ ရောမ လက်သည်းကြီးက မိစ္ဆာသုံးကောင်လုံးကို ပြားကပ်သွားအောင် နင်းချေလိုက် ပုံပင်။

လေလံခန်းမထဲရှိ မြေကြီး တစ်ဝက်ခန့် ကျုံ့ဆင်းသွားပြီး ရောမခြေသည်းပုံစံ ရှိသော အပေါက်ကြီးတစ်ခု ဖြစ်သွား၏။

လူအုပ်ကြီးသည် အစွမ်းထက်သော မိစ္ဆာများ ချက်ခြင်း ရှုံးနိမ့်သွားသည်ကို မြင်လိုက်လျှင် ထိတ်လန့်တုန်လှုပ် သွားကြသည်။ မိစ္ဆာသုံးကောင်၏ အကာအကွယ်ဒိုင်း ချက်ချင်း ပြိုကျသွားသည်ကို ရှင်းရှင်းလင်းလင်း မြင်ခဲ့ရဖြင့် သူတို့ ဆိုလျှင်လည်း ဧရာမလက်သည်းကြီး၏ တိုက်ခိုက်မှုမှ လွတ်မြောက်ရန် နည်းလမ်း မရှိနိုင်ပေ။

"မသေ သေးဘူးလား"

လင်းဟွမ်သည် ရှောင်ဖိန်ထံမှ အကြောင်းကြားချက် မရသေးသဖြင့် မျက်လုံး

ပြုးသွားသည်။ ထို့ကြောင့် မိစ္ဆာသုံးကောင် အသက်ရှင်နေသေးကြောင်း သိလိုက်ရ၍

"သူတို့ကို သတ်လိုက်။ အသက်ရှင် နေစရာ မလိုဘူး"

လင်းဟွမ်က ဒုတိယအကြိမ် ညွှန်ကြား လိုက်သည်။

ငရဲနဂါးကြီးက သူတို့ကို သတ်ဖြတ်ရန် လုပ်လိုက်စဉ် အနက်ရောင် ဂယက်လှိုင်းပြင်းကြီး တစ်ခုနှင့်အတူ ကောင်းကင်ပေါ်မှ လူတစ်ယောက် ရုတ်တရက် ပြုတ်ကျလာသည်။ ထို့နောက် လူသား

ပုံရိပ်တစ်ခုသည် လေလံခန်းမထဲ ဆင်းသက်လာပြီး အနက်ရောင် ဂယက်လှိုင်းကြီးနှင့် ငရဲနဂါး၏ မျက်လုံးကို တိုက်ခိုက်လိုက်သည်။

"ဝေါင်း....."

ငရဲနဂါးကြီးသည် ဟိန်းဟောက်ပြီး ချက်ချင်း တုံ့ပြန်လိုက်သည်။ ခေါင်းမြှောက်ပြီး ပါးစပ်ဖွင့်ကာ အနက်ရောင် မီးတောက်များကို မှုတ်ထုတ်လိုက်သဖြင့် အနက်ရောင် မီးတောက်များသည် ဂယက်လှိုင်းကြီးနှင့် တိုက်မိ သွားသည်။

တိုက်ခိုက်မှု၏ ရလဒ် ပြီးဆုံးသည်အထိ စောင့်မနေတော့ဘဲ ပါးစပ်ကို နောက်တစ်ကြိမ် ထပ်ဖွင့်ပြီး ရွှေရောင် မီးတောက်များကို နောက်တစ်ကြိမ် မှုတ်ထုတ်လိုက်သည်။

ကောင်းကင် တစ်ဝက်ခန့်ကို ရွှေရောင် မီးတောက်များ ဖုံးလွှမ်းသွားပြီး လူ တော်တော်များများက ခေါင်းမော့ပြီး ကောင်းကင်ပေါ်ကို မော့ကြည့် လိုက်ကြသည်။

မကြာခင် ပုံရိပ်သုံးခုသည် မတူညီသော အရပ်မျက်နှာ အသီးသီးကို ချက်ချင်း ဆုတ်ခွာသွားသည်။

ငရဲနဂါးကြီးက အင်မော်တယ်အဆင့်နှင့် တိုက်ခိုက်နေသော တိုက်ပွဲအပေါ် အာရုံလွဲသည့်အချိန်၌ မိစ္ဆာသုံးကောင် ထွက်ပြေးသွားသည်မှာ အထင်အရှားပင်

ထိုအချိန်တွင် ရှောင်ဖိန်ထံမှ အကြောင်းကြားချက် ထွက်ပေါ်လာသည်။

“အထူး အခြေအနေ တာဝန်ကတ်ကို အသက်သွင်းလိုက်ပြီ”

"တာဝန်- လူတစ်ပိုင်း နတ်ဘုရားတစ်ပိုင်း ဦးနှောက်ကို ရအောင်ယူပါ။

"တာဝန်အချိန် ကန့်သတ်ချက် - (၂၄) နာရီ”

"ဆုလာဘ် - မှတ်ဉာဏ်ကတ် တစ်ခု”

"ကန့်သတ်ချိန် မတိုင်ခင် တာဝန်ကို မအောင်မြင်ပါက အပြစ်ပေးခံရမယ်။ အခုလက်ရှိ

ပိုင်ဆိုင်ထားတဲ့ ဂန္တာဝင် အဆင့် မွန်းစတားကတ်တွေထဲက တစ်ခုကို ဖယ်ရှားမယ်”

"တာဝန် ကြေညာပြီးပါပြီ။ နောက်ထပ် အချက်အလက်များကို ကတ်နောက်ကျောမှာ ဖတ်ကြည့်ပါ။"

"ရှောင်ဖိန်..... မင်း ငါ့ကို ထပ်ပြီး အရူး လုပ်ပြန်ပြီလား"

လင်းဟွမ်သည် ခဏတာမျှ အံ့အော မှင်တက်နေပြီးနောက် ဒေါသတကြီး ကြိမ်းမောင်း လိုက်သည်။

"ဒါက ငါ့အမှား မဟုတ်ဘူး။ အထူးအခြေအနေကြောင့် တာဝန်ကတ် အသက်ဝင်လာတာ။"

ရှောင်ဖိန်၏ အသံက မှားယွင်းပြီး စွပ်စွဲခံနေရသလို ထွက်ပေါ်လာသည်။

## အခန်း(၃၇၇) - မှားယွင်းသော သုံးသပ်ချက်။

လင်းဟွမ်သည် ဘုံမဆင့် ဆိုင်းမဆင့် ရောက်ရှိလာသော တာဝန်ကို မြင်ပြီးနောက် ငိုချင်စိတ် ပေါက်လာသည်။

ဤကမ္ဘာသို့ ရောက်လာသော အခြား ခရီးသွားများက ရွှေလက်ချောင်း စနစ်၏ အကူအညီကို ရရှိနေချိန်မှာ သူက ဘာကြောင့် အမြဲတမ်း လှည့်စားခံနေရသနည်း ဆိုသည်ကိုတွေးပြီး အံ့အောသင့်နေမိသည်။

ရှောင်ဖိန်က သုတေသန ရည်ရွယ်ချက်အတွက် မိစ္ဆာများ၏ အလောင်းကိုသာ လိုချင်ကြောင်း ကတိပေးခဲ့ပြီး ယခုမူ လူတစ်ပိုင်း နတ်ဘုရားတစ်ပိုင် ဦးနှောက်ကို လိုချင်ကြောင်း တာဝန်တစ်ခု ထုတ်ပြန်လာသည်။

လင်းဟွမ်သည် ဤအဖြစ်အပျက်တွင် မပါဝင်မခြင်း မျှားခေါ် ခံနေရသလို ခံစားနေရသည်။

"ရှောင်ဖိန်၊ မင်းက ငါ့ကို သတ်ချင်နေတယ်လို့ ခံစားနေရတယ်နော်"

လင်းဟွမ်သည် စိတ်တည် ငြိမ်သွားအောင် အသက်ခပ်ပြင်းပြင်းလေး ရှူပြီးနောက် ရှောင်ဖိန်ကို

"တာဝန်ကတ်က အထူး အခြေအနေတွေမှာပဲ အသက်ဝင်တယ်။ အဲဒါကို မင်းက မတော်တဆ အသက်သွင်းလိုက်မိတာ ဖြစ်နိုင်တယ်။ ငါ့ကို သတ်လိုက်ရင်တောင် တာဝန်ကတ်က အသက်ဝင်နေအုံးမှာပဲ။ အဲဒါကို ငါလည်း မထိန်းချုပ်ထားဘူး"

"အထူးအခြေအနေ ဟုတ်လား"

လင်းဟွမ်သည် မြေပြင်ကို တွင်းပေါက်တစ်ခုဖြစ်သွားအောင် ပြုတ်ကျလာသော လူသား

အလောင်းကို

စိုက်ကြည့်လိုက်သည်။ ထိုလူသားအလောင်း မြေပြင်ပေါ် ပြုတ်ကျလာသည့် အချိန်၌ တာဝန် စတင်ခဲ့ခြင်းဖြစ်၍ ဒါသည် တာဝန်ကို အသက် ဝင်လာရသော အကြောင်းအရင်း ပင်

"ကောင်းကင်ကနေ ပြုတ်ကျလာတဲ့ လူက ကောင်းကင်မှာ တိုက်ခိုက်နေတဲ့ အင်မော်တယ်အဆင့် ဖြစ်နိုင်တယ်။ ခရမ်းရောင် ကျီးကန်းအဖွဲ့အစည်းရဲ့ ကုတ်အင်္ကျီ မဝတ်ထားဘူးဆိုတော့

လျှို့ဝှက်ဆန်းကြယ် လေလံပွဲရဲ့ စောင့်ရှောက်သူထဲက တစ်ယောက်ပေါ့"

လင်းဟွမ်သည် ထိုလူ၏ အထောက်အထားကို ခန့်မှန်းလိုက်သည်။

လျှို့ဝှက်ဆန်း ကြယ်လေလံပွဲတွင် အင်မော်တယ်အဆင့် စောက်ရှောက်သူ နှစ်ယောက်ရှိကြောင်း လျန်ယုရှင်းထံမှ သိထားသည်။ သူတို့ထဲမှ တစ်ယောက်သည် လေလံပွဲရုံ အပြင်ဘက်တွင် စောင့်ကြပ်ပြီး နောက်တစ်ဦးမှာ ဂိုဒေါင်ကို စောင့်ကြပ်

နေသော်လည်း ဒီလူက မည်သည့်နေရာကို စောင့်ကြပ်နေသည့် အစောင့်အရှောက် ဖြစ်ကြောင်း သူလည်း မသေချာပေ။

"ဒီလူအိုကြီးက သေတော့မယ့်ပုံပဲ..."

အပေါက်ကြီးထဲတွင် ပိန်ပိန်ပါပါး အဘိုးအိုကြီး တစ်ယောက်သည် တစ်ကိုယ်လုံး သွေးများ အိုင်ထွန်းနေပြီး အောက်ခံ ဘောင်းဘီကိုသာ ဝတ်ဆင်ထားသည်။

"သူ သေတော့မဲ့ပုံပဲ"

လင်းဟွမ်သည် အဘိုးအို လက်ချောင်းပေါ်ရှိ အင်ပါယာ နှလုံးသား လက်စွပ်ကို စိုက်ကြည့်ပြီးနောက် ဒီအဘိုးအိုကို သတ်ပြီး သူ့အလောင်းကို သိမ်းရဖြစ်မည် ဖြစ်ကြောင်း တွေးလိုက်မိသည်။

လင်းဟွမ် တွေဝေနေစဉ် မိစ္ဆာသုံးကောင် ရုတ်တရက် ထွက်ပေါ်လာပြီး ပိန်ပိန်ပါးပါး အဘိုးကြီးရှိနေသည့် တွင်းပေါက်ထဲသို့ ပြေးဝင် သွားသည်။

"ဂန္တဝင်အဆင့် စွမ်းရည်ကတ် - ကောင်းကင်ဘုံ အမျက်ဒေါသကို ရရှိတဲ့အတွက် ဂုဏ်ပြုပါတယ်"

လင်းဟွမ်သည် ရှောင်ဖိန်ထံမှ အကြောင်းကြားချက် ကြားလိုက်သဖြင့် အံ့အားသင့်သွားပြီးနောက် သူ့အတွေးများ ပြန်လည်ကောင်းမွန်လာကာ ဘာဖြစ်ပျက်ခဲ့လဲ ဆိုသည်ကို သိလိုက်သည်။

"အမ် ငရဲနဂါးကြီးက မတော်တဆ တက်နင်းမိလို့ အဘိုးကြီး သေသွားပြီလား"

လင်းယုန်မ်သည် ကတ်ကိုပင် မစစ်ဆေးဘဲ တစ္ဆေကို ချက်ချင်း ဆင့်ခေါ်လိုက်သည်။

တစ္ဆေသည် လင်းယုန်မ်ထံမှ ညွှန်ကြားချက်ကို ရပြီးနောက် မြေအောက်သို့ ချက်ချင်း ငုပ်လျှိုးသွားပြီး ငရဲနဂါးကြီး၏ ခြေသည်းများ အောက်သို့ ရောက်ရှိသွားသည်။ ပိန်ပိန်ပါးပါး အဘိုးအို၏ အလောင်းကို သယ်ဆောင်ပြီးနောက် မြေကြီးထဲသို့ ပြန်ငုပ်လျှိုးသွားသည်။

ခဏအကြာ မည်သူမျှ သတိမပြုမိဘဲ ဗွီအိုင်ပီ အခန်း (၃) ထဲကို အလောင်းနှင့်အတူ ပြန်ရောက်လာသည်။

လင်းဟွမ်သည် ပုံပျက်ပန်းပျက် သေဆုံးနေသော အဘိုးအို၏အလောင်းကို ကြည့်ပြီးနောက် တစ္ဆေကို ပြန်သိမ်းလိုက်စဉ် မျက်နှာပေါ်တွင် ထူးဆန်းသော အမူအရာတစ်ခု ပေါ်လာပြီး

"မင်းကို သတ်ရမလား မသတ်ဘူးလား ဆိုတာ ငါတောင် မဆုံးဖြတ်ရသေးဘူး။ မင်းဘာသာမင်း သေသွားတာ ငါနဲ့ဘာမှမဆိုင်ဘူးနော် ငါ့ကို

အပြစ်မတင်နဲ့။ နေရာမှားပြီး ရောက်လာတဲ့ မင်းကိုယ်မင်းပဲ အပြစ်တင်သင့်တယ်”

ထို့နောက် အဘိုးအို၏ အင်ပါယာနှလုံးသား လက်စွပ်ကို တစ်ချက်ကြည့်လိုက်ရာ နဂိုအတိုင်း ရှိနေသေးကြောင်း သိလိုက်ရ၍ အလောင်းကို သိုလှောင်လက်စွပ်ထဲ ထည့်သိမ်းလိုက်သည်။

အင်မော်တယ်အဆင့် လူသည် နဂါးမီးတောက်ကို အနိုင်ယူပြီး တိုက်ပွဲထဲမှ နောက်ဆုတ်သွားသည်။

အင်မော်တယ် အဆင့် (၄) နဂါးမျိုးစပ် တစ်ကောင်၏ နဂါးမီးတောက်ကို လျှော့တွက်၍

မရပေ။ အင်မော်တယ်အဆင့် (၇) သို့မဟုတ် အဆင့်(၈) လူများပင်နဂါး မီးတောက်နှင့် မတိုက်ခိုက်ချင်ကြပေ။

ကြည့်လိုက်ပါက နဂါးမီးတောက်သည် မီးတောက်ကဲ့သို့ ရိုးရှင်းပုံ ပေါက်သော်လည်း အလွန်ပြင်းထန်သော ထိုးဖောက်နိုင်စွမ်း ရှိသည့် ထူးခြားသော စွမ်းအင်ပုံစံ တစ်ခု ဖြစ်နေသည်။

ဒါသည် အလွန် မြင့်မားသော အပူချိန်ကို ထုတ်လွှတ်နိုင်ပြီး တစ်ချိန်တည်းမှာပင် ရန်သူ၏ ကံကြမ္မာစွမ်းအားကို လောင်ကျွမ်း

စေနိုင်သည်။ မှော်ဆရာများမှ လွဲ၍ အခြား မည်သူမှ ရှောင်လွှဲနိုင်မည် မဟုတ်ပေ။ နဂါးမီးတောက်သည် ရန်သူ၏ ဝိညာဉ်ကို လုံးဝ ပျက်ဆီးသွားသည့်အထိ လောင်ကျွမ်းနိုင်သည်။

အင်မော်တယ်အဆင့် လူသုံးယောက်တို့သည် ကောင်းကင်ပေါ်တွင် မတူညီသော နေရာတွင် ရပ်နေကြပြီး ငရဲနဂါးကြီးကို ကြောက်ရွံ့စွာ လှမ်းကြည့် နေကြသည်။

နဂါး မီးတောက်အပြင် အလယ်အလတ်အဆင့် နဂါးမျိုးစပ် တစ်ကောင်၏ စွမ်းရည်ကို မည်သည့်အခါမှ လျှော့မတွက်ရဲကြပေ။ ခန္ဓာကိုယ် ဖွဲ့စည်းပုံအရ ဖြစ်စေ စွမ်းအားအရ ဖြစ်စေ အင်မော်တယ်အဆင့် လူသုံးယောက်လုံးသည် ငရဲနဂါးနှင့် မယှဉ်နိုင်ချေ။

ငရဲနဂါးကြီး၏ လောင်ကျွမ်းနေသော မျက်လုံးများက လေထဲတွင် ရပ်နေသောလူကို အသေစိုက်ကြည့်နေသည်။ အထူးသဖြင့် ခရမ်းရောင်ကုတ်အင်္ကျီ အနက်ရောင်နှင့် မျက်မှန်

ဝတ်ဆင်ထားသော အမျိုးသားပင်။ ထိုလူထံမှ စိမ့်ထွက်လာသော အော်ရာနှင့် အနက်ရောင် ဂယက်လှိုင်းက ဆင်တူကြောင်း ရှင်းရှင်းလင်းလင်း သိနေ၍သာ

"အခုတော့ ကိစ္စတွေက ပို ရှုပ်ထွေးလာပြီ"

လင်ချန်း မျက်မှောင်ကြုတ်နေသော်လည်း ငရဲနဂါးကြီးကို ကြည့်နေသော အကြည့်အား မလွှဲခဲ့ပေ။ လေလံခန်းမထဲက ဗွီအိုင်ပီ အခန်းများ အပါအဝင် ပတ်ပတ်လည်ကို လှည့်ကြည့်ပြီးနောက်

"ပါ့မှာ ရှိနေတဲ့ နာမည်စာရင်း အရတော့ အင်မော်တယ်အဆင့်ရှိတဲ့လူ ဘယ်သူမှ လေလံပွဲကို မတက်ပါဘူး"

သဘာဝအရ အင်မော်တယ်အဆင့် ထိန်းချုပ်သူကသာ အင်မော်တယ်အဆင့် (၄) မွန်းစတား တစ်ကောင်ကို ဆင့်ခေါ်ဆောင်နိုင်စွမ်း ရှိသည်။ အကြောင်းမူ ထိန်းချုပ်သူနှင့် ဆင့်ခေါ် မွန်းစတားများ အကြား အဆင့်ကွာဟချက် ကြီးမားပါက မွန်းစတားများသည် စာချုပ်ကို တစ်ဖက်သတ် ချိုးဖျက် နိုင်သောကြောင့်။

သန့်ရှင်း မီးလျှံအဆင့်ဖြစ်စေ၊ ရွှေရောင်မီးလျှံအဆင့်ဖြစ်စေ အင်မော်တယ်အဆင့် (၄) မွန်းစတားတစ်ကောင်ကို ထိန်းချုပ်ရန် မဖြစ်နိုင်ပေ။

ထို့ကြောင့် လင်ချန်းက လေလံပွဲထဲတွင် အင်မော်တယ်အဆင့် ထိန်းချုပ်သူ ရှိနေလိမ့်မည်ဟု ခန့်မှန်းနေရသော အကြောင်းအရင်းဖြစ်သည်။ သူကလည်း ထိန်းချုပ်သူတစ်ယောက်ဖြစ်နေသဖြင့် ငရဲနဂါးကြီးက အကြီးမားဆုံး ပြဿနာမဟုတ်ကြောင်း ကောင်းကောင်း သိနေသည်။ အဓိကပြဿနာမှာ ထိန်းချုပ်သူပင်။

အင်မော်တယ်အဆင့် ထိန်းချုပ်သူတွင် ဆင့်ခေါ်နိုင်သော မွန်းစတားသည် တစ်ကောင်တည်း ရှိနေရန် မဖြစ်နိုင်ချေ။ ထိန်းချုပ်သူက အင်မော်တယ်အဆင့် (၄) နဂါးမျိုးစပ် မွန်းစတားတစ်ကောင်ကို ဆင့်ခေါ်နိုင်စွမ်း ရှိပါက အခြားသော အင်မော်တယ်အဆင့် မွန်းစတားများကိုလည်း ဆင့်ခေါ်နိုင်စွမ်း ရှိလိမ့်မည်။

အမည်မသိ ထိန်းချုပ်သူသည် အင်မော်တယ်အဆင့်တွင် ရှိနေပြီး နဂါးမျိုးစပ်

တစ်ကောင်ကို ထိန်းချုပ် နိုင်သောကြောင့် သူ၏ စွမ်းရည်ကို လျှော့တွက်၍ မရပေ။

လင်ချန်းသည် အတတ်ကျူးဘီလူးဖြစ် ဆိုသည့် စကားပုံကဲ့သို့ မှားယွင်းစွာ ကောက်ချက်ချခဲ့မိကြောင်း မသိပေ။ ကြောက်စရာကောင်းသော စွမ်းရည်နှင့် ငရဲနဂါးကြီးကို သန့်ရှင်းမီးလျှံအဆင့်ပင် မရောက်သေးသော လူငယ်တစ်ယောက်က ဆင့်ခေါ်လိမ့်မည်ဟု မည်သည့် အချိန်ကမျှ မထင်ထားခဲ့ပေ။

ပတ်ဝန်းကျင်တွင် ရှာကြည့်သော်လည်း ထိန်းချုပ်သူကို ရှာမတွေ့ခဲ့ပေ။

"လင်ချန်း၊ အခု ငါတို့ ဘာလုပ်ကြမလဲ၊ အဲ့ဒီ ထိန်းချုပ်သူကို သတ်ကြမလား"

ရန်ရန်က မျက်မှောင်ကြုတ်ပြီး မေးလိုက်သည်။ သူကလည်း အလားတူ ကောက်ချက်ချခဲ့သဖြင့် လင်ချန်းကို ချက်ချင်း မေးလိုက်ခြင်းပင်။

"ငါတို့မှာ အချိန် အကန့်အသတ် ရှိတယ်။ စည်းကမ်းထိန်းသိမ်းရေး အဖွဲ့ကိုလည်း အကြာကြီး

ဆွဲထားလို့ မရဘူး။ အခုချိန်က ထိန်းချုပ်သူကို သတ်ဖို့ မသင့်တော်သေးဘူး။ နောက်ပြီးတော့ ငါတို့မှာ အချိန်အလုံအလောက် ရှိရင်တောင် ငါတို့နှစ်ယောက်လုံးက ထိန်းချုပ်သူကို အနိုင်ယူနိုင်မှာ မဟုတ်ဘူး”

“ငရဲနဂါးကြီးက တကယ် ကြမ်းတမ်းလွန်းသည်။ တကယ်လို့ သူ့မှာ နောက်ထပ မွန်းစတားတွေ ရှိနေသေးရင် ငါတို့နှစ်ယောက်လုံး ဒီနေရာမှာပဲ သေသွားနိုင်တယ်။ အခွင့်အရေးကို ဆုပ်ကိုင်ပြီး အဘိုးအိုရဲ့ အလောင်းကို ယူရမယ်”

“တရုတ်ဝတ်စုံ ဝတ်ထားတဲ့ အဘိုးအိုက ပစ္စည်းတွေကို သူ့အင်ပါယာ နှလုံးသားလက်စွပ်ထဲမှာ သိမ်းထားတယ်လို့ ဝန်ခံထားပေမဲ့ လက်စွပ်ထဲမှာ မဖြစ်နိုင်ဘူး၊ ချပ်ဝတ်တန်ဆာထဲ သိမ်းထားတာလည်း ဖြစ်နိုင်တယ်"

"ငရဲ နဂါးကြီးကရော"

ရန်ရန်က မေးလိုက်လျှင်

"စိတ်ထိန်းထားစမ်းပါ။ ထိပ်တိုက် မရင်ဆိုင်နဲ့ အဲဒီလို လုပ်လိုက်ရင် အမည်မသိ ထိန်းချုပ်သူကို ရန်စသလို ဖြစ်သွားနိုင်တယ်။ မွန်းစတားတွေကို

နောက်ထပ်ဆင့်ခေါ်လိုက်မှ အကြီးအကျယ် ဒုက္ခရောက်သွားအုံးမယ်။"

လင်ချန်းက တိုက်ခိုက်မည့် စိတ်ကူးကို တစ်ခါတည်း စွန့်လွှတ်လိုက်သည်။

သို့သော်လည်း ဒီကိစ္စက သူ ထင်ထားသလောက် မရိုးရှင်းပေ။ ငရဲနဂါးကြီးသည် မာနကြီးသော သတ္တဝါဖြစ်ပြီး မည်သည့် ရန်စမှုကိုမှု လက်မခံနိုင်ပေ။

အလယ်အလတ်အဆင့် နဂါးမျိုးစပ် ဖြစ်သည့် ငရဲနဂါးကြီးသည် သာ၍

မာနကြီးသေးသည်။ မျက်မှန် တပ်ထားသည့် အမျိုးသား၏ တိုက်ခိုက်မှုက သူ့ကို ဒေါသ ထွက်စေခဲ့ပြီး။

"ဝေါင်း...."

ငရဲနဂါးကြီး၏ ဒေါသတကြီး ဟိန်းဟောက်သံက ရုတ်တရက် ထွက်ပေါ်လာသည်။ ပါးစပ်ကို အကျယ်ကြီး ဖွင့်လိုက်ပြီး မျက်မှန်တပ်ထားသော လူထံကို ရွှေရောင် နဂါးမီးတောက်များ မှုတ်ထုတ်လိုက်သဖြင့် သူ့တစ်ကိုယ်လုံးကို နဂါးမီးတောက်များ ဖုံးလွှမ်းသွားသည်။

## အခန်း(၃၇၈) - ကွင်းဆက် အကျဉ်းထောင်။

လင်ချန်းသည် နဂါးမျိုးစပ်လိုမျိုး ပြိုင်ဘက်နှင့် ရင်ဆိုင်ရန် တွန့်ဆုတ်နေသည်။ သူ၏ မျက်လုံးစွမ်းရည်သည် ဝိညာဉ်များကို တိုက်ခိုက်သည့်အခါမှသာ အားသာချက် ရှိပြီး အစွမ်းထက်သော ပြိုင်ဘက်များနှင့် ရင်ဆိုင်ရသောအခါ သူ့စွမ်းရည်သည် အကျိုးကျေးဇူး လုံလောက်ခြင်း မရှိတော့ချေ။

နဂါးမျိုးစပ် ကဲ့သို့သော သက်ရှိများသည် မွေးဖွားလာစဉ် အချိန်ကတည်းက တမူထူးခြားသော ဝိညာဉ်ဖြင့် မွေးဖွားလာခြင်းပင်

အလွန်သန်မာသော ခန္ဓာကိုယ် ဖွဲ့စည်းပုံ ရှိကြောင်း လူတိုင်းက သိကြသည်။ အမှန်တကယ်မှာ ၎င်းတို့၏ ဝိညာဉ်များသည်လည်း ထပ်တူထပ်မျှ အားကောင်းပြီး ဝိညာဉ် တိုက်ခိုက်မှုများကို ခုခံကာကွယ်နိုင်စွမ်း ရှိသည်။

လင်းဟွမ် ဆင့်ခေါ်ထားသော နဂါးမျိုးစပ်က လင်ချန်းကို ထိန်းချုပ်ထားသည်။ ဒါသည် လင်ချန်းက

ထိန်းချုပ်သူနှင့် နဂါးမျိုးစပ်ကို မတိုက်ခိုက်ချင်သော အကြောင်းအရင်းပင်

ပါမောက္ခကျန်း၏ ဓါတ်ခွဲခန်းထဲမှ လင်ချန်း ရရှိခဲ့သော မိစ္ဆာသုံးကောင်သည် ဈေးကြီးလွန်းသည်။ ထိုအချက်ကြောင့်သာ ငရဲနဂါး၏ တိုက်ခိုက်မှုကို ကာကွယ်ပြီး မိစ္ဆာသုံးကောင်ကို ကယ်တင်ခဲ့မည် မဟုတ်ပေ။

သို့သော်လည်း ငရဲနဂါးကြီးသည် လင်ချန်းက မိစ္ဆာများကို ကယ်တင်သွားသည့် လုပ်ရပ်အား ခွင့်လွှတ်နိုင်သည့်ပုံ မပေါ်ပေ။ ထို့နောက် ရွှေရောင်

နဂါးမီးလျှံများသည် သူ့ထံ တိုးဝင်လာပြီး ကောင်းကင်တစ်ခုလုံး ဖုံးလွှမ်းသွား၏။

လင်ချန်း၏ ဘယ်ဘက် မျက်လုံးထဲတွင် အနက်ရောင် ဝဲကတော့တစ်ခု ရုတ်တရက် ပေါ်လာသည်။ ရွှေရောင် နဂါးမီးတောက်က ထူးဆန်းသော စွမ်းအားတစ်ခု၏ ဆွဲငင်ခြင်းကို ခံလိုက်ရပြီး ရွှေရောင် လေဆင်နှာမောင်းပုံစံ ဖြစ်သွားသည်။ ပတ်ဝန်းကျင်၌ လေဟာနယ်တစ်ခု ဖြစ်ပေါ်လာပြီး နဂါးမီးတောက်များကို ဝိုင်းရံ သွားသည်။

ခဏအကြာ ငရဲနဂါးကြီးသည် တစ်စုံတစ်ခု မှားယွင်းနေကြောင်း သတိထားမိပြီး နဂါးမီးတောက်များ မှုတ်ထုတ်နေခြင်းကို ရပ်တန့်လိုက်၏။

မကြာခင် လင်ချန်း၏ အနက်ရောင်မျက်လုံးများက ရွှေရောင်မီးတောက်များကို ဝါးမျိုသွားပြီး သူ့ပုံရိပ်က ပြန်ပေါ်လာသည်။ အခြေအနေ လုံးဝ ကောင်းမွန်နေပြီး လူတော်တော်များများသည် မျက်လုံးထဲသို့

နဂါးမီးတောက်များ ဆုတ်သွင်း သွားသည်ကို မြင်လိုက်လျှင် ထိတ်လန့်သွားကြ၍

“နဂါးမီးတောက်ကိုတောင် ဝါးမျိုနိုင်စွမ်းရှိတဲ့ မျက်လုံးပဲ။ သူ့ရဲ့အစွမ်းက တော်တော်လေး ကြောက်စရာ ကောင်းတယ်”

“သူက တကယ့်လူသားလား ဒါမှမဟုတ် မွန်းစတား တစ်မျိုးမျိုးလား”

...

"အနည်းဆုံးတော့ ဂန္ဓဝင်အဆင့် မျက်လုံးစွမ်းရည်တစ်ခုပဲ ဖြစ်ရမယ်"

လင်းဟွမ်သည် ပြိုင်ဘက်က နဂါးမီးတောက်ကို အလွယ်တကူ ဝါးမျိုနိုင်လိမ့်မည်ဟု မမျှော်လင့်ထားခဲ့ပေ။ သို့သော်လည်း နောက်ထပ် အခိုက်အတန့်တွင် ပို၍ ကြောက်စရာကောင်းသော မြင်ကွင်းတစ်ခုကို တွေ့လိုက်ရသည်။

လင်ချန်းက ရုတ်တရက် နောက်လှည့်ပြီး အနက်ရောင် ချပ်ဝတ်တန်ဆာ ဝတ်ဆင်ထားသော ဖိန်ရှမ်ကို လှမ်းကြည့်လိုက်သည်။ တစ်ခဏလေး

အတွင်းမှာပင် သူ့ ညာဘက်မျက်လုံးက ရွှေရောင် ပြောင်းသွားပြီး ဖိန်ရှမ်ဘက်သို့ ဆူနာမီ လှိုင်းလုံးကြီးများ အလား မီးတောက်များကို မှုတ်ထုတ်လိုက်သည်။

လင်ချန်း၏ တိုက်ခိုက်မှုသည် မထင်မှတ်ဘဲ ရုတ်တရက် ဖြစ်ပေါ်လာခဲ့သည်။

ဖိန်ရှမ်သည် လင်ချန်းက ငရဲနဂါးကြီးနှင့် တိုက်ခိုက်နေသဖြင့် သူ့ဘက်သို့ လှည့်ပြီး တိုက်ခိုက်လာလိမ့်မည်ဟု မထင်ထားခဲ့ပေ။

ဖိန်ရှမ်သည် သတိမမူ မိသဖြင့် ချက်ချင်း နောက်ပြန် ဆုတ်လိုက်သည်။ သူ့ထံတွင် နဂါးမီးတောက်ကို ဖယ်ရှားရန် အလားတူ စွမ်းရည်မျိုးမရှိချေ။ ရွှေရောင်မီးတောက်က အစစ်အမှန် နဂါးမီးတောက် ဟုတ်၊ မဟုတ် မသေချာသော်လည်း ရှောင်ရှားရန် ဆုံးဖြတ်ခဲ့သည်။ နဂါးမီးတောက် စွဲလောင်သွားလျှင် ငြိမ်းသက်ရန် မလွယ်ကူလှပေ။

အနက်ရောင် ဝတ်စုံဝတ်ထားသော ခရမ်းရောင် ကျိုးကန်းအဖွဲ့ဝင် ရန်ရန်က နောက်ဆုတ်သွားသော

ဖိန်ရွှမ်နောက်တွင် ရုတ်တရက် ပေါ်လာပြီး ဓါးနှင့် တိုက်ခိုက်လိုက်သဖြင့် လေထဲတွင် လခြမ်းပုံသဏ္ဍာန် အနက်ရောင် အလင်းရောင် ဖျတ်ခနဲ လက်သွားသည်။ ဓါးသည် အလွန်လျင်မြန်သော အရှိန်ဖြင့် ဖြတ်သန်းသွားသောကြောင့် လေထဲရှိ ဟင်းလင်းပြင်များ အက်ကွဲသွားသည်။

ဖိန်ရွှမ်သည် သူ့နောက်ကျောဘက်မှ တိုက်ခိုက်လာသည်ကို သိလိုက်သည်နှင့် တစ်ပြိုင်နက် မျက်နှာပျက်သွားသည်။ တိုက်ခိုက်မှုကို ရှောင်တိမ်းရန် သူ့အတွက် နောက်ကျသွားခဲ့ပြီ။

ခန္ဓာကိုယ်ကို နောက်ပြန်လှည့်ပြီး ခါးကို ဖော့ယမ်းလိုက်ရာ ရွှေရောင်ခါးနှင့် အနက်ရောင်ခါးတို့ ထိပ်တိုက် တွေ့ဆုံသွားသည်။

လေထုထဲတွင် အရိပ်နှစ်ခု လွင့်ထွက်သွားပြီး ရွှေရောင်မီးတောက်ထဲ ပြုတ်ကျသွားသည်။ ဒါကို မြင်လိုက်သည့် အခိုက်အတန့်၌ ရန်ရန်၏ မျက်နှာပေါ်တွင် ကောက်ကျစ်သော အပြုံးတစ်ခု ပေါ်လာသည်။

အရာအားလုံးက မြန်မြန်ဆန်ဆန် ဖြစ်ပျက်သွားခဲ့ပြီး တိုက်ပွဲက ခဏလေး အတွင်းမှာပင် ပြီးဆုံးသွားခဲ့သည်။

လင်းဟွမ်သည် လင်ချန်း၏ နဂါးမီးတောက်ဖြင့် တိုက်ခိုက်နိုင်သော စွမ်းရည်ကို အံ့ဩသင့်နေဆဲပင်

"သူ့ မျက်လုံးစွမ်းရည်က အံ့ဩစရာပဲ။ ညာဘက်မျက်လုံးက တိုက်ခိုက်မှုကို ဖော်ထုတ်နိုင်ပြီး ဘယ်လက်မျက်လုံးက တိုက်ခိုက်မှုကို ချိတ်ပိတ်ထားနိုင်တယ်။ ဟိုအဘိုးကြီး ရှုံးခဲ့တာ အံ့ဩစရာ မရှိတော့ဘူး"

လေထဲတွင် ရှိနေသော ဖိန်ရွှမ်ကို ရွှေရောင်မီးတောက်များက လုံးဝ ဖုံးလွှမ်းသွားသည်။

ရန်ရန်၏ တိုက်ခိုက်မှုက ပြင်းထန်လွန်းသဖြင့် သူ့အတွက် ရွေးချယ်စရာ မရှိခဲ့ပေ။ အချိန်တိုလေးအတွင်း ရွှေရောင်မီးတောက်များကြောင့် မသေနိုင်သဖြင့် နောက်ဆုတ်ရန် ဆုံးဖြတ်ခဲ့သည်။

သို့သော်လည်း ဖိန်ရွှမ်သည် ရွှေရောင်မီးတောက်ထဲ ရောက်သည့်အခါမှ အစစ်အမှန် နဂါးမီးတောက် ဖြစ်နေကြောင်း သိလိုက်ရသည်။

ပြိုင်ဘက်၏ မျက်လုံးစွမ်းရည်သည် လှည့်စားခြင်း သို့မဟုတ် ပုံရိပ်ယောင် ထုတ်လုပ်ခြင်း မဟုတ်ပေ။ နဂါးမီးတောက်ကို အမှန်တကယ် ချိတ်ပိတ်ပြီး ပြန်လွှတ်ပေးလိုက်ခြင်းသာ။

ဖိန်ရှမ်၏ ကံကြမ္မာစွမ်းအားများသည် ရွှေရောင်မီးတောက်များ ဖုံးလွှမ်း သွားသောအခါ ကုန်ဆုံးမှုက အဆတစ်ရာ ပိုမြန်လာကာ မီးတောက်များသည် သူ့ခန္ဓာကိုယ်ထဲသို့ ထိုးဖောက်ဝင်ရောက်လာသည်။ ထိုအချက်ကို သိသွားသည်နှင့်

တပြိုင်နက် နဂါးမီးတောက်ထဲတွင် ကြာကြာ မနေရဲတော့ဘဲ ချက်ချင်း ပြန်ထွက်လိုက်သည်။

ထိုအချိန်၌ လင်ချန်း၏ ဘယ်ဘက်မျက်လုံးက အရောင် ပြောင်းသွား ပြန်သည်။ ဘယ်ဘက် မျက်လုံးသည် လုံး၀ ဖြူစွတ်သွားကာ မျက်လုံး သူငယ်အိမ် မရှိတော့ပေ။

ရုတ်တရက်ဆိုသလို နဂါးမီးတောက်များကို အဖြူရောင် အခိုးအငွေ့တစ်ခုက ဖုံးလွှမ်းသွားပြီး ပါးလွှာသော ဖလင်တစ်ခုကဲ့သို့ လျှင်မြန်စွာ ဖွဲ့စည်းသွားသည်။

လင်ချန်းက ခနဲ့တဲ့တဲ့ ပြုံးလိုက်သည်နှင့် သူ၏ ဘယ်ဘက် မျက်လုံးထဲမှ ဝဲကတော့ တစ်ခုပေါ်လာပြီး ထွင်းဖောက်မြင်ရသော ဖလင်နှင့် ဖုံးအုပ်ထားသည့် မီးတောက်အလွှာသည် အခိုးအငွေ့များနှင့်အတူ အရှုးအမူး လှည့်ပတ် လာသည်။

လင်းဟွမ်သည် ထိုအဖြစ်အပျက်ကို မြင်ပြီးနောက် လျှို့ဝှက်ဆန်းကြယ် အဖွဲ့အစည်းထဲမှ ဓါး ကိုင်ဆောင်ထားသော လူသည် သေတော့မည် ဖြစ်ကြောင်း သိလိုက်သည်။

ဤကဲ့သို့ အရှုးအမူး မွေ့ယမ်းနေသော အခြေအနေအောက်တွင် နဂါးမီးလျှံ တောက်လောင်နေသော ခါးသမားသည် ထွက်ရမည့် လမ်းကြောင်းအမှန်ကို မသိနိုင်တော့ပေ။ အချိန်တိုလေး အတွင်း၌ နဂါးမီးလျှံထဲမှ လွတ်မြောက်နိုင်တော့မည် မဟုတ်ပေ။

အချိန် အတော်ကြာအောင် နဂါးမီးတောက်ထဲတွင် ပိတ်မိသွားပါက သူ၏ ကံကြမ္မာစွမ်းအားများ လုံးဝ ကုန်ဆုံးသွားသည်အထိ နဂါးမီးတောက်က ဝါးမျို သွားလိမ့်မည်။ နဂါးမီးတောက်ထဲက

လွတ်လာခဲ့လျှင်ပင် သူ့၏ လက်ကျန် ကံကြမ္မာစွမ်းအားများက ခရမ်းရောင် ကျီးကန်းအဖွဲ့ဝင် နှစ်ယောက်ကို တိုက်ခိုက်ရန် လုံလောက်တော့မည် မဟုတ်ပဲ သူသာ အသတ်ခံရလိမ့်မည်။

"ခါးသမားက လူကောင်း တစ်ယောက် မဟုတ်ဘူး။ ဒါပေမဲ့ ငရဲနဂါးကလည်း ခရမ်းရောင်ကျီးကန်း အဖွဲ့ဝင် နှစ်ယောက်ကို တစ်ပြိုင်နက်တည်း တိုက်ခိုက်နိုင်မှာ မဟုတ်ဘူး"

လင်းဟွမ်သည် အခြေအနေကို ရှင်းရှင်းလင်းလင်း ကောက်ချက် ချလိုက်ပြီးနောက် ပြတ်သားစွာ ဆုံးဖြတ်ချက် ချကာ ချက်ချင်း ညွှန်ကြားလိုက်သည်။

"မျက်စိ စွမ်းရည် အသုံးပြုနေတဲ့လူကို တိုက်ခိုက်ပြီး လူ ကယ်ပါ"

ငရဲနဂါးကြီးသည် လင်းဟွမ်ထံမှ ညွှန်ကြားချက်ကို ရသည်နှင့် တစ်ပြိုင်နက် တိုက်ခိုက်တော့သည်။

လေထဲတွင် ဝဲဂယက် အခု (၂၀) ကျော် ဖြစ်ပေါ်လာပြီး အရွယ်ရောက်ပြီးသော လူတစ်ယောက်၏ ခြေထောက်ကဲ့သို့ ထူထဲသော

ချုပ်နှောင်ခြင်း ချိန်းကြိုးများ ပျံ့သန်းလာသည်။ ဒါသည် လင်ချန်း၏ ခန္ဓာကိုယ်ကို လှည့်ပတ်နေသော စပါးအုံးမြွေကြီး တစ်ကောင်နှင့် တူနေသည်။

ချုပ်နှောင်ခြင်း ချိန်းကြိုးများနှင့် ရစ်ပတ်ခံလိုက်ရသောအခါ လင်ချန်း၏ မျက်လုံးထဲတွင် ကြောက်ရွံ့သည့် အရိပ်အယောင်များ ပေါ်လာသည်။

ပထမဦးဆုံး အခိုက်အတန့်လေးမှာပင် ဝိညာဉ်များကို ချိတ်ပိတ်နိုင်သော ချုပ်နှောင်ခြင်း ချိန်းကြိုးဖြစ်ကြောင်း သိလိုက်သည်။ ငရဲနဂါးကြီးက သူ့ အကြံအစည်ကို သိနေပုံပင်။

သူ့ကို ချုပ်နှောင်ရန်အတွက် ဤကဲ့သို့ စွမ်းရည်မျိုးကို အသုံးပြုလိမ့်မည်ဟု မထင်ထားခဲ့ချေ။

"ရန်ရန်"

လင်ချန်းက ချက်ချင်း အော်ဟစ်လိုက်လျှင်

အနက်ရောင် ဝတ်စုံဝတ်ဆင်ထားသော ရန်ရန်က လင်ချန်းရှေ့တွင် ချက်ချင်းပေါ်လာပြီး စပ်ဖြဲဖြဲ ပြုံးလိုက်ကာ

"ဟဲဟဲ နောက်ဆုံးတော့ ငါ့ဆီက အကူအညီ လိုပြီပေါ့"

"သောက် ပေါက်ကရစကားတွေ ရပ်လိုက်တော့။ ဒါက ချုပ်နှောင်ခြင်း ချိန်းကြိုးပဲ"

လင်ချန်းသည် ပထမဦးဆုံးအကြိမ် လေလံသော မျက်နှာအမူအရာနှင့် ပြောလိုက်သည်။ သူသည် ဝိညာဉ်စွမ်းရည်ကိုသာ အဓိက ကျွမ်းကျင်သည်။

ယခုမူ သူ၏ အဓိကစွမ်းရည်ကို ချိန်းကြိုးများက ချိတ်ပိတ်ထားသဖြင့် သူ့စွမ်းရည်၏ (၁.၁၁) ရာခိုင်နှုန်းကိုပင် အသုံး မပြုနိုင်တော့ကြောင်း ရှင်းရှင်းလင်းလင်း သိနေသဖြင့် ဒါကို လျော့တွက်၍ မရပေ။

"မင်းရဲ့ ဝိညာဉ် တိုက်ခိုက်ရေးအစွမ်းက တော်တော်လေး ကြောက်စရာ ကောင်းတာပဲ"

ရန်ရန်က စနောက်လိုက်သည်။

"မင်းကိုလည်း ချန်းကြိုးတွေနဲ့ ချုပ်နှောင် ထားလိုက်ရင် ပိုကောင်းမယ်။ ဒါက ဝိညာဉ်ကို ချိတ်ပိတ်ရုံဘဲ မဟုတ်ဘဲ ဝိညာဉ်တွေကိုလည်း အန္တရာယ် ဖြစ်စေနိုင်တယ်။။။ ဝိညာဉ် ဖျက်ဆီးခြင်း ခေါက်ဆွဲနဲ့တောင် ယှဉ်နိုင်တယ်။ မင်းကို ချုပ်မိသွားတာနဲ့ မင်း မတရား နာကျင်နေလိမ့်မယ်။ မင်းရဲ့ ဝိညာဉ်ခွန်အားကို အခြေခံပြီး ပြောရရင်

ချိန်းကြိုး လေးငါးခုလောက်သာ ချုပ်နှောင်ခံရရင် မင်းရဲ့ဝိညာဉ် လုံးဝ ပြိုကွဲသွားလိမ့်မယ်”

လင်ချန်းက သတိပေးလိုက်လျှင်

“ဒါဆို ငါက အဝေးကို ပြေးသင့်တာပေါ့။ မင်းက ငါ့ကို အရှုံးလုပ်တာပဲ”

ရန်ရန်သည် လင်ချန်း၏ ရှင်းပြချက်ကို ကြားသောအခါ ကြိမ်ဆဲလိုက်သည်။ သူသည် ချုပ်နိုင်ခြင်း ချိန်းကြိုးအကြောင်းကို စေ့စေ့စပ်စပ် နားလည်ခြင်း မရှိခဲ့ပေ။ ထိုကဲ့သို့ မဟုတ်ပါက

တွေဝေခြင်း မရှိဘဲ အကူအညီ ပေးခဲ့မည် မဟုတ်ပေ။

"ငါ့ကို ကာပေးထား။ အဲ့ဒီလူကို မသတ်လိုက်ရင် နောက်ပိုင်း ဒုက္ခ ပိုများလာလိမ့်မယ်"

လင်ချန်းသည် ထွင်းဖောက် မြင်နေရသော မီးတောက်ဘက်သို့ လှမ်းကြည့်ပြီး ချက်ချင်း သတ်ပစ်ရန် ဆုံးဖြတ်လိုက်သည်။

## အခန်း(၃၇၉) - ရန်သူရဲ့ရန်သူက ငါ့မိတ်ဆွေပဲ

နဂါးမျိုးစပ်များသည် ဝိညာဉ် တိုက်ခိုက်မှုများအပေါ်တွင် အလွန်သန်မာသော ခုခံနိုင်စွမ်း ရှိသည်။ အချို့ နဂါးစပ်များသည် ဝိညာဉ်တိုက်ခိုက်ခြင်း စွမ်းရည်များနှင့် မွေးဖွား လာကြသည်။

ငရဲနဂါးသည် ထိုအထဲမှ တစ်ကောင်ပင်

ချုပ်နှောင်ခြင်း ချိန်းကြိုးသည် ဝိညာဉ်များကို ချိတ်ပိတ်နိုင်သော အကျိုးသက်ရောက်မှု ရှိနေသလို ဝိညာဉ် တိုက်ခိုက်ခြင်း အကျိုးသက်ရောက်မှု ကိုလည်း အသုံးမဝင် ဖြစ်သွားအောင် လုပ်နိုင်သော အစွမ်းသတ္တိ ရှိနေသည်။

ဒါသည် လင်ချန်း ကြောက်ရွံ့နေရသော အကြောင်းအရင်းပင်၊ ထို့ကြောင့် ပြန်၍ မတိုက်ခိုက်နိုင်ပေ။ ချိန်ကြိုးက သူ့ခန္ဓာကိုယ်ကို ထိမိလိုက်သည်နှင့် တစ်ပြိုင်နက် ခန္ဓာကိုယ်ထဲသို့ ချက်ချင်း စိမ့်ဝင်ပြီး သူ့ဝိညာဉ်ကို ချုပ်နှောင်

ထားလိမ့်မည်။ ဤကဲ့သို့ ချိန်းကြိုးများနှင့် ရင်ဆိုင်ရသောအခါ ရှောင်တိမ်းဖို့မှလွဲ၍ ဘာမှ မလုပ်နိုင်ပေ။

ရန်ရန်ကမူ ရုပ်ပိုင်းဆိုင်ရာ တိုက်ခိုက်မှုများတွင် ထူးချွန်ပြီး ချုပ်နှောင်ခြင်း ချိန်းကြိုးများက သူ့ခန္ဓာကိုယ်ကို မထိမိစေရန် ဓါတ်ကြွင်းများကို အသုံးပြု၍ ကာကွယ်နိုင်သည်။ သို့သော်လည်း အတိုင်းအတာ တစ်ခုအထိ စိတ်ဓာတ် မကြံ့ခိုင်သော လူများသည် ချုပ်နှောင်ခြင်း ချိန်းကြိုးနှင့် ရင်ဆိုင်သည့်အခါ ဘေးအန္တရာယ် ရှိသည်။

ချုပ်နှောင်ခြင်း ချိန်းကြိုးသည် လူတစ်ယောက်၏ ဝိညာဉ်ကို ချုပ်နှောင်နိုင်ရုံသာမက ဝိညာဉ်ကိုလည်း တင်းကြပ်၍ မွန်းကြပ်စေနိုင်သည်။ သဘာဝအားဖြင့် ဝိညာဉ်သည် မမြင်နိုင်သော အရာဝတ္ထုတစ်ခု ဖြစ်ကာ ပုံစံကိုလဲ ရိုးရှင်းစွာ ပြောင်းလဲနိုင်သည်။

သို့သော်လည်း ချုပ်နှောင်ခြင်း ချိန်းကြိုးဖြင့် ချုပ်နှောင်ခြင်း ခံလိုက်ရသောအခါ ဝိညာဉ်သည် မူလပုံစံ ပြန်ပြောင်းသွားကာ ထုထည်ရှိသော လူသားပုံစံအဖြစ် ပြောင်းလဲ သွားလိမ့်မည်။

ချုပ်နှောင်ခြင်း ချိန်းကြိုးက တင်းကြပ်လာသည်နှင့်အမျှ ဝိညာဉ်သည် ပြင်းထန်သော နာကျင်မှုကို ခံစားလာရပြီး ဝိညာဉ်က လုံလောက်အောင် သန်မာခြင်း မရှိပါက ကြေမွ ပျက်ဆီး သွားလိမ့်မည်။

လင်ချန်းက ရန်ရန်၏ ဝိညာဉ်ကို ချေမှုန်းရန်အတွက် ချိန်းကြိုး လေး၊ ငါးခုခန့်သာ လိုအပ်သည်ဟု ပြောခဲ့သည့်အချိန်၌ ချဲ့ကား ပြောဆိုခဲ့ခြင်း မဟုတ်ပေ။

လေထုအလယ်၌ ခရမ်းရောင်ကျိုးကန်း အဖွဲ့၏ ထိပ်တန်းအဖွဲ့ဝင် နှစ်ဦးသည် ချုပ်နှောင်ခြင်း ချိန်းကြိုး၏ တိုက်ခိုက်မှုများနှင့် ရင်ဆိုင်ကြုံတွေ့နေရသော်လည်း တွန့်ဆုတ်သွားခြင်း မရှိပေ။

ချက်ချင်း ဆိုသလို ရန်ရန်သည် သူ့ဓါးနှင့် ချုပ်နှောင်ခြင်း ချိန်းကြိုးများကို ခုတ်ထစ်ကာ ချိန်းကြိုးအားလုံးကို ဖယ်ရှားနေခဲ့သော်လည်း လင်ချန်းက သူ့ကို သတိပေးပြီးနောက် ချိန်းကြိုးများကို မထိရဲတော့ချေ။

ရန်ရန်သည် လင်ချန်းက ဖောက်ထွင်းမြင်ရသော အလင်းအလွှာကို ဆက်လက် ထိန်းသိမ်း ထားနိုင်စေရန် ကာကွယ်ပေးနေခဲ့သည်။

ဖိန်ရှွမ်သည် ဝက်ပါတစ်ခုထဲတွင် လှည့်ပတ် ပြေးလွှားနေရသလို ခံစားနေရသည်။

နဂါးမီးတောက်များနှင့် အဖြူရောင် အခိုးအငွေ့များသည် ပွင့်လင်းမြင်သာသော ဝက်ပါ မြင်ကွင်းတစ်ခုအဖြစ် စတင် လည်ပတ်နေသည်။

ဖိန်ရှွမ်သည် ဦးတည်ရာကို လုံးဝ မခွဲခြားနိုင်တော့ပေ။ သူ့တွင် ခွန်အားရှိသော်လည်း

သူ့ခွန်အားကို မည်သည့်နေရာ၌ အသုံးချရမှန်းမသိ ဖြစ်နေသည်။ အကြိမ်ကြိမ် ကြိုးစားခဲ့သော်လည်း နဂါးမီးတောက်၏ အစွန်းကို ရှာမတွေ့နိုင် ဖြစ်နေသည်။

သူ၏ ကံကြမ္မာစွမ်းအားများ လျော့နည်းလာသည်ကို ခံစားသိရှိနေရပြီး အထဲတွင် ကြာကြာ ပိတ်မိနေပါက သေနိုင်ချေ တိုးမြင့်လာမည်ကို ကောင်းကောင်း သိနေသဖြင့်

“ငါ့ဆီမှာ ကံကြမ္မာစွမ်းအား လုံလောက်နေတဲ့ အချိန်မှာပဲ စွမ်းရည် တစ်ခုခု သုံးရမယ်။ ဒီအတိုင်း

ဆက်သွားနေမယ်ဆိုရင် နောက်ပိုင်းကျရင် ကံကြမ္မာစွမ်းအားက သုံးဖို့တောင် ကျန်တော့မှာ မဟုတ်တော့ဘူး"

ဖိန်ရှမ်သည် တုံ့ဆိုင်းသွားပြီးနောက် ဆုံးဖြတ်ချက်တစ်ခု ချလိုက်သည်။ ရုတ်တရက်ဆိုသလို သူ့ခန္ဓာကိုယ်ထဲမှ အစွမ်းထက်သော အော်ရာတစ်ခု ပေါက်ကွဲ ထွက်လာသည်။

ခဏအကြာ သူ့ခန္ဓာကိုယ်ထဲမှ ကြီးမားသော စွမ်းအင်များ စိမ့်ထွက်လာပြီး လေထဲ၌ အရိပ်တစ်ခု ပေါ်လာသည်။ အရိပ်သည် အနက်ရောင်

ချပ်ဝတ်တန်ဆာ လူသားတစ်ယောက်နှင့် တူနေပြီး အရပ်က ဆယ်မီတာကျော် မြင့်မားသည်။ အရိပ် လူသားသည် ဆယ်မီတာခန့် ရှည်သော ဓါးတစ်ချောင်းကို ကိုင်ထား၍ သူ့ကို ကြည့်ရသည်မှာ တိုင်တန် တစ်ကောင်နှင့်တူနေပြီး ဖြာထွက်နေသော အော်ရာက တစ်ခုခု လွဲမှားနေသဖြင့် လူသားတော့ မဖြစ်နိုင်ပေ။

အနက်ရောင် ချပ်ဝတ်တန်ဆာ ဝတ်ဆင်ထားသော ဘီလူးကြီးသည် ပေါ်ထွက်လာသည်နှင့် တစ်ပြိုင်နက် သူ့ ခေါင်းပေါ်မှ တစ်ခုတည်းသော မျက်လုံးသည်

ပွင့်လာပြီး ရွှေရောင်အလင်းများ ဖြာထွက်လာသည်။ တစ်ချိန်တည်းမှာပင် သူ့လက်ထဲမှ အနက်ရောင် ဓါးကြီးသည်လည်း တောက်ပလာသည်။

အနက်ရောင် သံချပ်ကာဘီလူးကြီးသည် ဓါးကို လက်နှစ်ဖက်နှင့် ကိုင်မြှောက်ကာ ခုတ်ချလိုက်ရာ ပြိုးပြိုးပျက်ပျက် လက်နေသော ရွှေရောင်အလင်းများ ဖြာထွက်လာသည်။ ဓါးကြီးပေါ်မှ ရွှေရောင် အလင်းတန်းကြီး တစ်ခု တိုးထွက်လာပြီး ကောင်းကင်ကို ဖြတ်ကျော်သွားကာ အဖြူရောင်

အခိုးအငွေ့များနှင့် ရွှေရောင် မီးတောက်များကို အလယ် တစ်ဝက် နီးပါးခန့်မှ ဖြတ်သန်းသွားသည်။

ဒိုင်း.....

ကျယ်လှောင်သော အသံကြီး ရုတ်တရက် ထွက်ပေါ်လာပြီး နောက်ဆုံး၌ ရွှေရောင် တောက်ပနေသော ဝင်္ကပါမြင်ကွင်းကို ထိမှန် သွားသည်။ လျှင်မြန်စွာ လည်ပတ်နေသော ထွင်းဖောက်မြင်ရသည့် ဝင်္ကပါ မြင်ကွင်းသည် ခဏတာမျှသာ ထိန်းထားနိုင်ခဲ့ပြီး မကြာခင် ပြိုကျ ပျက်ဆီးသွားသည်။

အဖြူရောင် အခိုးအငွေ့များလည်း ပျောက်ကွယ်သွားကာ မငြိမ်မသက် ဖြစ်လာပြီး နဂါးမီးတောက်များသည် ကြီးမားသော လေဆင်နှာမောင်းကြီး တစ်ခုအဖြစ် စတင်ပြောင်းလဲသွားသည်။ ထို့နောက် ဖိန်ရွှမ်သည် လေဆင်နှာမောင်း ဦးတည်ရာ နောက်သို့ လျှောက်သွားပြီး နောက်ဆုံး၌ နဂါးမီးတောက်ထဲမှ အောင်မြင်စွာ လွတ်မြောက်လာခဲ့သည်။

လင်ချန်းသည် ဖိန်ရွှမ်က လွတ်မြောက်အောင် ရုန်းထွက်နိုင်ခဲ့သည်ကို မအံ့ဩပေ။ အနည်းငယ်

မျက်မှောင် ကြုတ်သွားပြီးနောက် သူ့မျက်လုံးတစ်စုံက ပုံမှန် ပြန်ဖြစ်သွားသည်။

လေထုထဲတွင် ရွေ့လျားနေသော ရွှေရောင်တောက်ပနေသည့် လေဆင်နှာမောင်းကြီးလည်း အလိုလို ပျောက်ကွယ်သွား၏။

ဖိန်ရွှမ်သည် သူ့ထံတွင် ကံကြမ္မာစွမ်းအားအများကြီး မကျန်တော့သဖြင့် ဝိညာဉ်တိုက်ခိုက်မှုများကို မခုခံနိုင်တော့ကြောင်း သိနေပြီးနောက် ငရဲမီးနဂါးကြီးကို

"မစ္စတာ ထိန်းချုပ်သူ၊ ခရမ်းရောင်ကျီးကန်းအဖွဲ့ဝင် နှစ်ယောက်ကို မင်း သတ်ပေးရင် လျှို့ဝှက်ဆန်းကြယ် အဖွဲ့အစည်းက ကြီးကြီးမားမားဆု ချီးမြှင့်ပေးမယ်"

သူသည် ငရဲနဂါးနက်နှင့် ခရမ်းရောင် ကျီးကန်းအဖွဲ့အစည်းမှ လူများကြားက ဆက်ဆံရေးကို သတိထားမိသည်။ ဤကဲ့သို့ အခြေအနေ၌ ငရဲနဂါးကြီးကို ထိန်းချုပ်နေသော ထိန်းချုပ်သူက မည်သူလဲ ဆိုသည်ကို ဂရု မစိုက်နိုင်တော့ချေ။

ရန်သူ၏ရန်သူသည် မိတ်ဆွေပင်

ထို့ကြောင့် အတူတကွ တိုက်ခိုက်ရန် အဆိုပြုခဲ့သည်။

ငရဲနဂါးကြီးနှင့် အမည်မသိ ထိန်းချုပ်သူက ပြန်မဖြေရသေးခင် လင်ချန်းက ဦးအောင်

"မစ္စတာ ထိန်းချုပ်သူ၊ ခရမ်းရောင်ကျီးကန်း အဖွဲ့အစည်းက မင်းကို ရန်စဖို့ အကြောင်းပြချက် မရှိဘူး။ ငါတို့ ဒီကိုလာရတဲ့ အကြောင်းအရင်းက ရိုးရိုးလေးပဲ။ လျှို့ဝှက်ဆန်းကြယ် စောင့်ရှောက်သူ

နှစ်ယောက်ကို သတ်ပစ်ချင်တယ်။ သူတို့ရဲ့ အလောင်းတွေကို ပြန်ယူသွားချင်တယ်”

“ရတယ် မင်းတို့က သူတို့ရဲ့အလောင်းကို ယူသွားနိုင်တယ်။ ဒါပေမဲ့ အင်ပါယာ နှလုံးသား လက်စွပ်တော့ မပါဘူး”

ငရဲနဂါးကြီး၏ အသံ ထွက်ပေါ်လာသည်။ ဒါသည် လင်းဟွမ် ပြောလိုက်ခြင်းပင်။

လင်ချန်းနှင့် ရန်ရန်တို့ မျက်နှာ ပျက်သွားကြသည်။ လင်းဟွမ်က သူတို့ကို လက်ဗလာနှင့် ပြန်ခိုင်းသည်မှာ အထင်အရှားပင်။

“ထိန်းချုပ်သူ မင်းက ဒီကိစ္စတွေကို အရှည်အရှည် ဖြစ်အောင် ဆွဲမဆန့်ပါနဲ့”

လင်ချန်းက မှုန်မှုန်ကုတ် ဟန်အမူအရာနှင့် အော်ဟစ်လိုက်လျှင်

“ကောင်းပြီ လူတစ်ပိုင်း နတ်ဘုရားတစ်ပိုင်း ဦးနှောက်က ငါ့အပိုင်ပဲ။ ကျန်တာ မင်းတို့ရမယ်”

ငရဲနဂါးကြီးက ထပ်ပြောလိုက်သည်။

"မင်းတို့ဘက်က လူတစ်ပိုင်း နတ်ဘုရားတစ်ပိုင်း ဦးနှောက်နဲ့ တန်ဖိုးတူတဲ့ပစ္စည်း တစ်ခုခုနဲ့ လဲလှယ်မယ်ဆိုရင် ဒီကိစ္စမှာ ငါဝင်မပါတော့ဘူး"

"အဓိပ္ပါယ်မရှိတဲ့ စကားတွေမပြောနဲ့ ဒီကောင်က အသုံးမဝင်တဲ့ ကြွက်စုတ်လေး တစ်ကောင်ပဲ။ သူကမင်းနဲ့ စကားပြောဖို့ ဆင့်ခေါ်ထားတဲ့ မွန်းစတားတစ်ကောင် လိုတယ်။ စေ့စပ်ညှိနှိုင်းမှုမှာ သူ့ဘက်က ရိုးသားမှု မရှိဘူး"

ရန်ရန်က အေးစက်စွာ အော်ဟစ်လိုက်ချိန်တွင်

"ကြွက်စုတ်လေး လူကြီးတွေ စကားပြောနေတာ ဝင်မပါဖို့ မင်းရဲ့ အဖေအမေတွေ မသင်ပေး ခဲ့ဘူးလား"

ငရဲနဂါးကြီးက စကားပြောပြီးသည်နှင့် ၎င်း၏ လက်သည်းကြီးများသည် ဟင်းလင်းပြင်ထဲ ထိုးဖောက် ဝင်ရောက်သွားပြီး ရန်ရန် ရှေ့တွင် ရုတ်တရက် ပေါ်လာကာ နှလုံးနေရာကို တိုးဝင်သွားသည်။

ရန်ရန် ထိတ်လန့် ကြောက်ရွံ့သွားသော်လည်း ရှောင်တိမ်းရန် အချိန်မရသဖြင့် ဓါးဖြင့်ခုတ်၍ ကာကွယ်လိုက်ရသည်။

ဧရာမ လက်သည်းကြီးနှင့် ဓါးကြီးတို့ ထိမိသွားသည်နှင့် တစ်ပြိုင်နက် ရန်ရန်၏ ခန္ဓာကိုယ်သည် မြှားတစ်စင်း ပစ်လွှတ်လိုက်သကဲ့သို့ လွင့်ထွက်သွားသည်။

ရန်ရန် မရှိတော့သဖြင့် အနက်ရောင် ချုပ်နှောင်ခြင်း ချိန်းကြိုးများသည် လင်ချန်းထံသို့ အမြှင်များအလား ဦးတည်ပြီး တိုးဝင်သွားသည်။

လင်ချန်းသည် ချုပ်နှောင်ခြင်း ချိန်းကြိုးများနှင့် အထိ မခံရဲသဖြင့် အသည်းအသန် ရှောင်တိမ်း လိုက်သည်။

ထိုအချိန်၌ ဖိန်ရှမ်က အခွင့်အရေးကို အသုံးချပြီး တိုက်ခိုက်ရေး ဝိညာဉ်ကို အသုံးပြုကာ လင်ချန်းကို တိုက်ခိုက်လိုက်သည်။

လင်ချန်းသည် ဖိနိပ်ခြင်း ချိန်းကြိုး၏ တိုက်ခိုက်ခြင်းကို ခံရပြီးနောက် ခက်ခဲသော အခြေအနေထဲ ကျရောက်နေခဲ့ပြီ။ ဖိန်ရှမ်က တိုက်ပွဲထဲ ဝင်ပါလာသဖြင့် ပို၍ အန္တရာယ်

များလာသည်။ ချုပ်နှောင်ခြင်း ချိန်းကြိုးများကို ရှောင်တိမ်းနေစဉ် တိုက်ခိုက်ရေး ဝိညာဉ်၏ တိုက်ခိုက်မှုက ထိမှန်သွားသဖြင့် ပါးစပ်မှ သွေးများ အန်ထွက်သွား၏။

ငရဲနဂါးကြီးနှင့် ထိပ်တိုက် ရင်ဆိုင်ပြီး လွင့်ထွက်သော ရန်ရန်သည် လင်ချန်းက ပြင်းထန်စွာ ဒဏ်ရာရသွားသည်ကို တွေ့လိုက်လျှင် ငရဲနဂါးကြီး၏ တိုက်ခိုက်မှုကြောင့် ဖြစ်ပေါ်လာသော ဒဏ်ရာများကိုပင် ဂရုမစိုက်နိုင်တော့ချေ။ ချက်ချင်း ပျံသန်းပြီး တိုက်ပွဲထဲ ပူးပေါင်း ပါဝင်လာသည်။

"လင်ချန်း၊ မင်း အဆင်ပြေရဲ့လား"

ရန်ရန်သည် ချုပ်နှောင်းခြင်း ချိန်းကြိုး၏ တိုက်ခိုက်မှုများကို တားဆီးရန် ခါးကို နောက်တစ်ကြိမ် ဖော့ယမ်းလိုက်စဉ်

"ငါ အသက်ရှင်နေသေးတယ်။ မိစ္ဆာသုံးကောင်နဲ့ ဆက်သွယ်ပြီးပြီ ပိန်ပိန်ပါးပါး အဘိုးကြီး အလောင်းကို ယူလာလိုက်။ ပြီးရင် ဒီနေရာက ထွက်သွားကြမယ် ချုပ်နှောင်ခြင်း ချိန်းကြိုးကို ပိတ်ဆို့ဖို့ ကူညီပေးပါ။ ငါ့ရဲ့စွမ်းရည်နဲ့ သတ်ပစ်မယ် ချပ်ဝတ်တန်ဆာ ဝတ်ထားတဲ့ လူရဲ့အလောင်းကို

ယူပြီးတာနဲ့ ထွက်သွားမယ် တိုက်ပွဲကို အချိန်အကြာကြီး ဆက်သွားနေရင် ငါတို့အတွက် အခြေအနေကောင်းမှာ မဟုတ်တော့ဘူး”

လင်ချန်းက အခြေအနေကို သိနေသည်။

“မင်း တစ်ကြိမ် သုံးပြီးပြီ မဟုတ်လား။ နောက်တစ်ကြိမ် အသက်သွင်းနိုင်တာ သေချာလို့လား”

ရန်ရန်က စိုးရိမ်တကြီး မေးလိုက်ချိန်တွင်

"လုပ်နိုင်သလောက် လုပ်ရမှာပဲ။ ချပ်ဝတ်တန်ဆာ ဝတ်ထားတဲ့လူက ကံကြမ္မာစွမ်းအား ကုန်သလောက် ဖြစ်နေပြီ။ သူ့ကိုသတ်ဖို့ မခက်ဘူးလို့ ငါထင်တယ်။ ဒါကြောင့် လွတ်မြောက်ဖို့အတွက် မင်းရဲ့ အကူအညီလိုတယ်"

လင်ချန်းသည် သူ့တွင် အခြားရွေးချယ်စရာ မရှိကြောင်း သိနေသဖြင့် လေသံက လေးနက် တည်ကြည်လာသည်။

## အခန်း(၃၈၀) - ရှေ့နောက်မကြည့်ဘဲ ဖွတ်လုပ်ရန် ကြိုးစားခြင်း။

လျှို့ဝှက်ဆန်းကြယ် လေလံခန်းမ....

ဒါဏ်ရာ ပြင်းထန်စွာရထားသော မိစ္ဆာ သုံးကောင်သည် ဖြည်းဖြည်းချင်း ဆင်းသက်လာသော်လည်း သူတို့ မထွက်သွားပေ။ တစ်ခုခုကို ရှာဖွေနေသကဲ့သို့ လေလံခန်းမထဲတွင် လှည့်ပတ်သွားလာ နေကြသည်။

သူတို့၏ လှုပ်ရှားမှုက ထူးဆန်းနေသဖြင့် လင်းဟွမ်း၏ အာရုံကို ဖမ်းစားသွားကာ

"ဒီကောင်တွေ ပိန်ပိန်ပါးပါး အဘိုးကြီးရဲ့ အလောင်းကို ရှာနေတာလား"

လင်းဟွမ်သည် တစ်ချက် ကြည့်လိုက်ရုံဖြင့် မိစ္ဆာသုံးကောင်၏ ရည်ရွယ်ချက်ကို သိလိုက်သည်။

ခရမ်းရောင် ကျီးကန်းအဖွဲ့အစည်းက လူတပိုင်း နတ်ဘုရားတပိုင်း ဦးနှောက်ကို လိုချင်နေသော်လည်း လေလံပွဲ ဂိုဒေါင်ထဲက ပစ္စည်း အားလုံးကို ရှင်းလင်းထားပြီးသား ဖြစ်နေရာ ဂိုဒေါင်

စောင့်ရှောက်သူက သူ့အင်ပါယာ နှလုံးသား လက်စွပ်ထဲတွင် သိမ်းဆည်းထားနိုင်ဖွယ် ရှိသည်။

ထို့ကြောင့် ဤမိစ္ဆာသုံးကောင် ရှာဖွေနေသော ပစ္စည်းသည် လူတပိုင်းနတ် ဘုရားတပိုင်း ဦးနှောက်နှင့် ဆက်စပ်နေသော လဲကျသွားသည့် ပိန်ပိန်ပါးပါး အဘိုးအို အလောင်းကို ရှာဖွေနေခြင်းသာ ဖြစ်လိမ့်မည်။

"ငရဲနဂါး၊ မိစ္ဆာသုံးကောင်ကို အရင်သတ်လိုက်"

လင်းဟွမ်က ညွှန်ကြားလိုက်သည်။

ငရဲနဂါးသည် ညွန်ကြားချက် ရသည်နှင့် တပြိုင်နက် ၎င်း၏အောက်တွင် ရှိနေသော ခန်းမကို ငုံ့ကြည့်လိုက်ပြီး အနက်ရောင် ချုပ်နှောင်ခြင်း ချိန်းကြိုးသည် အလွန် လျင်မြန်သောနှုန်းဖြင့် စပါးကြီးမြွေ တစ်ကောင်အလား ထိုးဆင်း သွားသည်။

ထို့နောက် ချုပ်နှောင်ခြင်း ချိန်းကြိုးများသည် စပါးကြီးမြွေ တစ်ကောင်အလား ခန်းမလေထုကို ဖြတ်သန်းလာသည်။ မကြာခင် မိစ္ဆာသုံးကောင်သည် ခြိမ်းခြောက်မှု တစ်ခုခု ဝင်လာကြောင်း သတိ

ထားလိုက်မိသော်လည်း အရှုးအမူး ရှာဖွေနေခြင်းကို မရပ်တန့်ခဲ့ပေ။

"တော်တော် ထူးဆန်းတယ်။ မိစ္ဆာတွေက ခြိမ်းခြောက်မှု ဝင်လာတာကို ခံစားမိဒါတောင် အလုပ် ဆက်လုပ်နေတုန်းလား"

လင်းဟွမ်သည် မိစ္ဆာများ၏ အသိစိတ်က ထိန်းချုပ်ခြင်း ခံထားရကြောင်း သိလိုက်သည်။ သာမန်အခြေအနေတွင် ဤကဲ့သို့ ပြင်းထန်သော ခြိမ်းခြောက်မှု တစ်ခုနှင့် ကြုံတွေ့ရပါက ဉာဏ်ရည်

နိမ့်ပါးသော မွန်းစတားတစ်ကောင်ပင် ထွက်ပြေးရန် ရွေးချယ်လိမ့်မည်။

ချုပ်နှောင်ခြင်း ချိန်းကြိုးသည် ပစ်မှတ်ကို အတည်ပြုပြီးသည်နှင့် ချက်ချင်း ဝိညာဉ် အားလုံးထဲတွင် အသန်မာဆုံးဖြစ်သော စုန်းမက ပထမဆုံးပစ်မှတ် ဖြစ်သွားသည်။

စုန်းမသည် ချုပ်နှောင်းခြင်း ချိန်းကြိုးက ဘာလဲဆိုသည်ကို မသိသော်လည်း သူမ၏ဝိညာဉ်က ချုပ်နှောင်ခြင်း ခံလိုက်ရကြောင်း သိလိုက်သည်။ သူမသည် ချိန်းကြိုး၏ ပထမဆုံး

သားကောင်ဖြစ်ကြောင်း သိလိုက်သည့်အချိန်၌ ရှောင်ရန် ကြိုးစားခဲ့သော်လည်း နောက်ကျ သွားခဲ့ပြီ။ ချုပ်နှောင်ခြင်း ချိန်းကြိုးက အနက်ရောင် လျှပ်စီးကြောင်းအလား လျင်မြန်စွာ တိုးဝင်လာပြီး စုန်းမ၏ခါးကို ခဏလေးအတွင်း ရစ်ပတ်သွားသည်။

ချုပ်နှောင်ခြင်း ချိန်းကြိုးက ရစ်ပတ်လိုက်သည်နှင့် ဝိညာဉ်ကို ချက်ချင်း ချိတ်ပိတ်လိုက်သည်။ စုန်းမသည် ပြင်းထန်သော နာကျင်မှုဝေဒနာကို ခံစားရပြီး နာကျည်းလွန်း၍ မချိမဆံ့ အော်ဟစ် လိုက်ပြီးနောက် လူးလိမ့်၍ အော်ဟစ်နေသည်။

ထိုအောဲဟာစ်သံများသည် ငါးစက္ကန့်ပင် မကြာလိုက်ချေ။ နောက်ဆုံး၌ ရပ်တန့်သွားသည်။

ဒါသည် စုန်းမ၏ခန္ဓာကိုယ်ထဲရှိ ဝိညာဉ်သည် ချုပ်နှောင်ခြင်း ချိန်းကြိုးကြောင့် လုံးဝ ကြေမွ၍ ပျက်စီးသွားကြောင့် နောက်ဆုံး၌ သေဆုံးသွားခဲ့သည်။ ချုပ်နှောင်ခြင်း ချိန်းကြိုးက လွတ်ပေးလိုက်သည်နှင့် တပြိုင်နက် စုန်းမ၏ ခန္ဓာကိုယ်သည် မြေပေါ်သို့ ဘုန်းခနဲ ပစ်လဲကျသွားသည်။

နောက်ထပ် ပစ်မှတ်မှာ ယုတ်ညံ့မိစ္ဆာပင်။

ထိုအခိုက်အတန့်၌ ရှောင်ဖိန်ထံမှ အကြောင်းကြားချက် ထွက်ပေါ်လာသည်။

“မော်ကွန်းအဆင့် မွန်းစတားကတ် - စုန်းမကတ်ကို ရရှိတဲ့အတွက် ဂုဏ်ပြုပါတယ်”

“တစ္ဆေ အဲ့ဒီစုန်းမရဲ့ အလောင်းကို သွားယူလိုက်”

လင်းဟွမ်က တစ္ဆေကို နောက်တစ်ကြိမ် ဆင့်ခေါ်ပြီး ညွှန်ကြားလိုက်လျှင်

တစ္ဆေသည် မြေကြီးထဲငုပ်လျှိုးပြီး စုန်းမအလောင်းထံ တန်းသွားသည်။

ယုတ်ညံ့မှင်စာသည် ချုပ်နှောင်ခြင်း ချိန်းကြိုးက မည်မျှ ကြောက်စရာကောင်းကြောင်း မြင်ပြီးနောက် ဘေးသို့ အမြန် ခုန်ရှောင်လိုက်သော်လည်း မြန်ဆန်မှုက မလုံလောက်ခဲ့သဖြင့် နှစ်မိနစ်အတွင်း အဖမ်း ခံလိုက်ရသည်။ ချုပ်နှောင်ခြင်း ချိန်းကြိုးနှင့် အဖမ်းခံလိုက်ရပြီးနောက် သုံးစက္ကန့် ပြည့်အောင်ပင် မရုန်းနိုင်ဘဲ သေဆုံးသွားခဲ့သည်။

သိပ်မကြာခင် ဖိနှိပ်ခြင်း ချိမ်းကြိုးသည် နောက်ဆုံးပစ်မှတ်ဖြစ်သော တမန်တော် မိစ္ဆာကို စတင် တိုက်ခိုက်လိုက်သည်။ တမန်တော် မိစ္ဆာသည်

တိုက်ခိုက်မှုကို မရှောင်တိမ်းခဲ့ပေ။ ထိုအစား ချုပ်နှောင်ခြင်း ချိန်းကြိုးကို လက်သီးတစ်ချက် လှမ်းထိုးလိုက်သည်။ ကံဆိုးစွာဖြင့် ချိန်းကြိုးနှင့် ထိလိုက်မိသည်နှင့် ချုပ်နှောင်ခြင်း ခံလိုက်ရသည်။

တမန်တော် မိစ္ဆာသည် ဝိညာဉ်မပြိုကွဲခင် တစ်စက္ကန့်မျှသာ ရှန်းကန်နိုင်ခဲ့ပြီး ဝိညာဉ် ပြိုကွဲသွားသည်နှင့် တပြိုင်နက် ခန္ဓာကိုယ်က တောင့်တင့်ပြီး လဲကျသွားသည်။

ချုပ်နှောင်ခြင်း ချိန်းကြိုးက မိစ္ဆာသုံးကောင်ကို အလွယ်တကူ သတ်ပစ်ခဲ့ပြီးနောက် လင်းဟွမ်သည် မွန်းစတားကတ် သုံးခု ရရှိခဲ့သည်။

တစ္ဆေသည် မိစ္ဆာသုံးကောင်၏ အလောင်းကို သယ်ပြီး ဗီအိုင်ပီအခန်း (၃) ထဲသို့ ပြန်ရောက် လာသည်။

“ရှောင်ဖိန် အလောင်းတွေ သိမ်းထားပေးဖို့ လိုသေးလား”

လင်းဟွမ်က မေးလိုက်လျှင်

"မင်း လက်နဲ့ထိလိုက်ရင် ငါ စုဆောင်းလို့ ရပြီ"

လင်းဟွမ်က ခေါင်းငြိမ့်ပြီး ရှောင်ဖိန်ပြောသည့်အတိုင်း လုပ်လိုက်သည်။ အလောင်းများသည် လက်နှင့်ထိသည်နှင့် တပြိုင်နက် ပျောက်ကွယ်သွားသည်။

လင်းဟွမ်သည် ကောင်းကင်ပေါ်မှ ပေါက်ကွဲထွက်လာသော အစွမ်းထက်သည့် အော်ရာကို ခံစားမိသဖြင့် ခါးမတ်သွားပြီးနောက် ချက်ချင်း ခေါင်းမော့ကာ ကောင်းကင်ပေါ် လှမ်းကြည့်လိုက်သည်။

ကောင်းကင်ပေါ်တွင် မြေပြင်သို့ ငုံ့ကြည့်နေသော အနက်ရောင် မျက်လုံးကြီးတစ်လုံး ရှိနေသည်။

လင်းဟွမ်သည် ထိုမြင်ကွင်းကို မြင်လိုက်သည်နှင့် မျက်လုံးတုဖွင့်သော ဖြစ်စဥ်ကို အတုခိုးထားသော လှည့်ကွက်တစ်ခုဟု ထင်လိုက်မိသည်။ မကြာခင် သူတို့ပုံစံကြားတွင် ကြီးမားသော ကွာခြားချက် ရှိနေသောကြောင့် မျက်လုံးတု မဟုတ်ကြောင်း သဘောပေါက်သွားသည်။

လေထဲတွင် ရှိနေသော လင်ချန်းက မျက်မှန် ချွတ်လိုက်လျှင် အနက်ရောင် မျက်လုံးကြီးက သူ့ခေါင်း အနားတစ်ဝိုက်တွင် တဝဲဝဲ လည်နေသည်။

နောက်ဆုံး၌ အနက်ရောင် မျက်လုံးကြီးသည် လင်ချန်း၏ အကြည့်နောက်လိုက်ပြီး ဖိန်ရွှမ်ထံ ပျံသန်းသွားပြီး အနက်ရောင် ဖြစ်သွားသည်။

ဖန်ရွှမ်သည် အနက်ရောင် မျက်လုံးကြီး၏ အသေစိုက်ကြည့်ခြင်း ခံရပြီးနောက် အန္တရာယ်က နီးကပ်လာနေကြောင်း မသိစိတ်က အလိုလို ခံစားနေရသည်။ တကိုယ်လုံး ချွေးများ စို့ရွှဲပြီး

ကြက်သီးမွေးညှင်းများ ထလာသည်။ ကြည့်ရသည်မှာ မီးလောင်နေသော ကြောင်တစ်ကောင် ကဲ့သို့ပင်။

ဖိန့်ရှမ်သည် အချိန်မဆိုင်းတော့ဘဲ နောက်ဆုတ်ရန် ဆုံးဖြတ်လိုက်ပြီးနောက် သူ့ခန္ဓာကိုယ်သည် မြှားတစင်းအလား အဝေးသို့ လျှင်မြန်စွာ ထွက်ပြေးသွားသည်။

အနက်ရောင် မျက်လုံးကြီး၏ တိုက်ခိုက်မှုကို ကာကွယ်ရန် တိုက်ခိုက်ရေးဝိညာဉ်ကို သူ့ရှေ့တွင် ကာထားလိုက်သည်။

ဘုန်း.........

အနက်ရောင် မျက်လုံးထဲကြီးမှ အနက်ရောင် အလင်းတန်းကြီး တစ်ခု ရုတ်တရက် ပစ်လွှတ်လိုက်သည်။

အနက်ရောင် သံချပ်ကာ တိုက်ခိုက်ရေး ဝိညာဉ်သည် ဓါးကိုရှေ့ထုတ်ပြီး အနက်ရောင် အလင်းတန်းကို ခုတ်ချလိုက်သည်။ နောက်ထပ် အခိုက်အတန့်၌ အနက်ရောင် အလင်းတန်းသည် တိုက်ခိုက်ရေးဝိညာဉ်၏ ရင်ဘတ်ကို ထုတ်ချင်းဖောက် တိုးဖောက်သွားကာ ဖိန့်ရှမ်ထံ တည့်တည့် တိုးဝင်သွားသည်။

တိုက်ခိုက်ရေး ဝိညာဉ် သေဆုံးသွားသည်နှင့် ဖိန်ရွှမ်၏ ပါးစပ်မှ သွေးများ အတောင့်လိုက် အန်ထွက်သွားသည်။ ဒီကိစ္စ မတိုင်ခင်က ကံကြမ္မာစွမ်းအား အများစု ကုန်ဆုံးခဲ့ပြီး ယခုအခါ အခြေအနေက ပို၍ပင် ဆိုးရွားလာခဲ့သည်။

ဖိန်ရွှမ်သည် သူ့နောက်မှ အလင်းတန်းကြီး လိုက်လာကြောင်း သိလိုက်သည်နှင့် ပျံသန်းသည့် လမ်းကြောင်းကို ချက်ချင်း ပြောင်းလိုက်သည်။ မကြာခင် သူ့နောက်မှ လိုက်လာသော

အလင်းတန်းကလည်း ဦးတည်ရာ ပြောင်း၍ လိုက်လာကြောင်း သိလိုက်ရသည်။

“မင်းရဲ့အင်အားကို အလကား ဖြုန်းတီးမနေနဲ့။ အခု မင်းရဲ့ဝိညာဉ်က သေမင်းမျက်လုံးရဲ့ ပစ်မှတ် ဖြစ်နေပြီ။ မင်း ဝေးဝေး ထွက်မပြေးနိုင်ဘူး”

လင်ချန်းက အားနည်းပြီး မပြတ်မသား ဖြစ်နေသောအသံနှင့် အော်ဟစ်လိုက်သည်။

တိုက်ပွဲကို စောင့်ကြည့်နေသော လင်းဟွမ်က ဖိန်ရွှမ်ကို ကယ်တင်ပေးရန် ငရဲနဂါးကြီးကို မတောင်းဆိုခဲ့ပေ။ ဖိန်ရွှမ်၏ လက်ထဲတွင်

လူတပိုင်းနတ်ဘုရား တပိုင်း ဦးနှောက်ရှိနေနိုင်သောကြောင့် ဒီလူသေဆုံးသွားခြင်းက မကောင်းသည့် အရာတော့ မဟုတ်ချေ။

လင်းဟွမ်ကလည်း လူတပိုင်း နတ်ဘုရားတပိုင်း ဦးနှောက်ကို လိုချင်နေသောကြောင့် ဒီလူသေမှ ဖြစ်မည်။

လင်းဟွမ်သည် ခရမ်းရောင် ကျီးကန်းအဖွဲ့အစည်းမှ မျက်မှန်ဝတ်ထားသော လူသည် မျက်လုံးစွမ်းရည်ကို အသုံးပြုပြီးနောက် အလွန်အားနည်းလာကြောင်း သတိထားလိုက်မိသည်။

သူဘေးနားတွင် ရှိနေသော ဓါးသမားကလည်း ချုပ်နှောင်ခြင်း ချိန်းကြိုးကို ခုခံရန်အတွက် ပိုမို၍ အားစိုက်ထုတ် နေရသည်။ ပြောရမည်ဆိုလျှင် မျက်မှန် တပ်ထားသော အမျိုးသားသည် သူ၏ ခွန်အားအားလုံးကို ကုန်ဆုံးလုနီးပါး ဖြစ်သွားအောင် အသုံးပြုလိုက်ပုံပင် ။ ချုပ်နှောင်ခြင်း ချိန်းကြိုး၏ တိုက်ခိုက်မှုကို ရှောင်ရှားရန်အတွက် ခွန်အားပင် မကျန်တော့ချေ။

ယခုလက်ရှိ အချိန်၌ လင်းပွမ် ဆင့်ခေါ်ထားသော ငရဲနဂါးနှင့် ခရမ်းရောင်ကျီးကန်း အဖွဲ့အစည်းမှ ဓါးသမားသာ စွမ်းအား အများဆုံး ကျန်တော့သည်။

ဓါးသမားသည် မျက်မှန် တပ်ထားသောလူကို ကာကွယ် နေရသောကြောင့် ကံကြမ္မာစွမ်းအားကို အသုံးပြုနေရသဖြင့် ဖိန်ရှွမ် သေဆုံးသွားသည့် တိုင်အောင် ငရဲနဂါးသည် သူတို့ထက် သာလွန် နေသေးသည်။

လင်းဟွမ်က ဤကဲ့သို့ရလဒ်မျိုး ထွက်ပေါ်လာလိမ့်မည်ဟု ကောက်ချက် ချခဲ့သောကြောင့် လက်ပိုက်၍ ဘေးထိုင်ကြည့်ရန် ဆုံးဖြတ်ခဲ့ခြင်းပင်

သို့သော်လည်း ငရဲနဂါးကို စိတ်ထဲမှ

"အဲ့ဒီလူ သေသွားတာနဲ့ သံချပ်ကာလူရဲ့ အလောင်းကို ချက်ချင်းလု"

လေထုထဲတွင် အနက်ရောင်အလင်းတန်း တစ်ခုက ဖိန့်ရွှမ်ထံ လျင်မြန်စွာ တိုးဝင်သွားသည်။ ဖိန့်ရွှမ်သည် ကံကြမ္မာစွမ်းအား နည်းပါးနေသောကြောင့် လျင်မြန်စွာ မပြေး

နိုင်တော့ပေ။ အလင်းတန်းကြီး၏ ဝါးမြို့မှုကို ခံရပြီးနောက် စိတ်ပျက် အားငယ်စွာ ငေးကြည့်နေခဲ့သည်။

ခဏအကြာ အနက်ရောင် အလင်းတန်းကြီး ပျောက်သွားပြီး ဖိန့်ရှမ်၏အလောင်းက မြေပေါ် ပြုတ်ကျလာသည်။

လင်ချန်း၏ မျက်လုံးသည် နောက်တစ်ကြိမ် အဖြူရောင် ပြောင်းသွားပြီး ဖိန့်ရှမ်အလောင်း ဘေးနားတွင် ပါးလွှာသော အလွှာတစ်ခုအဖြစ် ရုတ်တရက် ပေါ်လာသည်။

ထိုစဉ် အနက်ရောင် ချိန်းကြိုးတစ်ချောင်း ရုတ်တရက် ထွက်ပေါ်လာပြီး ရစ်ပတ်ထားသည့် ပါးလွှာသော အလင်းလွှာကို စုပ်ဖြဲလိုက်သည်။

လင်ချန်း ကြောင်သွားသည်။ မည်သို့မျှ မတုံ့ပြန်နိုင်ခင် ငရဲနဂါးက ပါးစပ် အကျယ်ကြီးဖွင့်ပြီး ဖိန်ရှမ် အလောင်းအား မြိုချလိုက်သည်ကို တွေ့လိုက်ရသည်။

## အခန်း(၃၈၁) - အင်ပါယာအဆင့်က အကူအညီ ပေးခြင်း။

ငရဲနဂါးကြီးက ဖိန့်ရှမ်အလောင်းအား လုယူသွားသည်ကို မြင်လိုက်လျှင် ယဥ့်ကျေးပါသည် ဆိုသော လင်ချန်းသည် စိတ်တို၍

“မစ္စတာ ထိန်းချုပ်သူ။ မင်းက စောက်ရမ်း လောဘကြီးလွန်းတယ်။ မင်းပုံစံက စားခွက်လုတဲ့ပုံ ဖြစ်နေပြီဆိုတာ သိရဲ့လား”

ခရမ်းရောင်ကျီးကန်း အဖွဲ့အစည်းသည် လူတပိုင်းနတ်ဘုရားတပိုင်း ဦးနှောက်ကို လုယူနိုင်ရန် လဝက်ကျော် ကြာအောင် ကြံစည် ခဲ့ရသည်။ ဒီကိစ္စကို ကိုင်တွယ်ရန် အဖွဲ့နှစ်ဖွဲ့ ခေါ်ခဲ့ရသည်။ အဖွဲ့တစ်ဖွဲ့က လူတပိုင်း နတ်ဘုရားတပိုင်း ဦးနှောက်ကိုခိုးယူရန် တာဝန်ယူရပြီး ဒုတိယအဖွဲ့က ဝပ်ကျင်းထဲတွင် ရှိနေသော စည်းကမ်း ထိန်းသိမ်းရေး အဖွဲ့ဝင်များကို အချိန်ဆွဲ ထားရသည်။

သူတို့ အထဲမှ လူရှစ်ဆယ်ကျော်သည် သန့်ရှင်းမီးလျှံအဆင့် ဖြစ်ပြီး ထိပ်တန်းအဖွဲ့ဝင်

လေးယောက်နှင့် အခြေအနေကို ထိန်းချုပ်နိုင်ရန် အင်ပါယာအဆင့် တစ်ယောက်ပင် ပါသေးသည်။

ထိုသို့သော အခြေအနေများ အောက်၌ပင် ထိန်းချုပ်သူ ဆိုသည့်ကောင်က ရုတ်တရက် ပေါ်လာပြီး ခရမ်းရောင်ကျီးကန်း အဖွဲ့အစည်း၏ အစီအစဥ်ကို မမျှော်လင့်သော အပြောင်းအလဲများ ဖြစ်ပေါ်စေခဲ့သည်။

လင်ချန်းသည် ဒီစစ်ဆင်ရေးကို အဆိုပြုခဲ့သူ ဖြစ်နေသဖြင့် ယခုလက်ရှိ အခြေအနေကို လုံးဝ လက်မခံနိုင်ပေ။

"ငါလား။ လောဘ မကြီးပါဘူးကွာ။ ငါ့ရဲ့ အကျင့်ကိုက မစားရင်မစားဘူး။ စားရင်လည်း တစ်ခုတည်းနဲ့ ဗိုက်မပြည့်တတ်ဘူး"

ငရဲနဂါးကြီးထံမှ အသံ ထွက်ပေါ်လာကာ လင်းဟွမ်က အမှန်တိုင်း ပြောနေခြင်းပင်

"မတရား စားပြီး မင်းအတွက် စားပိုးနင်မှာ မကြောက်ဘူးလား"

လင်ချန်းက မျက်လုံးပြူးပြီး ပြန်အော်လိုက်လျှင်

"ငါ့ကို ခြိမ်းခြောက်နေတာလား"

အနက်ရောင် ငရဲနဂါးကြီးက ထပ်မေးလိုက်သည်။

“ခရမ်းရောင် ကျီးကန်း အဖွဲ့အစည်းက လူတပိုင်းနတ်ဘုရားတပိုင်း ဦးနှောက်ကို ရသင့်တယ်။ အခု မင်းက မင်းရဲ့ပုံရိပ်ကို ဖုံးကွယ်ထားနိုင်တယ်။ အေး ဒါပေမဲ့ မင်းက အမြဲတမ်းတော့ ထွက်မပြေးနိုင်ပါဘူးကွာ။ ခရမ်းရောင်ကျီးကန်း အဖွဲ့အစည်း ပိုင်ဆိုင်တဲ့အရာကို ခိုးပြီးသွားရင် မင်းက အဓိကဇုန်ကို ထွက်ပြေးရင်တောင် မင်းကို တွေ့အောင် ရှာနိုင်တယ်။”

"အဲ့ဒီတော့ အချောင် အသတ်ခံရမဲ့အစား ငါတို့ဆီကို လွှဲပေးတာပိုကောင်းမယ်။ အဲ့ဒီလိုဆိုရင် ငါတို့က ဘာမှမဖြစ်သလို ဟန်ဆောင်ပြီး မင်းကို ဒုက္ခမပေးဘူးလို့ ကတိပေးတယ်"

လင်ချန်းက လူတပိုင်း နတ်ဘုရားတပိုင်း ဦးနှောက်ကို လွှဲပေးစေချင်သည့်အကြောင်း ပွင့်ပွင့်လင်းလင်း ထုတ်ပြောလိုက်ချိန်တွင်

"ငါ့ကို ပြဿနာ ရှာချင်နေတဲ့လူတွေမှ အများကြီးပဲ။ ခရမ်းရောင်ကျီးကန်း အဖွဲ့အစည်းက လုပ်ချင်လို့လား။ စိတ်မဝင်စားဘူး"

အနက်ရောင် ငရဲနဂါးကြီးက

"နောက်ပြီးတော့ မင်းတို့ နှစ်ယောက်လုံးလည်း ထွက်သွားစရာ မလိုတော့ဘူး။ ဒီနေရာမှာပဲ ထာဝရ နေလို့ရပြီ"

အနက်ရောင် နဂါးကြီးသည် စကား ပြောပြီးသည်နှင့် ပါးစပ်ကို အကျယ်ကြီး ဟကာ ပါးစပ်ထဲမှ ရွှေရောင်မီးတောက်များကို နောက်တစ်ကြိမ် မှုတ်ထုတ်လိုက်လျှင် လေထုထဲသို့ ခါတ်ဆီပုလင်း လောင်းချလိုက်သကဲ့သို့ပင်။

တောက်လောင်နေသော မီးတောက်များသည် ဆူနာမီ လှိုင်းလုံးကြီးတစ်ခုလား ကောင်းကင်ကို ဖြတ်သန်းပြီး သူတို့နှစ်ယောက်ထံ တိုးဝင်လာသည်။

လင်ချန်းက အနက်ရောင် မျက်လုံးစွမ်းရည်ကို အသုံးပြုခဲ့ပြီးနောက် နဂါးမီးတောက်ကို ချိတ်ပိတ်ရန် ခွန်အားမရှိတော့ကြောင်း သိနေဖြင့် ငရဲနဂါးကြီးက နဂါးမီးတောက်ကို မှုတ်ထုတ်လိုက်ခြင်းပင်

ဓါးသမားသည် သူ၏ ဓါးစွမ်းရည်နှင့် ချုပ်နှောင်ခြင်း ချိန်းကြိုးကို ခုခံကာကွယ်နိုင်စွမ်း ရှိသော်လည်း မည်သည့်အရာကို မဆို

ဖြတ်ကျော်နိုင်သော ဤကဲ့သို့ တိုက်ခိုက်မှုမျိုးအား ခုခံကာကွယ်နိုင်ရန် နည်းလမ်း မရှိပေ။

နဂါးမီးတောက်က သူတို့ထံ တိုးဝင်လာသည်ကို မြင်လိုက်လျှင် ရန်ရန်က လင်ချန်းကို လှမ်းကြည့်ကာ

"ချိတ်ပိတ် နိုင်သေးလား"

"ငါ့မှာ ထွက်ပြေးဖို့တောင် ခွန်အား မရှိတော့ဘူး"

လင်ချန်းက စိတ်ပျက်စွာ ခေါင်းခါပြလိုက်သည်။ ဤကဲသို့ ဖြစ်လာလိမ့်မည်ဟု မည်သည့်အချိန်ကမျှ မမျှော်လင့်ခဲ့ပေ။ မူလပထမက ဒီငရဲနဂါးကြီးကို

မစော်ကားချင်သလို ထိန်းချုပ်သူကိုလည်း မစော်ကားရန်မစချင်ပေ။ ထို့ကြောင့် လျှို့ဝှက်ဆန်းကြယ်အဖွဲ့က စောင့်ရှောက်သူ နှစ်ဦးကို သတ်ဖြတ်ပြီးသည်နှင့် ထွက်သွားရန် ရည်ရွယ်ပြီး စောင့်ရှောက်သူ နှစ်ဦးကို သတ်ဖြတ်ခဲ့သော်လည်း အလောင်းများအား မရရှိခဲ့ပေ။

ရန်ရန်သည် လင်ချန်း၏အဖြေကို ကြားပြီးနောက် မတွေဝေတော့ပေ။ လင်ချန်း ပခုံးကိုကိုင်ပြီး ချက်ချင်း နောက်ဆုတ်လိုက်သည်။

"ငါတို့ မလုပ်နိုင်ဘူးဆိုရင် ဆရာပုယင်ကို အကူအညီ တောင်းရလိမ့်မယ်"

ရန်ရန်က အရန် အစီအစဥ်ကို အဆိုပြုလိုက်သည်။

"ငရဲနဂါးကြီးကို သတ်နိုင်လိုက်တာနဲ့ ငါတို့တွေ အလောင်းတွေ ပြန်ရမှာပဲ။ ငရဲနဂါးကြီးရဲ့ အလောင်းကို ခွဲစိတ်လိုက်ရင် သံချပ်ကာလူသားရဲ့ အလောင်းကို ပြန်ရမယ်။ အဲ့ဒါဆိုရင် အင်ပါယာ နှလုံးသား လက်စွပ်ကိုလည်း ရမှာပဲ"

"အနည်းဆုံးတော့ ငါတို့မှာ လူတပိုင်း နတ်ဘုရားတပိုင်း ဦးနှောက်ကို ရနိုင်ခြေ (၅၀)

ရာခိုင်နှုန်းတော့ ရှိလာမှာ။ လက်ဗလာနဲ့ ပြန်မသွားရတော့ဘူး။ နောက်ပြီးတော့ ဆရာပုယင်က ထိန်းချုပ်သူ ဘယ်နေရာမှာရှိလဲ ဆိုတာ သိရင်သိမှာပဲ။ အဲ့ဒါဆို သူ့ကိုလည်း သတ်ပစ်လို့ ရပြီ”

“အေအဆင့် ဝပ်ကျင်းမှာ အင်ပါယာအဆင့်တွေ ရှိတယ်။ ဒါကြောင့် ဆရာကြီး ပုယင် လှုပ်ရှားရင်တောင် သတ်ဖြတ်ဖို့ အခွင့်အရေးက တစ်ကြိမ်ပဲ ရှိမှာ။ သူက တိုက်ခိုက်ပြီးတာနဲ့ ဟောတီမြို့မှာရှိတဲ့ အင့်ပါယာအဆင့်တွေက သူ့ကို

ချက်ချင်း တိုက်ခိုက်လိမ့်မယ်။ အင်ပါယာအဆင့် တိုက်ပွဲ စတင်လိုက်တာနဲ့ ငါတို့ရဲ့ စိတ်က ဘယ်လိုပဲရှိရှိ စစ်ဆင်ရေးကို အဆုံးသတ် ရလိမ့်မယ်။ အင်ပါယာ နှလုံးသား လက်စွပ်ကို ရအောင် ယူနိုင်ရင်တော့ ကောင်းပါတယ်။ တကယ်လို့ မလုပ်ခဲ့ရင် ဒီစစ်ဆင်ရေး ကျရှုံးတယ်လို့ သတ်မှတ်ရလိမ့်မယ်”

လင်ချန်းက ရန်ရန်၏ အဆိုပြုချက်ကို လက်ခံရန် တွန့်ဆုတ်နေသည်။

“ဘယ်လိုပဲဖြစ်ဖြစ် အခုလက်ရှိ အခြေအနေအရ ငါတို့ရဲ့ လုပ်ငန်းစဥ်က မအောင်မြင်သေးဘူး။ ဒါကြောင့် စမ်းကြည့်ဖို့ အခွင့်အရေးက ငါးဆယ် ရာခိုင်နှုန်းပဲရှိတယ်။ ဒီလိုမှမဟုတ်ရင် လုံးဝ ဆုံးရှုံးသွားမယ် ဆိုတာ မင်းလည်း သိပါတယ်။ ငါတို့မှာ အချိန်သိပ် မကျန်တော့ဘူး”

“နောက်ပြီးတော့ မင်းကလည်း ဒီလို အခြေအနေ ဖြစ်နေတော့ အများကြီး တိုက်ခိုက်နိုင်မှာ မဟုတ်ဘူး။ ဒီနဂါးကြီးကို ငါ တစ်ယောက်တည်းလည်း မနိုင်ဘူးဘော။ ဝပ်ကျင်းရဲ့ စစ်ကူတွေလည်း မကြာခင်

ရောက်လာတော့မှာ။ အဲ့ဒါဆိုရင် ထွက်ပြေးရတော့မယ်”

ရန်ရန်က သူ့အမြင်ကို ပွင့်ပွင့်လင်းလင်း ထုတ်ပြောလိုက်သည်။

လင်ချန်းသည် ရန်ရန်၏ စကားကို နားထောင်ပြီးနောက် ခဏမျှ တုံ့ဆိုင်းသွားသော်လည်း ခေါင်းငြိမ့်ပြလိုက်ကာ

“ကောင်းပြီလေ။ ငါတို့မှာ ပိုကောင်းတဲ့ ရွေးချယ်စရာလည်း မရှိတော့ဘူး”

လင်ချန်းသည် စကားပြောပြီးသည်နှင့် လက်မြှောက်ကာ ခရမ်းရောင်ကျီးကန်း အဖွဲ့အစည်း တံဆိပ် အနောက်ဖက်မှ အမှတ်အသားကို အသက်သွင်းလိုက်သည်။

"ဆရာ..."

"အဖြစ်အပျက်တွေ ငါ မြင်ပြီးပြီ။ ငါ့ အကူအညီလိုတာ သေချာလား"

အမှတ်အသား၏ အခြားတစ်ဖက်မှ အသံသြသြကြီးနှင့် လူတစ်ယောက်၏ အသံ ထွက်ပေါ်လာသည်။

"ဟောတီမြို့မှာ အင်ပါယာအဆင့် လူသုံးယောက် ရှိနေတယ်လို့ ငါ ခံစားရတယ်။ အဲ့ဒီသုံးယောက်က ငါ့ကို စောင့်ကြည့်နေတယ်။ ငါ တိုက်ခိုက်လိုက်တာနဲ့ သူတို့က သေချာပေါက် ပြန်တိုက်ခိုက်လိမ့်မယ်။ အဲ့ဒါကြောင့် ငါ့မှာ သူ့ကိုသတ်ဖို့ အခွင့်အရေး တစ်ခုပဲရှိတယ်"

"ငါ နားလည်ပြီ။ ဒါပေမယ့် အခြေအနေတွေက ဒီထက်ပိုပြီး မဆိုးလာနိုင်တော့ဘူး"

လင်ချန်းလည်း ထိုအခြေအနေကို သိပြီးသားပင်။

"မင်းရဲ့ အစီအစဥ်က ဘယ်လိုလဲ။ ငါ့ကိုပြောစမ်း"

ပုယင်က မေးလိုက်သောအခါ လင်ချန်းသည် တိတ်ဆိတ်သွားပြီးနောက်

“ငါတို့အတွက် ငရဲနဂါးကြီးကို ကူသတ်ပေးပါ။ သူသေသွားတာနဲ့ ငါတို့က အလောင်းသယ်ပြီး ထွက်သွားလို့ရပြီ။ ပြောချင်တာက ငါတို့တွေလည်း အင်ပါယာနှလုံးသား လက်စွပ်တစ်ခု ရနိုင်တယ်”

လင်ချန်းက သူ့အစီအစဥ်ကို ပြောပြလိုက်သည်။

“ထိန်းချုပ်သူက ဘယ်မှာ ရှိနေလဲဆိုတာ မင်းသိရင် သူ့ကိုလည်း သတ်ပြီးဖမ်းသွားလို့ ရတယ်။

အဲ့ဒါဆိုရင် သူနဲ့အတူရှိနေတဲ့ အင်ပါယာနှလုံးသား လက်စွပ်ကို ရဖို့တောင် အခွင့်အရေး များသေးတယ်”

“လေလံခန်းမထဲကို စိတ်စွမ်းအားနဲ့ အကြိမ်ကြိမ် စစ်ဆေးပြီးပြီ။ ဒါပေမယ့် အင်ပါယာအဆင့်၊ အင်မော်တယ်အဆင့် တစ်ယောက်မှ မတွေ့ဘူးမိဘူး။ သူက ဒီနေရာမှာ ပုန်းနေတယ်ဆိုရင် တစ်ခုတည်းတည်းသော နေရာက ဗီအိုင်ပီ အခန်းတွေပဲ ဖြစ်လိမ့်မယ်။ အဲ့ဒီနေရာကို ငါ စကင်န် မဖတ်နိုင်ဘူး”

ပုယင်က သူ၏ စုံစမ်းစစ်ဆေးမှု ရလဒ်ကို ပြောလိုက်ချိန်တွင်

"ဆရာကြီး ပုယင်တောင် ရှာမတွေ့ဘူးလား"

လင်ချန်း ကြောင်သွားလျှင်

"ဟုတ်တယ်။ လူတပိုင်းနတ်ဘုရားတပိုင်း စွမ်းအားနဲ့ စကင်န်ဖတ်တဲ့ အကျိုးသက်ရောက်မှုကို မြှင့်တင်ထားတယ်။ အဲ့ဒါက လူတပိုင်း နတ်ဘုရားတပိုင်း အဆင့်အောက်က ဘယ်သူကိုမဆို စကင်န် ဖတ်နိုင်တယ်။ ဆန်းကြယ်အဖွဲ့အစည်းရဲ့ နောက်ခံကို ထည့်သွင်း စဉ်းစားကြည့်ရင်

လူတပိုင်းနတ်ဘုရားတပိုင်း ဆီက အကူအညီတောင်းခံနိုင်ရင်တောင် ဆန်းတော့ မဆန်းဘူး။”

“ ဒါပေမယ့် စုံစမ်းစစ်ဆေးမှုအရ အဲ့ဒီလူက လူတပိုင်း နတ်ဘုရားတပိုင်း အဆင့် တက်လှမ်းထားရင်တောင် ခုခံရေး စွမ်းရည် တော်တော်လေး အားနည်းတယ်။ အင်မော်တယ်အဆင့်က လူတောင် သူ့ကို တိုက်ခိုက်နိုင်တယ်။ နောက်ပိုင်း ငါတိုက်ခိုက်တဲ့အခါကျရင် ဒီနေရာမှာ ထိန်းချုပ်သူ ရှိ၊မရှိ စစ်ဆေးလိုက်မယ်”

ပုယင်က အဆိုပြုလိုက်သည်။

“ငါ ရိုက်ပြီးတာနဲ့ မင်းတို့နှစ်ကောင်က ငရဲနဂါးရဲ့အလောင်းကို ယူပြီး အမြန်ဆုံး ထွက်သွား။ အင်ပါယာအဆင့်က လူတွေဟာ သူတို့ထက် အဆင့်နိမ့်တဲ့ လူတွေကို မသတ်ဘူးဆိုပေမဲ့ ခရမ်းရောင်ကျီးကန်း အဖွဲ့အစည်းကို လူတွေက ဘယ်လို သဘောထားလဲဆိုတာ မင်းလည်း သိပါတယ်။ သူတို့ သုံးယောက်လုံးက မင်းတို့နှစ်ယောက်ကို သတ်ချင်တာလည်း ဖြစ်နိုင်တယ်”

ပုယင်က သတိပေးလိုက်သည်။

“ကျွန်တော်တို့ကို သတိပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်”

လင်ချန်းကလည်း သူ့ကို ဆက်သွယ်ရသည့် အကြောင်းအရင်းမှာ တိုက်ပွဲကို တတ်နိုင်သမျှ အမြန်ဆုံး အဆုံးသတ် ချင်သောကြောင့်ပင်။ ပုယင် ကူညီပြီးသည်နှင့် သူတို့က ဆက်နေတော့မည် မဟုတ်ပေ။

သူတို့ စကားဝိုင်းပြီးသွားသောအခါ လင်ချန်း တံဆိပ်နောက်မှ အမှတ်အသားသည် အလိုလို

ပျောက်ကွယ်သွားသည်။ ပုယင် ပေးထားခဲ့သော အမှတ်အသားကို တစ်ကြိမ်သာ အသုံးပြုနိုင်သည်။

"ဆရာကြီး ပုယင်က ငါတို့ကို အကူအညီပေးမယ်လို့ ကတိပေးလိုက်လား"

ရန်ရန်သည် လင်ချန်း တံဆိပ်ပေါ်က အမှတ်အသား ပျောက်သွားကို မြင်လိုက်လျှင် သူတို့၏စကားဝိုင်း ပြီးသွားကြောင်း သိလိုက်သည်

"ဟုတ်တယ် ခဏနေရင် လုပ်ရှားတော့မယ်။ ငါတို့က ဒီနေရာကစောင့်ပြီး အလောင်း

ကောက်ရမယ်။ အဲ့ဒါပြီးရင် အမြန်ဆုံး ထွက်သွားကြမယ်”

လေထဲ၌ သူတို့နှစ်ယောက် ချုပ်နှောင်ခြင်း ချိန်းကြိုးနှင့် နဂါးမီးတောက်များ၏ တိုက်ခိုက်မှုများကို ဆက်လက် ရှောင်တိမ်း နေခဲ့ကြသည်။

ရုတ်တရုတ် ဆိုသလို ကောင်းကင်ကြီး မည်းမှောင်လာပြီးနောက် လူတိုင်း မော့ကြည့်လိုက်ရာ ရုတ်တရုတ် ပြောင်းလဲသွားသော ကောင်းကင်ကြီးကို မြင်လိုက်ရသည်။

သူတို့အားလုံး ထိတ်လန့် ကြောက်ရွံ့သွားသည်။ တိမ်များကြားထဲတွင် အဆမတန် ကြီးမားသော လက်ကြီး တစ်ခုပေါ်လာကာ လက်ကြီးက ကောင်းကင်တစ်ဝက်ခန့် ဖုံးအုပ်ထားပြီး အဆုံးမရှိသော စွမ်းအားနှင့် မြေပြင်ကို ဖိနှိပ်ထားသည်။ ထို့နောက် ပစ်မှတ်ဖြစ်သည့် ငရဲနဂါးကြီးထံ တိုးဝင်သွားသည်။

## အခန်း(၃၈၂) - လူတစ်ပိုင်း နတ်ဘုရားတစ်ပိုင်း မရှိရင် အင်ပါယာအဆင့်က သရဖူဆောင်းတယ်။

ဗီအိုင်ပီ အခန်း (၃)……

လင်းဟွမ်က ကြီးမားသောလက်ကြီးကို လုံးဝ မမြင ရသေးခင် ရှောင်ဖိန်က အသိပေးလာသည်။

“သတိပေးချက် - အင်ပါယာအဆင့် အော်ရာကို တွေ့ရှိထားပြီး အဲ့ဒါက ဗီအိုင်ပီ အခန်းထဲမှာ ရှိနေတဲ့ မင်းနဲ့ငရဲနဂါးကို ပစ်မှတ်ထားနေတယ်”

"ငရဲနဂါးကို ပြန်သိမ်းမယ်"

လင်းဟွမ်က ချက်ချင်း ညွှန်ကြားလိုက်သည်။

"အာဏာရှင်ကို ပြန်သိမ်းမယ်။ အထူး အသွင်ပြောင်းကတ်ကို အသက်သွင်းပြီး ငါ့ကို တစ္ဆေပုံစံ ပြောင်းလိုက်"

လေထဲတွင် ပျံသန်းနေသော ငရဲနဂါး၏ ခန္ဓာကိုယ်သည် ချက်ချင်း ပြိုကွဲသွားသည်။

လင်းဟွမ်သည် အာဏာရှင်ကို ပြန်သိမ်းပြီးနောက် တစ္ဆေပုံစံပြောင်းကာ မြေကြီးထဲ လျှိုဝင်သွားသည်။

ရောမလက်ကြီးသည် ငရဲနဂါးကို တိုက်ခိုက်ခဲ့သော်လည်း အနားရောက်ခါနီးတွင် ငရဲနဂါးကြီး၏ ခန္ဓာကိုယ်က ပျောက်ကွယ်သွားသဖြင့် ဘာကိုမှ မဖမ်းဆုပ်မိလိုက်ပေ။

ထို့နောက် ဒုတိယမြောက် မမြင်နိုင်သော လက်ကြီးသည် ဗီအိုင်ပီအခန်းများကို ဘယ်မှညာသို့ ဖြတ်သန်းပြီး ရိုက်ချသွားသည်။

ပုယင်သည် ငရဲနဂါးကြီး လုံး၀ ပျောက်ဆုံးသွားသည်ကို မြင်လိုက်လျှင် တုန်လှုပ်သွားသည်။

သို့သော်လည်း အစီအစဉ်အတိုင်း ဗီအိုင်ပီ အခန်းများကို တိုက်ခိုက်လိုက်၏။

ဗီအိုင်ပီအခန်း (၁၂) ခန်းကို ရိုက်ဖျက်ပြီးနောက် ထိုအထဲက လူ (၁၅) ယောက်လုံး သေဆုံးသွားသည်။ ထိန်းချုပ်သူက မည်သူလဲ ဆိုသည်ကို မဆုံးဖြတ်နိုင်ခင် ကောင်းကင်ပေါ်တွင် အလင်းတန်းသုံးခုက ဖြတ်သန်းလာပြီး ပုယင်ထံ တိုးဝင်လာသည်။

ထို့နောက် ပုယင်သည် ဗီအိုင်ပီ အခန်းထဲမှလူ (၁၅) ယောက်ကို သူ၏ ကံကြမ္မာနန်းတော်ထဲ

ပစ်ထည့်ပြီး အင်ပါယာအဆင့် သုံးယောက်နှင့် တိုက်ခိုက်ရန် အသင့် ပြင်ထားလိုက်သည်။

" ပုယင် ခရမ်းရောင်ကျီးကန်း အဖွဲ့အစည်းက ဟောတီမြို့ကို စိန်ခေါ်ဖို့ ကြိုးစားနေတာလား"

သူတို့၏အသံများသည် ဟောတီမြို့ တစ်ခုလုံး ပျံ့နှံ့သွားပြီးနောက် သူတို့သုံးယောက်သည် လျှို့ဝှက်ဆန်းကြယ် လေလံပွဲ၏ အပေါ် ကောင်းကင်ယံတွင် ချက်ခြင်း ပေါ်လာကြသည်။

နောက်ဆုံး၌ အင်ပါယာအဆင့် မုဆိုးများ ရောက်ရှိလာကြပြီ။

(လူတပိုင်း နတ်ဘုရားတပိုင်းအဆင့် မရှိရင် အင်ပါယာအဆင့်က သရဖူ ဆက်ခံသူပဲ)

ဒါသည် လူများကြားထဲတွင် ရေပန်းစားနေသော စကားတစ်ခွန်းပင်။

အင်ပါယာအဆင့်သည် လူသားများ အောင်မြင်နိုင်သည့် အဆုံးစွန်သော အဆင့်တစ်ခု ဖြစ်ကာ အင်ပါယာအဆင့်ထက် မြင့်သောအဆင့်ကို နတ်ဘုရားများကသာ ရရှိနိုင်သည်။

လွန်ခဲ့သော နှစ်ပေါင်း (၈၀၀) ကျော်အတွင်း သူတို့ထဲမှ အနည်းငယ်မျှသာ ထိုအဆင့်ကို တက်လှမ်းနိုင်ခဲ့ကြသည်။ ကြီးမားသော အဖြစ်အပျက်သာ မရှိပါက လူတစ်ပိုင်း နတ်ဘုရားတစ်ပိုင်း ပုဂ္ဂိုလ် တစ်ယောက်သည် အလွယ်တကူ ပေါ်လာမည် မဟုတ်ပေ။ ထို့ကြောင့် အင်ပါယာအဆင့် မုဆိုးများသည် လူသားများ ရရှိနိုင်သော အကောင်းဆုံး စွမ်းဆောင်မှုတစ်ခုဟု ဆိုကြသည်။

ဒါသည် အဖွဲ့အစည်းများက အင်ပါယာအဆင့် လူများကို မစော်ကားမိရန် ကြိုးစားရသော အကြောင်းအရင်းပင်

အကယ်၍ သူတို့ကြားထဲ၌ တိုက်ပွဲတစ်ခု ဖြစ်လာပါက တစ်ဖက်လူ မသေမချင်း တိုက်ပွဲ ပြီးဆုံးမည် မဟုတ်ပေ။

ဒါသည် လွန်ခဲ့သောရက်ပိုင်းက ခရမ်းရောင် ကျီးကန်း အဖွဲ့အစည်းမှ ပုယင် ကိုယ်ထင်မပြခဲ့သော အကြောင်းအရင်း ဖြစ်သည်။

"ကျေးဇူးပြုပြီး ငါ့ကို အထင်မလွဲကြပါနဲ့။ သူတို့ကို မလွဲသာမရှောင်သာ ကူညီခဲ့ရလို့ပါ။ ဟောတီမြို့ကို ဆန့်ကျင်ချင်တဲ့ ရည်ရွယ်ချက် မရှိပါဘူး"

ပုယင် သည် သူတို့သုံးယောက်ကို မစော်ကားချင်ပေ။ ထိုအစား သူတို့သုံးယောက်ကို မြင်လိုက်သည်နှင့် နောက်ပြန် ဆုတ်သွားသည်။ အင်ပါယာအဆင့် အဆင့်တူအချင်းချင်း သုံးယောက် တစ်ယောက် ခံတိုက်ပါက တိုက်ပွဲတွင် အနိုင်ရရန် မဖြစ်နိုင်ဘဲ ဖင်ပြဲသွားလိမ့်မည်။

ဟောတီမြို့မှ အင်ပါယာအဆင့် သုံးယောက်ကလည်း ပုယင်ကို မသတ်နိုင်ဘူးဟု ယူဆပုံရသည်။

သို့သော်လည်း ပုယင်သည် ခရမ်းရောင်ကျီးကန်း အဖွဲ့ဝင်များ ထွက်ခွာသွားနိုင်ရန် အချိန် လုံလောက်အောင် ပေးချင်သောကြောင့် အချိန်ဆွဲသည့် အနေဖြင့် ချက်ချင်း မထွက်သွားခဲ့ပေ။

သူတို့ လေးယောက်ကြား တိုက်ပွဲကြောင့် ကောင်းကင်ကြီးက ပေါက်ကွဲသွားသလိုပင်။ သူတို့

တိုက်ပွဲမှ လွင့်ထွက်လာသော အကြွင်းအကျန် စွမ်းအင်လှိုင်းများကြောင့် လူတိုင်း တုန်လှုပ် ချောက်ခြား နေကြသည်။

မြေအောက်ထဲတွင် ရှိနေသော လင်းဟွမ်သည် ခရမ်းရောင်ကျီးကန်း အဖွဲ့အစည်းမှ အင်ပါယာအဆင့်ကို ဟောတီမြို့က အင်ပါယာအဆင့် မုဆိုးသုံးယောက်က ပိတ်ဆို့ပြီး တိုက်ခိုက်နေသည်ကို တွေ့လိုက်ရသည်။ ခရမ်းရောင် ကျီးကန်း အဖွဲ့အစည်း၏ ထိပ်တန်းအဖွဲ့ဝင် နှစ်ယောက်နှင့်

လေလံ ခန်းမထဲရှိ သာမန်အဖွဲ့ဝင်များ ထွက်သွားတော့မည်ကို သူမြင်လိုက်ရသဖြင့်

"ထွက်သွား ချင်တာလား"

လင်းဟွမ်၏ မျက်လုံးထဲတွင် ဒေါသ အရိပ်အယောင်များ တောက်ပ လာသည်။ သူ့လက်ထဲတွင် ယာယီ ဆင့်ခေါ်ခြင်းကတ် တစ်ခု ပြန်ပေါ်လာသည်။ ကတ်ကို ချေမွလိုက်သည်နှင့် တစ်ပြိုင်နက် ငရဲနဂါးကြီးသည် နောက်တစ်ကြိမ် ထွက်ပေါ်လာပြန်သည်။

"ဟာ.. သွားကြစို့.."

ငရဲနဂါး ထွက်ပေါ်လာသည်ကို မြင်လိုက်လျှင် ရန်ရန်သည် အချိန်မဆိုင်းရဲတော့ဘဲ လင်ချန်း၏ လက်ကိုဆုပ်ကိုင်ကာ ချက်ချင်း ထွက်သွားသည်။ လေလံခန်းမထဲမှ သာမန် အဖွဲ့ဝင်များကိုပင် ဂရု မစိုက်တော့ချေ။

ငရဲနဂါးကြီးသည် ထွက်ပေါ်လာသည်နှင့် တစ်ပြိုင်နက် လေထဲသို့ ချုပ်နှောင်ခြင်း ချိန်းကြိုးက ကြီးမားသော ပိုက်ကွန်ကြီးတစ်ခုကို ဖန်တီးကာ ပစ်လွှတ်ပြီး သူတို့နှစ်ယောက်လုံးကို ချုပ်နှောင် လိုက်သည်။

လင်ချန်းသည် သူတို့နှစ်ယောက်ထံ ကြီးမားသော ပိုက်ကွန်ကြီး ချဉ်းကပ်လာသည်ကို မြင်လိုက်လျှင် ရုတ်တရက် မျက်မှောင်ကြုတ်သွားပြီး

“ ရန်ရန်….. ငါ့ကိုထားခဲ့။ ငါတို့နှစ်ယောက်လုံး လွတ်အောင် ပြေးနိုင်မှာ မဟုတ်ဘူး..”

“မဟုတ်ဘူး.. မထားခဲ့ဘူး.. ငါက လူကောင်းတစ်ယောက်တော့ မဟုတ်ဘူး။ ဒါပေမဲ့ မင်းက ငါ့အဖော် မင်းကို တစ်ယောက်တည်း မထားခဲ့နိုင်ဘူး..”

ရန်ရန်က လင်ချန်းကို ကယ်တင်ရန် အခိုင်အမာ ပြောဆိုနေသည်။

"ဘာတွေ ပေါက်ကရ ပြောနေတာလဲ။ ငါ့ကို ထားခဲ့မှ မင်း လွတ်လိမ့်မယ်"

လင်ချန်းသည် သူက ရန်ရန်အတွက် ဝန်ထုပ်ဝန်ပိုး ဖြစ်နေကြောင်း သိနေသည်။

" စောက် အဓိပ္ပါယ်မရှိတဲ့ စကားမပြောနဲ့.... ပြေးရင် အတူတူ ပြေးမယ်. သေရင် အတူတူသေမယ်"

သို့တိုင်အောင် ရန်ရန်က လင်ချန်းကို မထားခဲ့ချင်ပေ။ သူတို့နှင့် ဆယ်မီတာအကွာ၌ ကြီးမားသောပိုက်ကွန်ကြီး ပေါ်လာသည်ကို မြင်လိုက်လျှင် လင်ချန်းမျက်လုံးထဲတွင် ခိုင်မာသော ဆုံးဖြတ်ချက်တစ်ခု ပေါ်လာသည်။ သူ၏လက်ကျန် နောက်ဆုံးကံကြမ္မာစွမ်းအားများကို စုဆောင်းပြီး ဘယ်ဘက်လက်ကို ဖြတ်ချလိုက်သည်။ ရန်ရန်ကိုင်ထားသော သူ၏ ဘယ်ဘက်လက်ပင်

ရန်ရန်၏ ခန္ဓာကိုယ်အနည်းကို သွေးများ စင်သွား၍ ရန်ရန်သတိ မထားမိခင် တွန်းထုတ်လိုက်သည်။

ရန်ရန်က ရှေ့သို့လျင်မြန်စွာ ရွေ့လျားနေသည်ကို မြင်လိုက်လျှင် လင်ချန်းက တိုးတိုးလေး ရေရွတ်ကာ

"ငါ့မိတ်ဆွေဟောင်း မင်းဘဝကို ကောင်းကောင်းမွန်မွန် အသက်ရှင်ရမယ်"

နောက်ထပ် အခိုက်အတန့်တွင် ကြီးမားသော ပိုက်ကွန်ကြီးပုံစံ ဖြစ်နေသည့် ချုပ်နှောင်ခြင်း ချိန်းကြိုးက လင်ချန်းကို ရစ်ပတ်လိုက်သဖြင့် နာကျင်စွာ အော်ဟာစ်လိုက်သည်။

ရန်ရန်သည် လန့်ဖြန့်သွားပြီး ပြတ်နေသော လက်မောင်းကို လှမ်းကြည့်လိုက်သည်။ လင်ချန်း၏

နာကျင်စွာ အော်ဟစ်လိုက်သောအသံကို ကြားမှ လှည့်ကြည့်မိခြင်းပင်။ ထို့နောက် အရှိန်မြှင့်တင်လိုက်ကာ လူသတ်ချင်သော မျက်လုံးများဖြင့် နောက်ဘက်သို့ လှည့်ကြည့်လိုက်ပြီး စိတ်ထဲမှ ကျိန်ဆိုလိုက်သည်။

"မင်း ဘယ်သူလဲဆိုတာ ငါဂရုမစိုက်ဘူး.. မင်းကို မတွေ့တွေ့အောင် ပြန်ရှာပြီး ငါ သတ်မယ်။ လင်ချန်းအတွက် လက်စားချေပေးမယ်"

လင်ချန်း၏ အသည်းခိုက်နာကျင်စွာ အော်ဟစ်နေသောအသံသည် စက္ကန့်အနည်းငယ်မျှသာ

ကြာမြင့်ခဲ့သည်။ သူ့ကို ချုပ်နှောင်ခြင်းချိန်းကြိုး (၂၀)ကျော်က ချုပ်နှောင်ထားသည်။ သူ့ဝိညာဉ်သည် ဆယ်စက္ကန့် ပြည့်အောင်ပင် မရုန်းကန်နိုင်ဘဲ လုံးဝ ပြိုကွဲသွားသည်။

လင်ချန်း သေဆုံးသွားသည်နှင့် တပြိုင်နက် ငရဲနဂါးကြီးက ပါးစပ်ကြီးဖွင့်ပြီး လူသေအလောင်းကို မျိုချလိုက်သော်လည်း ထိပ်တန်း အဖွဲ့ဝင် နောက်တစ်ယောက်က လွတ်မြောက် သွားခဲ့သည်။

လင်ချန်း သေဆုံးပြီးနောက် ရှောင်ဖိန်ထံမှ အကြောင်းကြားချက် ထွက်ပေါ်လာသည်။

"ဂန္တဝင်အဆင့် စွမ်းရည်ကတ် - အကုန်သိ နိယာမ(မျက်လုံးစွမ်းရည်) ကို ရရှိတဲ့အတွက် ဂုဏ်ပြုပါတယ်"

လင်းဟွမ်သည် ရှောင်ဖိန်ထံမှ အကြောင်း ကြားချက်ကို ကြားသောအခါ အံ့အားသင့်သွားသည်။

ငရဲနဂါးသည် အင်မော်တယ်အဆင့် လူနှစ်ဦးကို သတ်ဖြတ်ခဲ့ပြီး ဂန္တဝင်အဆင့် စွမ်းရည်ကတ်နှစ်ခုကို ရရှိခဲ့သည်။ ဒါက သူ့အတွက် အပိုဆုတစ်ခုပင်။ ကံဆိုးသည်မှာ ခရမ်းရောင်ကျီးကန်း အဖွဲ့ဝင်

အင်ပါယာအဆင့် နောက်တစ်ယောက်က လွတ်မြောက်အောင် ထွက်ပြေးနိုင်ခဲ့သည်။

"မအလ၊ ခွေးမသား"

ပုယင်သည် လင်ချန်း သေဆုံးသွားသည်ကို မြင်လိုက်လျှင် ကျယ်လောင်စွာ အော်ဆဲ၍ စိတ်လွတ်သွားသည်။ အင်ပါယာအဆင့် မုဆိုးများ၏ တိုက်ခိုက်ခြင်းကို လျစ်လျူရှုလိုက်ပြီး ငရဲနဂါးကြီးကို ပစ်မှတ်ထားလာခဲ့သည်။

ငရဲနဂါး ပတ်လည်ရှိ ဟင်းလင်းပြင်များကို ပိတ်လှောင်လိုက်သည်။

ထို့နောက် သူ့ခန္ဓာကိုယ်သည် ထွင်းဖောက်မြင်ရသော မြေးတစ်စင်းကဲ့သို့ ဖြစ်လာပြီး ငရဲနဂါးကြီးထံ ပျံသန်းလာသည်။ ရုတ်တရက် ဖြစ်ပျက် သွားခြင်းပင်။

လင်းဟွမ်နှင့် ရှောင်ဖိန်တို့ မတုံ့ပြန်နိုင်ခင် သူ့လက်ချောင်းမှ ပစ်လွှတ်လိုက်သော အနက်ရောင် အလင်းတန်းတစ်ခုသည် ငရဲနဂါးကြီး၏ ခန္ဓာကိုယ်ကို ထိုးဖောက်သွားသည်။

ငရဲနဂါး၏ ခန္ဓာကိုယ်သည် အနက်ရောင် အလင်းစက်များအဖြစ် ပြိုကွဲသွားပြီး ငရဲနဂါးကြီး

ဖမ်းယူထားသော အလောင်းနှစ်လောင်းလည်း မြေပေါ်သို့ ပြုတ်ကျသွားသည်။

လင်းဟွမ်သည် တစ္ဆေကို ချက်ချင်းဆင့်ခေါ်ပြီး မြေကြီးပေါ် ပြုတ်ကျလာသော အလောင်းနှစ်လောင်းကို ကောက်ယူရန် ငုပ်လျှိုးသွားသည်။ လင်းဟွမ်သည် အလောင်းများကို သိုလှောင်လက်စွပ်ထဲ သိမ်းဆည်းပြီးနောက် မြေအောက် မီတာတစ်သောင်းကျော် နက်သည်အထိ ငုပ်လျှိုးသွားကာ တစ္ဆေကို ပြန်သိမ်းလိုက်သည်။

ထိုအချိန်က ပုယင်၏အမြင်အာရုံကို ပြိုကျပျက်စီးနေသော နဂါးနက်ကြီး၏ ခန္ဓာကိုယ်က ပိတ်ဆို့ထားသဖြင့် တစ္ဆေက အလောင်းများ ယူသွားပြီး မြေအောက်သို့ ငုပ်လျှိုးသွားသည်ကို မတွေ့ခဲ့ရပေ။

သို့သော်လည်း ကျန်သည့် ခရမ်းရောင်ကျီးကန်း အဖွဲ့ဝင်အချို့နှင့် တော်ဝင် မိသားစုများက မြင်လိုက်ရပြီး

လျန်ယုရှင်းလည်း မြင်လိုက်ရသည်။

လင်းဟွမ်က ဒါကို လုပ်တာလားဟု တွေးလိုက်မိပြီး ဗီအိုင်ပီအခန်းဘက်သို့ တစ်ချက် ခိုးကြည့်လိုက်သည်။

ခရမ်းရောင်ကျီးကန်း အဖွဲ့ဝင် တော်တော်များများ ထွက်ခွာသွားကြသည်။ သေဆုံးသွားသည့် လူများ ရှိသလို ခရမ်းရောင် အဖွဲ့ဝင်လေးဦးကို အသက်ရှင်လျက် ဖမ်းမိခဲ့သည်။

တိုက်ပွဲပြီးသွားပြီးနောက် လင်းဟွမ်သည် မြေပြင်ပေါ်သို့ ပြန်တက်လာသည်။ မည်သူမှ မမြင်နိုင်သော ထောင့်ကွယ်တစ်ခုကို ရှာပြီး လူပုံစံ

ပြန်ပြောင်း လိုက်ပြီးနောက် လျှန်ယုရှင်းထံ လျှောက်သွားလိုက်သည်။

## အခန်း(၃၈၃) – မမျှော်လင့်ထားသော အသိမိတ်ဆွေ

လျှန်ယုရှင်းသည် ဘေးကင်း လုံခြုံစွာ ပြန်ထွက်လာသော လင်းဟွမ်ကို မြင်လိုက်မှ စိတ်အေးသွားသည်။ သို့သော်လည်း အလောင်းများက မြေအောက်ထဲသို့ မဝင်သွားခင် အရိပ်များက အလောင်းအား ဖုံးအုပ်သွားသည်ကို ပြန်တွေးမိပြီးနောက် ထူးဆန်းသော အမူအရာနှင့် ကြည့်လိုက်သဖြင့်

"ဘာဖြစ်လို့ ငါ့ကို ဒီလိုကြည့်တာလဲ"

လင်းဟွမ်သည် သူမ၏ ထူးဆန်းသောအကြည့်ကို သတိထားမိပြီး တစ်ခုခု သံသယ ဖြစ်သွားမည်ကို စိုးရိမ်သွားသည်။

"အော်.. မင်း သေသွားပြီလားလို့ တွေးနေတာ"

လျှန်ယုရှင်းက လုံးဝ ပျက်စီးသွားသော ဒုတိယထပ်ရှိ ဗီအိုင်ပီ အခန်းများကို လက်ညှိုးညွှန်ပြပြီး ပြောလိုက်လျှင်

"အို ငါက အောက်ထပ်မှာ သန့်စင်ခန်းသုံးနေတာ။ ငါ ပြန်ထွက်လာတော့ ဗီအိုင်ပီအခန်းတွေက လုံးဝ ပျက်စီးနေပြီ."

လင်းဟွမ်က လက်နှစ်ဖက် ခါပြပြီး ပြောလိုက်ချိန်တွင်

"ဗီအိုင်ပီ အခန်းထဲမှာ သန့်စင်ခန်း မရှိဘူးလား"

လျှန်ယုရှင်းက လင်းဟွမ် လိမ်နေသည်ဟုထင်ပြီး မျက်မှောင်ကြုတ်သွားသည်။

"ဗီအိုင်ပီ အခန်းထဲမှာ သန့်စင်ခန်း ရှိပေမဲ့ သော့ပိတ်ထားတယ်။ ဖွင့်ဖို့အတွက် မင်းဆီက ဖိတ်စာကတ် လိုတယ်."

လင်းဟွမ်က ကူကယ်ရာမဲ့သော ပုံစံဖြင့် အမှန်အတိုင်း ပြောလိုက်၍

"သြော်.. ဟုတ်သားပဲ.. ငါမေ့သွားလို့.."

လျှန်ယုရှင်းသည် VIP အခန်းထဲ၌ သန့်စင်ခန်း အပါအဝင် ကန့်သတ်ချက်များစွာ ရှိကြောင်း ပြန်တွေးလိုက်မိသည်။

"ကံကောင်းတယ်။ ငါသာ သန့်စင်ခန်း မသွားမိရင် သေသွားနိုင်တယ်"

လင်းဟွမ်သည် ထိုကဲ့သို့ အကြောင်းပြချက်ကို ပြောနိုင်ခဲ့သည့်အတွက် ကျေနပ်စွာ ပြုံးလိုက်သည်။

လျှန်ယုရှင်းသည် ထိုကိစ္စကို ဆက်မပြောတော့ပေ။ လင်းဟွမ်က အလောင်းနှစ်လောင်းကို ရရှိသွားသူ ဟုတ်၊မဟုတ် သိရှိရန် သူမအတွက် မလိုအပ်ပေ။ ဆန်းကြယ်အဖွဲ့အစည်းကြီးသည် မကောင်းသော အဖွဲ့အစည်း တစ်ခုဖြစ်ပြီး သူမက တော်ဝင်မိသားစု တစ်ယောက် ဖြစ်နေသောကြောင့်

လျှို့ဝှက်ဆန်းကြယ် အဖွဲ့အစည်း အနုကြမ်း စီးခံရသည်ကို မြင်ရသည့်အတွက် ပျော်နေမိသည်။

"လေလံပွဲက ဆက်မလုပ်တော့ဘူး။ ငါက ဣန္ဒြာအပင်အတွက် ပိုက်ဆံ မပေးရသေးလို့ တောင်းပါသေးရဲ့။ ဒီလိုမှမဟုတ်ရင် တော်တော်လေး ရှုံးသွားမယ်"

လင်းဟွမ်က ပြုံးရင်း ပြောလိုက်သည်။

"သူတို့က မင်းကို ငွေအပြည့် ပြန်ပေးမှာပါ။ စိတ်ပူစရာ မလိုပါဘူး"

လျန်ယုရှင်းက ခေါင်းခါလိုက်သည်။

“လျို့ဝှက်ဆန်းကြယ် အဖွဲ့အစည်းမှာ အမှောင်ထဲက အလုပ်တွေ အများကြီး ရှိပေမယ့် သူတို့မှာ ဖောက်သည်တွေအတွက် အထင်ကြီးစရာ ကောင်းတဲ့ ဝန်ဆောင်မှုတွေလည်း အများကြီး ရှိတယ်။ သူတို့ကြောင့် ဖြစ်သွားတဲ့ ဆုံးရှုံးမှုတွေကို သေချာပေါက် ပြန်ပေးတယ်”

လျန်ယုရှင်းက ထပ်ပြောလိုက်သည်။

“ချမ်းသာတာပေါ့။ ဒါပေမယ့် ဒီတစ်ခါတော့ တော်တော်လေး ဆုံးရှုံးသွားမယ်ထင်တယ်။ သူတို့ရဲ့

ပစ္စည်းတွေ ဆုံးရှုံးသွားသလို တော်ဝင်ညှော်သည်တွေလည်း သေကုန်ပြီ။ ဒါက ငွေပမာဏအများကြီးပဲ။ နောက်ပြီးတော့ ဒီနေရာလည်းပြိုကျသွားပြီ ပြန်တည်ဆောက် ရဦးမှာ"

လင်းဟွမ်က ပတ်ပတ်လည်ကို လှည့်ကြည့်ရင်းပြောလိုက်သည်။

"အဖွဲ့ခွဲ (၂) က လျှို့ဝှက်ဆန်းကြယ်အဖွဲ့အစည်းအတွက် ပိုက်ဆံက ဘာအခပ်ပွဲါယ်မှ မရှိဘူး။ သူတို့ ဝမ်းနည်းတာက လူတစ်ပိုင်းနတ်ဘုရားတစ်ပိုင်း ဦးနှောက်အတွက်ပဲ ဖြစ်လိမ့်မယ်။

ဒါပေမယ့် အခုချိန်မှာ အရေးကြီးဆုံး ပြဿနာက ဆုံးရှုံးသွားတဲ့ ပြဿနာ မဟုတ်ဘူး။ ယုံကြည်မှု ကျဆင်းသွားတဲ့ အချက်ပဲ”

လျန်ယုရှင်းက သေသေချာချာ တွေးပြီးနောက်

“လေလံပွဲက တိုက်ခိုက် ခံရပြီး အင်မော်တယ်အဆင့် အစောင့်အရှောက်တွေလည်း သေသွားပြီ၊ VIP အချို့ကိုလည်း သတ်သွားတယ်။ အဖွဲ့ခွဲ (၇) မှာရှိတဲ့ လျှို့ဝှက်ဆန်းကြယ် အဖွဲ့အစည်းက အချိန်တော်တော် ကြာအောင်တောင် မတုံ့ပြန်နိုင်ခဲ့ဘူး။ တချို့အဖွဲ့ခွဲတွေမှာ ဆိုရင်

သက်ရောက်မှု ရှိကောင်း ရှိနိုင်တယ်။ နောက်ပြီးတော့ VIP အခန်းထဲကို ဝင်ခွင့်ပြုတဲ့ မိသားစုက ခြောက်စုပဲ ရှိတယ်။ သေသွားတဲ့လူက အဲ့ဒီ မိသားစု တစ်ခုခုထဲက တိုက်ရိုက် မျိုးဆက်ဆိုရင် ကိစ္စတွေက ပိုရှုပ်ထွေးလာလိမ့်မယ်”

လျန်ယုရှင်းသည် လျှို့ဝှက်ဆန်းကြယ် အဖွဲ့အစည်း၏ အလုပ်ကို ရပ်တန့်သွားစေချင်သောကြောင့် လျောင်သလိုလို ပြုံးနေသည်။

သူတို့ စကားပြောနေစဉ် လေထဲမှ အဘိုးကြီး တစ်ယောက် ဆင်းသက်လာသည်။ အစောပိုင်းက ပုယင်ကို မောင်းထုတ်ခဲ့သော အင်ပါယာအဆင့် လူသုံးယောက်ထဲမှ တစ်ယောက်ပင်

“ငါ့နာမည်က ရှောင်ဟုန်လင်း၊ ထိတ်လန့် တုန်လှုပ်သွားရတဲ့အတွက် ဟောတီမြို့ရဲ့ ကိုယ်စား တောင်းပန်ပါတယ်။ ဒီတိုက်ခိုက်မှုကို ဘယ်သူမှ သတိမထားလိုက်မိဘူး ခဏကြာရင် ကြီးကြပ်ရေးမှူးနဲ့ လက်ထောက်တွေ ရောက်လာ လိမ့်မယ်။ ဒီကိစ္စအတွက် စုံစမ်းစစ်ဆေးဖို့ လိုအပ်

ပါတယ်။ အချိန် နည်းနည်းလောက် ပေးကြပါ။ အားလုံးပဲ ကျေးဇူးပြုပြီးတော့ ပူးပေါင်းဆောင်ရွက်ပေးကြပါ”

တော်ဝင် မျိုးနွယ်စုများနှင့် လူအများစုသည် သူတို့ရှေ့မှ အဘိုးအိုသည် အင်ပါယာအဆင့် လူတစ်ယောက် ဖြစ်ကြောင်း သိနေသဖြင့် ချက်ချင်းခေါင်းညိတ်လိုက်ကြသည်။

မကြာခင် ကြီးကြပ်ရေးမှူး သုံးယောက်သည် လက်ထောက်များနှင့်အတူ ရောက်လာသည်။ ရောက်လာသောလူများက လေလံပွဲ

တက်ရောက်ခဲ့သော လူများကို နှစ်သိမ့်ပေးပြီးနောက် အဖြစ်အပျက်များကို စတင် မေးမြန်းခဲ့သည်။

ရှောင်ဟုန်လင်းသည် လေထဲတွင် ပျံသန်းပြီး သူ၏စိတ်စွမ်းအားဖြင့် ရှာကြည့်သော်လည်း မည်သည့်အရာကိုမှ မတွေ့ခဲ့ပေ။ သူရခဲ့သော တစ်ခုတည်းသော သဲလွန်စသည် မြေပေါ်သို့ ပြုတ်ကျသွားသော အလောင်းနှစ်လောင်းသည် အရိပ်များ ဖုံးလွှမ်းပြီး မြေကြီးထဲ တိုးဝင်သွားသည်ကိုသာ မြင်ခဲ့ရခြင်းပင်။

“အနက်ရောင်အရိပ်တွေက အရိပ်အမျိုးအစား လျှို့ဝှက် စွမ်းရည်ကို ကျွမ်းကျင်တာလား။ ဒါမှ မဟုတ် ဆင့်ခေါ်ထားတဲ့ အရိပ်တစ်ခုခုများ ဖြစ်နေမလား။ အစောပိုင်းကတွေ့ခဲ့တဲ့ ငရဲနဂါးနဲ့ ဆက်စပ်ကြည့်ရမယ်ဆိုရင် နောက်ပိုင်း အဖြစ်အပျက်က ဖြစ်နိုင်ချေ ပိုများတယ်”

“အဲ့ဒါက ပုန်းကွယ်နေတဲ့ ထိန်းချုပ်သူနဲ့ ပတ်သတ်နေလိမ့်မယ်.. ပြီးတော့ အင်မော်တယ်အဆင့် လူတွေက ကီလိုမီတာ တစ်ထောင်းအတွင်း ထောက်လှမ်းလို့ မရဘူးဆိုတော့

ထိန်းချုပ်သူက ဒီနေရာက အဖြစ်အပျက်တွေကို ထိန်းချုပ်နိုင်ဖို့အတွက် အဝေးရောက် ထောက်လှမ်းတဲ့ နည်းလမ်းတချို့ ပိုင်ဆိုင်ထားလိမ့်မယ်။ ဝေးပေမယ့် လူတစ်ပိုင်း နတ်ဘုရားတစ်ပိုင်း အကြွင်းအကျန်ကို ရသွားတာ ဖြစ်လိမ့်မယ်"

အင်ပါယာအဆင့် အဘိုးအိုသည် ထိုကဲ့သို့ တွေးတောပြီးနောက် ကောက်ချက် ချလိုက်သည်။

သို့သော်လည်း ထိန်းချုပ်သူက အင်မော်တယ်အဆင့် ထက်ပင် နိမ့်ကျသော

လူငယ်တစ်ယောက် ဖြစ်နိုင်တယ် ဆိုသည့်အချက်ကို ထည့်သွင်း မစဉ်းစားခဲ့ပေ။

သူ့အတွက်မူ အင်မော်တယ်အဆင့်အောက်ရှိ မည်သူကမျှ ငရဲနဂါးကဲ့သို့ မွန်းစတားတစ်ကောင်ကို ထိန်းချုပ် နိုင်လိမ့်မည်ဟု မယူဆထားခဲ့ပေ။ ထို့ကြောင့် သူ့ကောက်ချက်အတွင်းမှ လင်းဟွမ် တစ်ယောက် လွတ်မြောက်သွားခဲ့သည်။

စုံစမ်းစစ်ဆေးမှု ပြီးဆုံးသွားသောအခါ ညနေ ခြောက်နာရီ ကျော်သွားခဲ့ပြီး လူအများစု ထွက်ခွာ သွားကြသည်။

လင်းဟွမ်နှင့် လျှန်ယုရှင်းတို့ ထွက်ခွာရန် လုပ်လိုက်စဉ် အနောက်ဘက်မှ အော်သံတစ်ခုကို ကြားလိုက်ရသဖြင့်

"လင်းဟွမ်လား.."

နောက်လှည့်ကြည့်လိုက်ရာ အနက်ရောင်ကုတ်အင်္ကျီ ဝတ်ဆင်ထားသော ဖန်ဝမ်ကို တွေ့လိုက်ရသည်။ သူက အဖမ်းခံရသော ခရမ်းရောင်ကျီးကန်း အဖွဲ့ဝင်များထဲမှ တစ်ယောက် ဖြစ်နေပြီး သူ့ကို နတ်ဆိုးသော့ဖြင့် ချုပ်နှောင် ထားသည်။

"တကယ်ပဲ မင်းလား။ သေသွားပြီလို့ ထင်နေခဲ့တာ"

ဖန်ဝမ်သည် လုံးဝ တုန်လှုပ်နေသည်။

အားလုံးက လင်းဟွမ်ကို ရန်လိုသောပုံစံဖြင့် စိုက်ကြည့် နေကြကာ လူတိုင်း၏ ပထမဆုံးအတွေးသည် လင်းဟွမ်က ခရမ်းရောင် ကျီးကန်း အဖွဲ့ဝင်တစ်ယောက် ဖြစ်လိမ့်မည်။ သို့သော်လည်း လျန်ယုရှင်း၏ ဘေးနားတွင် ရှိနေသဖြင့် ပဟေဠိ ဖြစ်သွားကြသည်။

လင်းဟွမ်သည် လေလံပွဲထဲမှ ထွက်ခွာခါနီး၌ ဖန်ဝမ်နှင့် ထိပ်တိုက် တွေ့ဆုံရလိမ့်မည်ဟု မမျှော်လင့်ထားသောကြောင့် စိတ်ပျက်သွားသည်။

ဖန်းဝမ်ဆိုသည်မှာ မည်သူနည်း။

လင်းဟွမ် မရောက်ခင် ခရမ်းရောင်ကျီးကန်း အဖွဲ့လေ့ကျင့်ရေး စခန်းထဲတွင် ဦးဆောင်သူစာရင်း၌ နံပါတ်တစ် ရှိနေသောလူပင်

“သူ့ကိုဖမ်း”

လေထဲတွင်ပျံသန်းနေသော ရှောင်ဟုန်လင်းက ညွှန်ကြားလိုက်သည်။

"နေဦး.."

လင်းဟွမ်က အော်ဟစ်လိုက်သည်။

"ငါတို့ အချင်းချင်း သိကြတယ်။ ဒါပေမဲ့ ငါက ခရမ်းရောင်ကျီးကန်း အဖွဲ့ဝင် မဟုတ်ဘူး။ ငါ့မှာ သက်သေ ရှိတယ်"

"မင်းရဲ့သက်သေ ဆိုတာက အတင်းအကျပ် ဖိအားပေး ခံထားရတဲ့ လျှန်မိသားစုက ကောင်မလေးကို ပြောချင်တာလား"

ရှောင်ဟုန်လင်းက ဟွန့်ခနဲ အသံတစ်ချက်ပြုပြီး လျှန်ယုရှင်းကို လင်းဟွမ်အနားမှ လှမ်းဆွဲ ထုတ်သွားသည်။

"အခု ဘာပြောစရာ ရှိသေးလဲ"

"ငါက မစ္စတာဖူးရဲ့ တပည့်ပဲ။ သူ့ကို သက်သေအဖြစ် ခေါ်ချင်တယ်"

လျန်ယုရှင်းသည် လေထဲတွင် ပျံသန်းနေသော ရှောင်ဟုန်လင်းကို ကြည့်ကာ မည်ကဲ့သို့ ပြောရမလဲဆိုသည်ကို တွေးလိုက်သည်။

"သူ့နာမည်က လင်းဟွမ်ပါ။ တကယ်ပဲ မစ္စတာဖူးရဲ့ တပည့်ပါ"

လျန်ယုရှင်းသည် လင်းဟွမ်၏ စကားကို စိတ်ချယုံကြည်ပြီး အာမခံလိုက်သည်။

"မစ္စတာဖူးလား။ အဲ့ဒီ မစ္စတာဖူးလား"

ရှောင်ဟုန်လင်းက လျှန်ယုရှင်းကို လှည့်ကြည့် လိုက်သဖြင့်

သူမက ခေါင်းညိတ်ပြသည်။

လင်းဟွမ်က မစ္စတာဖူးထံ ချက်ချင်း ဖုန်းဆက်ပြီး အခြေအနေကို ပြောပြလိုက်သည်။ ဖုန်းချပြီးသည်နှင့် မစ္စတာဖူးက ရှောင်ဟုန်လင်းထံ ချက်ချင်း ဖုန်းခေါ်လိုက်သည်။

ရှောင်ဟုန်လင်းသည် ဖုန်းမကိုင်ခင် လင်းဟွမ်ကို တစ်ချက် စိုက်ကြည့်လိုက်သည်။ ခဏအကြာ

ဖုန်းပြောပြီးနောက် သူ့ကို တိုတိုတုတ်တုတ် ပြန်ပြောလိုက်သည်။

“မင်း ထွက်သွားလို့ ရပြီ”

ရှောင်ဟုန်လင်းက လင်းဟွမ်ကို ခေါင်းညိတ် ပြလိုက်သည်။

“လင်းဟွမ် မင်းက သစ္စာဖောက်ပဲ”

ဖန်ဝမ်က အော်ဟစ်လိုက်သည်။ သူသည် တစ်လကျော် ကြာအောင် ဦးနှောက်ဆေးကြောခြင်း

ခံရပြီးနောက် ခရမ်းရောင် ကျီးကန်း အဖွဲ့အစည်းအပေါ် သစ္စာ ရှိလာခဲ့သည်။

"ဖန်းဝမ်။ အရင်ကတည်းက ငါဟာ ခရမ်းရောင် ကျီးကန်း အဖွဲ့အစည်းထဲ မဝင်ချင်ဘူး။ ငါ့ကို လေ့ကျင့်ရေးစခန်းထဲ အတင်းခေါ်လာတဲ့လူက ဟုန်ကျန်း ဆိုတဲ့ အမျိုးသမီးပဲ။ ပထမနေ့ ကတည်းက ထွက်ပြေးဖို့ စီစဉ်နေတာ"

"မင်းကို မေးခဲ့တယ်လေ မှတ်မိသေးလား။ ငါ မသေခင် စခန်းထဲမှာ အလောင်းတွေကို ဘယ်လို ကိုင်တွယ်လဲဆိုတာ ။ အဲ့ဒါကို မေးကတည်းက ငါက

သေဆုံးမှုကို အတုပြုလုပ်ဖို့ ပြင်ဆင်နေခဲ့တာ။ လေ့ကျင့်စခန်းမှ လွတ်မြောက်ဖို့အတွက် အမာရွတ် မျက်နှာနဲ့လူနဲ့ ဟုန်ကျန်းတို့ကို လှည့်စားနိုင်ဖို့ လုပ်ခဲ့တာပဲ။ ငါက သူတို့ရဲ့လုပ်ရပ်ကို တစ်ခါမှ သဘောမတူခဲ့လို့ ခရမ်းရောင်ကျီးကန်း အဖွဲ့အစည်းကို ဘယ်တုန်းကမှ သစ္စာမခံခဲ့ဘူး”

လင်းဟွမ်က ဖန်ဝမ်ရှေ့တွင် ရှင်းပြလိုက်သည်။

လင်းဟွမ်သည် ဖန်ဝမ်က မည်ကဲ့သို့ တုံ့ပြန်ပါစေ စိတ်ထဲ မထားတော့ဘဲ လေလံခန်းမထဲမှ ထွက်သွားသည်။

## အခန်း(၃၈၄) - ချီမူရှုံး၏ လျှို့ဝှက်ချက်။

အစပိုင်းတွင် လင်းဟွမ်သည် သူ့ကို လေလံပွဲသို့ ခေါ်ဆောင်ပေးလာသော လျန်ယုရှင်းအား ကျေးဇူးပြန်ဆပ်သည့် အနေဖြင့် ဝပ်ကျင်းထဲတွင် လှည့်ပတ် သွားလာချင်ခဲ့သော်လည်း ညစာစားပြီးနောက် ထွက်ခွာရန် ဆုံးဖြတ်ခဲ့ကြသည်။

လင်းဟွမ်သည် ဟောတီမြို့တွင် တစ်ယောက်တည်း နေရသည်ကို ငြီးငွေ့လာပြီးနောက် ည ရှစ်နာရီ ကျော်ပြီးနောက်

အဖြူရောင်မြို့တော်သို့ ပြန်သွားရန် ဆုံးဖြတ်လိုက်၏။

ညနက်သန်းခေါင် အချိန်၊ အဖြူရောင် မြို့တော်ရှိ (အေ) အဆင့် ဇိမ်ခံဟိုတယ် တစ်ခုထဲ......

လင်းဟွမ်သည် အင်ပါယာနှလုံးသား လက်စွပ်နှစ်ကွင်းကို ထုတ်ယူလိုက်သည်။ ဒါသည် လေလံပွဲထဲမှ အင်မော်တယ် လူသားနှစ်ယောက် ပိုင်ဆိုင်သော လက်စွပ်ပင်

"မင်းက လူတပိုင်း နတ်ဘုရားတပိုင်း ဦးနှောက်ကို ရရှိပြီး တာဝန်ကို အောင်မြင်သွားတဲ့အတွက် ဆုလာဘ် - မှတ်ဉာဏ်ကတ် တစ်ကတ်"

"ဒါကို တာဝန် အောင်မြင်တယ်လို့ သတ်မှတ်တာလား"

လင်းဟွမ် ခေါင်းရှုပ်သွားသည်။

"ဟုတ်တယ်၊ လူတပိုင်း နတ်ဘုရားတပိုင်း ဦးနှောက်ကို အင်ပါယာနှလုံးသား လက်စွပ်ထဲကနေ ငါ ထုတ်ယူပြီးတာနဲ့ တာဝန်ပြီးသွားပြီ"

“မင်းက ပိုင်ရှင်မရှိတဲ့ အင်ပါယာ နှလုံးသား လက်စွပ်ထဲကနေ ပစ္စည်းတွေကို ထုတ်ယူနိုင်တာလား”

လင်းဟွမ် မျက်ခုံးပင့်သွားသည်။

“နောက်ဆုံး အကြိမ်က အင်ပါယာနှလုံးသား လက်စွပ်ကို ဖွင့်ဖို့အတွက် ရန်လင်းကို (၃၀) ရာခိုင်နှုန်း ကော်မရှင် ပေးခဲ့ရတယ်။ အဲ့ဒီအချိန်က ဘာဖြစ်လို့ မပြောတာလဲ”

လင်းဟွမ်က မေးလိုက်လျှင်

"ငါ အဲ့ဒါတွေကို မလုပ်နိုင်ဘူး။ ဒါပေမယ့် ဒီတစ်ကြိမ်မှာတော့ တာဝန်အရ ရရှိတဲ့ လက်စွပ်ဖြစ်လို့ ထုတ်ယူခွင့် ရှိတယ်။ အနည်းဆုံးတော့ တာဝန်ပစ္စည်းတွေက လွဲရင် တခြားအရာတွေကို မထုတ်ယူနိုင်ဘူး"

"အမ်..."

လင်းဟွမ်သည် သူနားလည်မှု လွဲသွားကြောင်း သိလိုက်၍

"အိုး... ဟုတ်ပြီ။ ဘယ်လက်စွပ်ထဲမှာ လူတပိုင်း နတ်ဘုရားတပိုင်း ဦးနှောက် ရှိတာလဲ"

"ဖိန်ရွှမ်ရဲ့ လက်စွပ်"

"လှျို့ဝှက်ဆန်းကြယ် အဖွဲ့အစည်းက လူတွေက တော်တော်လေး တုံးတာပဲ။ တော်တော်တုံးတဲ့ အဖိုးကြီး။ ခရမ်းရောင်ကျီးကန်း အဖွဲ့အစည်းက လူတွေကို ပစ္စည်းက သူနဲ့အတူ ရှိနေတဲ့ အကြောင်းတောင် ပြောလိုက်သေးတယ်"

လင်းဟွမ်က ရေရွတ်လိုက်သည်။

ခရမ်းရောင် ကျီးကန်း အဖွဲ့အစည်း၏ တိုက်ခိုက်မှုကြောင့် သူ့ခရီးစဉ်သည် အနှောင့်အယှက်

ဖြစ်ခဲ့ရသော်လည်း ထိုအဖြစ်အပျက်ထဲတွင် အကျိုးအမြတ် အများဆုံးရခဲ့သည့်လူ ဖြစ်လာခဲ့သည်။

အင်မော်တယ်အဆင့် အလောင်း သုံးလောင်း၊ လူတပိုင်းနတ်ဘုရားတပိုင်း ဦးနှောက် အပါအဝင် လေလံတင် ရောင်းချနိုင်သော ပစ္စည်း အများအပြား၊ ရွှေမီးလျှံအဆင့် မွန်းစတားကတ် သုံးကတ်နှင့် ဂန္ဓဝင်အဆင့် စွမ်းရည်ကတ် နှစ်ခု ရရှိခဲ့သည်။

သူသည် လေလံပွဲတက်တုန်းက ဣန္ဒြေ ဆေးပင်ကိုသာ လိုချင်ခဲ့သော်လည်း အရာအားလုံးကို စိတ်မကောင်းစွာ လက်ခံလိုက်သည်။

"မှတ်ဉာဏ်ကတ်ရဲ့ လုပ်ဆောင်ချက်က ဘာလဲ"

လင်းဟွမ်သည် တာဝန် ပြီးခဲ့သည့်အတွက် ရရှိခဲ့သော ဆုကြေးကတ်ကို ထုတ်ယူလိုက်သည်။

ကတ်ပေါ်တွင် ရွှေရောင်ဦးနှောက် ပုံစံပါရှိသော ရွှေရောင် ကတ်တစ်ကတ် ဖြစ်သည်။ မြင်ရ ကြည့်ရသည်မှာ ထူးဆန်းလှသည်။ ထို့နောက် အသေးစိတ် ရှင်းလင်းချက်ကို ဖတ်ကြည့်ရန် ကတ်ကိုလှန်လိုက်သည်။

"မှတ်ဉာဏ်ကတ် (အသက်ဝင်) - ဒီကတ်ကို အသက် သွင်းလိုက်တာနဲ့ အသုံးပြုသူ

သိမ်းဆည်းချင်တဲ့ အချက်အလက် မှန်သမျှကို သိမ်းဆည်းနိုင်တယ်။ အဲဒီနောက် အသုံးပြုသူရဲ့ ဦးနှောက်ထဲမှာ ရှိနေပြီး သီးခြားမှတ်ဉာဏ် တစ်ခုလို အလုပ် လုပ်လိမ့်မယ်”

“မှတ်ချက် (၁) ထည့်သွင်းတဲ့ အချက်အလက်တွေက အခြေအနေ ကောင်းမွန်ရမယ်”

“မှတ်ချက် (၂) အချက်အလက်က အခြား ဘယ်သူနဲ့မှ မသက်ဆိုင်ဘဲ ကတ်အသုံးပြုသူနဲ့သာ သက်ဆိုင်တယ်”

"မှတ်ချက် (၃) ထည့်သွင်းထားတဲ့ အချက်အလက်တွေကို အလိုလို အမျိုးအစားခွဲပေးမယ်"

"မှတ်ချက် (၄) ပျောက်ဆုံးနေတဲ့ အချက်အလက်တွေကို မှတ်ဉာဏ်ကတ်က တတ်နိုင်သလောက် ပြုပြင်ပေးမယ်"

"မှတ်ချက် (၅) အသုံးပြုသူရဲ့ ဦးနှောက် ထိခိုက်မှုကို ကာကွယ်ရန်အတွက် ထည့်သွင်းတဲ့ အချက်အလက်တွေကို အသုံးပြုသူရဲ့ တိုက်ခိုက်ရေး အဆင့်နဲ့ ကန့်သတ်ထားတယ်"

"မှတ်ချက် (၆) ကတ်က တစ်ဦး တစ်ယောက်တည်း အတွက်ပဲ တည့်ရှိတယ်။ ဒါကို အသုံးပြုလိုက်လို့ ဦးနှောက်ပျက်စီးတာတို့ ယိုယွင်း သွားတာတို့ မဖြစ်နိုင်ဘူး"

"မှတ်ချက် (၇) ကတ်ကို တစ်ကြိမ်ပဲ အသက် သွင်းနိုင်တယ်"

"မှတ်ချက် (၈) ဒီကတ်ကို အသက် သွင်းလိုက်တာနဲ့ ချီမူရှုံး ဦးနှောက်က အချက်အလက် တစ်စိတ်တစ်ပိုင်း အနေနဲ့ ပါလာလိမ့်မယ်။"

"ဒါဆိုရင် ငါ့ဦးနှောက်ထဲမှာ မှတ်ဉာဏ် ကတ်တစ်ခု အပို ရှိနေတာလို့ ပြောချင်တာလား"

လင်းဟွမ်သည် ရှင်းလင်းချက်ကို ဖတ်ပြီးနောက် ရှောင်ဖိန်ကို မေးလိုက်လျှင်

"အေးပေါ့။ အဲဒီလိုပဲ ဆိုပါတော့"

"ကတ်ကို အသုံးပြုဖို့အတွက် ကန့်သတ်ချက်တွေ ရှိသေးလား"

"မရှိဘူး။ မှတ်ဉာဏ်နေရာ လုံလောက်နေသရွေ့ မင်းခန္ဓာကိုယ်ထဲမှာ လိုချင်တဲ့ အချက်အလက်တွေ

ဘာမဆို သိမ်းဆည်းနိုင်တယ်။ မင်းဦးနှောက်ကို ထိခိုက် ပျက်စီးစေမှာ မဟုတ်ဘူး။ ဒါပေမယ့် မှတ်ဉာဏ်ကတ်က ရှားပါးကတ် တစ်ခုလို့ ယူဆလို့ရတယ်၊ ဒါကြောင့် အသုံးမပြုခင် သေသေချာချာ စဉ်းစားဖို့ အကြံပေးချင်တယ်။ ဒီလောက်ပဲ”

“ဩြော်... ဟုတ်တာပေါ့။ လူတပိုင်း နတ်ဘုရားတပိုင်း ဦးနှောက်ရဲ့ အောက်မှာရှိနေတဲ့ အချက်အလက် တစ်ခုတည်းကိုပဲ သိမ်းဆည်းထားရင် ဖြုန်းတီးရာ ကျမှာပေါ့”

လင်းဟွမ်သည် ဤကတ်က မည်မျှ တန်ဖိုးရှိကြောင်း သိနေသည်။

"လူတပိုင်း နတ်ဘုရားတပိုင်း ချီမူရှုံးရဲ့ ဦးနှောက်ကို အမွေဆက်ခံခြင်း"

လင်းဟွမ်သည် ကတ်နှောက်တစ်ခုကို ကြည့်ပြီးနောက် ရင်ခုန်သံ မြန်လာသည်။ အသက် ခပ်ပြင်းပြင်းလေး ရှူလိုက်ပြီး

"ဒီကတ်ကို သုံးချင်တယ်"

ထို့နောက် ရွှေရောင်ကတ်သည် ရွှေရောင် အလင်းအဖြစ် ပြောင်းလဲသွားပြီး လင်းဟွမ်၏ မျက်ခုံးကြားထဲသို့ တိုးဝင်သွားသည်။ ခဏအကြာ ရွှေရောင်အလင်းများ မှိန်ဖျော့သွားပြီး လင်းဟွမ်သည် သူ့ဦးနှောက်ထဲသို့ တစ်ခုခု ထိုးထည့်လိုက်သလို ခံစားလိုက်ရသည်။

သို့သော်လည်း သန့်ရှင်း မီးလျှံအဆင့် မဟုတ်သောကြောင့် သူ့ဦးနှောက်က မစူးစမ်း မလေ့လာ နိုင်ပေ။ မှတ်ဉာဏ်ကတ် တည်ရှိနေကြောင်းကိုတော့ ခံစားမိသည်။

အသိစိတ် ဝင်လာသည်နှင့် တစ်ပြိုင်နက် လင်းဟွမ်က ကတ်၏မှတ်ဉာဏ်ကို ထိတွေ့လာနိုင်သည်။ အိပ်မက်တစ်ခု ကဲ့သို့ပင်။

သူ၏မြင်ကွင်းထဲတွင် ချီမူရှုး၏ဘဝကို စတင်နေထိုင်ခဲ့သည့် အရာအားလုံးကို မြင်နေရကာ သူမွေးဖွားသည့် အချိန်မှ စတင်ခဲ့ခြင်းပင်

သူမွေးဖွားပြီး နှစ်ရက်အကြာ လူသားဘာသာစကားကို သင်ယူနိုင်ခဲ့ပြီး သူ၏စိတ်ဝိညာဉ်က အခြားလူတစ်ယောက်၏ ဦးနှောက်ထဲတွင် စီးဆင်းနေခဲ့သည်။ သူကိုယ်တိုင် ရှာဖွေတွေ့ရှိခဲ့သော

လွင့်မျောခြင်း စွမ်းရည် အကူအညီဖြင့် တစ်ပတ်သားအရွယ်တွင် လမ်းလျှောက်နိုင်ခဲ့သည်။

အသက်တစ်နှစ် အရွယ်မှာ အိမ်မှုကိစ္စ အမျိုးမျိုးကို လုပ်တတ်လာပြီး လက်တွေ့ကမ္ဘာကို ပြောင်းလဲသလို လက်တွေ့ဘဝကိုလည်း ပြောင်းလဲခဲ့သည်။

အသက်သုံးနှစ် အရွယ်တွင် သူ၏စွမ်းရည်သည် ရွှေအဆင့်နှင့် နှိုင်းယှဉ်နိုင်ခဲ့သည်။ ခုနစ်နှစ်သား အရွယ်တွင် အင်ပါယာအဆင့်သို့ ရောက်ရှိခဲ့ကာ အသက် (၁၅) နှစ် အရွယ်တွင် လူတပိုင်း နတ်ဘုရားတပိုင်း ဖြစ်လာခဲ့သည်။

သူသည် နတ်ဘုရားဖြစ်ရန် ခြေတစ်လှမ်းသာ လိုတော့သည့် အချိန်၌ မျက်လုံးတုများစွာ ပွင့်လာပြီး မွန်းစတားများ အလုံးအရင်းနှင့် ကျူးကျော် လာသောကြောင့် စစ်တိုက်ရန်အတွက် အဖွဲ့နှင့် ပူးပေါင်းခဲ့သည်။

စစ်ပွဲသည် နှစ်နှစ်ကျော် ကြာခဲ့ပြီး ကမ္ဘာကြီးလည်း ပျက်စီးခဲ့သည်။ ထိုတိုက်ပွဲအထဲတွင် လူတပိုင်း နတ်ဘုရားတပိုင်း (၁၈) ပါးနှင့် နောက်ဆုံးကျန်ရှိခဲ့သော နတ်ဘုရားလည်း သေဆုံး သွားခဲ့သည်။

သို့သော်လည်း ထိုချိန်က အသက်ရှင်ပြီး ကျန်ခဲ့သော လူတပိုင်းနတ်ဘုရားတပိုင်း များသည် ကံကြမ္မာစက်ဝိုင်းများ ထိခိုက်ဒဏ်ရာရပြီး ကျိုးကြေ ပျက်စီးခဲ့သည်။

ကမ္ဘာကြီး နိယာမ ပြောင်းလဲသွားပုံရပြီး ချီမူရှုံးနှင့်အခြားသော လူတစ်ပိုင်း နတ်ဘုရား တစ်ပိုင်းများသည် ထစ်ဆို့သွားပြီး နတ်ဘုရားအဆင့်သို့ တက်လှမ်းနိုင်ခြင်း မရှိတော့ပေ။ ကံကြမ္မာ စွမ်းအား မရှိတော့သဖြင့် သေဆုံး သွားခဲ့သည်။

"ဒါဆို ချီမူရှုံးကလည်း ခရီးသွားတစ်ယောက်ပေါ့"

လင်းဟွမ်သည် ဒုတိယမြောက် မနက်၌ အိပ်မက်ထဲမှ ပြန်လည် နိုးထလာခဲ့သည်။

လင်းရှင်သည် လင်းဟွမ် အနားယူနေသည်ကို မနှောင့်ယှက်ဘဲ ကိုင်လီနှင့်အတူ နေ့လည်စာ စားရန် ထွက်သွားသည်။

လင်းဟွမ်သည် ချီမူရှုံး၏ဘဝကို သူ့ရှုထောင့်မှ ကြည့်ရင်း ဒဏ္ဍာရီလာ လူတပိုင်းနတ်ဘုရားတပိုင်း ပုဂ္ဂိုလ်၏ အကြီးမားဆုံး လျှို့ဝှက်ချက်ကို တွေ့ရှိခဲ့သည်။ သူသည် ခရီးသွားတစ်ယောက်

ဖြစ်နေခဲ့သော်လည်း သူလာခဲ့သော ကမ္ဘာမြေမှ ခရီးသွားတစ်ယောက် မဟုတ်ဘဲ အခြားကမ္ဘာမှ ဖြစ်နေသည်။

ထိုကမ္ဘာကြီးတွင် ပို၍ပင် အစွမ်းထက်သော သဘာဝ နိယာမများ ရှိကာ ချီမူရှုံး၏ မှတ်ဉာဏ်များအရ ထိုကမ္ဘာတွင် အစစ်အမှန် နတ်ဘုရားများ ရှိပုံရသည်။

ချီမူရှုံး၏ ရွှေလက်ချောင်း စနစ်သည် လက်သီးဆုပ်အရွယ်အစား ရှိသော စွမ်းရည်

အရင်းအမြစ်ဖြစ်ပြီး သူ ဤမျှ မြန်ဆန်အောင် အဆင့်တက်နိုင်ခဲ့သော အဓိက အကြောင်းအရင်းပင်

ချီမူရှုံးသည် ဒဏ်ရာမှ ပြန်လည် မသက်သာနိုင်ကြောင်း သိလိုက်သည်နှင့် ခန္ဓာကိုယ်ထဲမှ စွမ်းရည်အရင်းအမြစ်ကို ဖယ်ရှားပြီး ဟင်းလင်းပြင် အပျက်အစီးနေရာ တစ်ခုထဲတွင် ပုန်းအောင်းနေခဲ့သည်။ ထို့နောက် ဒဏ်ရာများက ပိုမိုပြင်းထန်လာခဲ့ပြီး လျှင်မြန်စွာ သေဆုံးသွားခဲ့သည်။

သို့သော်လည်း လင်းဟွမ်သည် စွမ်းရည် အရင်းအမြစ်ကို မည်သည့်နေရာ၌ သိမ်းဆည်းထားခဲ့လဲ ဆိုသည်ကို မတွေ့ခဲ့ရပေ။ သူ၏လက်ရှိ တိုက်ခိုက်ရေး အဆင့်ကြောင့် အချက်အလက်ကို ပြန်လည် မရယူနိုင်သဖြင့် အလွန်မြင့်မား နေလိမ့်မည်ဟု တွေးလိုက်သည်။

"ယခုလက်ရှိမှာ လူတပိုင်း နတ်ဘုရားတပိုင်းရဲ့ ဟင်းလင်းပြင် အပျက်အစီးက ငါကိုင်တွယ်နိုင်တဲ့ အရာ မဟုတ်သေးဘူး။ ငါ အင်ပါယာအဆင့် ရောက်တဲ့အချိန်မှပဲ အဲဒီ ဟင်းလင်းပြင်

အပျက်အစီးနေရာကို ရှာဖွေဖို့ အခွင့်အရေး ရှိလိမ့်မယ်”

လင်းဟွမ်သည် ကိုယ်အနေအထား ကိုယ်သိသည်။ ထို့နောက် ချီမူရှုံး၏ လေ့ကျင့်မှုကို လေ့လာရန် ပြင်ဆင်နေစဉ် လင်းရှင်က တံခါးခေါက်ကာ

“အစ်ကို... နိုးပြီလား... ငါ နေ့လယ်စာ ယူလာတယ်...”

“အင်း အင်း.....ငါ ရေချိုးလိုက်ဦးမယ်။ အဲဒီမှာ ခဏစောင့်နေ”